# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၄၈)


# လက်ရှိမြန်မာနိုင်ငံ၌ အတွင်းတိမ်ရောဂါဖြစ်ပွားနေသူ သုံးသိန်းခွဲခန့်ရှိ နှစ်စဉ်ခွဲစိတ်ပေးနိုင်သော အရေအတွက်မှာ တစ်သိန်းကျော်သာဖြစ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး မဲခေါင်ဒေသအလင်းရောင်ခရီးစဉ်၏ မျက်စိအတွင်းတိမ်ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး (နေပြည်တော်)၌ ကျင်းပသည့် မဲခေါင်ဒေသအလင်းရောင်ခရီးစဉ်၏ မျက်စိအတွင်းတိမ်ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူ ၂၄၆ သန်းနှင့် မျက်စိကွယ်သူ ၃၉ သန်းခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများအနက် အဓိကမျက်စိမမြင်ခြင်းကို

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အတွင်းတိမ်ရောဂါဝေဒနာရှင်များကို ကွင်းဆင်းရှာဖွေပေးခြင်း၊ အခမဲ့ ခွဲစိတ်ကုသမှုပြုလုပ်ပေးခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရမည်

## မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

သတင်း၊ စာမျက်နှာ-၃


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ဘက်ပေါင်းစုံကိုင်တွယ်ရမည့် ပြည်သူတို့၏ ကျန်းမာရေးအန္တရာယ်

ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဟူသော စကားသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ခြုံငုံစဉ်းစားပါက ပိုမိုလေးနက်သော အဓိပ္ပာယ်ရှိပါသည်။ နိုင်ငံသူ နိုင်ငံသားတို့အပေါ် ကျရောက်နိုင်သော ကြိုတင်ဟန့်တားကာကွယ်နိုင်သည့် ရောဂါတို့ကို ကြိုတင်ဟန့်တားကာကွယ်နိုင်ပါက တိုင်းပြည်အတွက် မလိုလားအပ်သော ကျန်းမာရေးကုန်ကျစရိတ်တို့ကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပြည်သူတစ်ဦးချင်းအတွက်လည်း မလိုလားအပ်သော ကျန်းမာရေးစရိတ် ဝန်ထုပ်ဝန်ပိုးတို့ကို လွတ်ကင်းစေမည်ဖြစ်ပါသည်။

တိုင်းပြည်အတွင်း ရောင်းချနေသော ငရုတ်သီးမှုန့် ကုန်အမှတ်တံဆိပ် ၇၅ မျိုးတွင် ၁၅ မျိုးသာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **(FDA)** ၏ ထောက်ခံချက်ရရှိထားသည်ဟု သိရှိရပါသည်။ ကျန်ငရုတ်သီးမှုန့် ကုန်အမှတ်တံဆိပ် ၆၀ နှင့်ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **(FDA)**၏ ထောက်ခံချက်မရှိဟူသော အဓိပ္ပာယ်သည် အဆိုပါငရုတ်သီးမှုန့် ကုန်အမှတ်တံဆိပ် ၆၀ သည် ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်ဟူသော အဓိပ္ပာယ်သက်ရောက်ပါသည်။

ငရုတ်သီးမှုန့်တွင်ပါဝင်သော မှိုသည် အခြားသော ကျန်းမာရေးထိခိုက်မှုများနှင့်အတူ အသည်းကင်ဆာကိုလည်း ဖြစ်ပွားစေနိုင်ပါသည်။ မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလူထုတစ်ရပ်လုံး၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုတွင် ငရုတ်သီးမှုန့်သည် မပါမဖြစ်ပါဝင်ရသော အခြေခံစားသောက်ကုန်တစ်မျိုး ဖြစ်ပါသည်။ ဤအချက်တို့ကို ဆက်စပ်စဉ်းစားပါက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအပေါ် ကြီးမားသော ကျန်းမာရေးအန္တရာယ်ကြီး ကျရောက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **(FDA)**က ၎င်းတို့ထံ တင်ပြစစ်ဆေးမှုခံယူ၍ မှတ်ပုံတင်မထားသော ငရုတ်သီးမှုန့်များကို တစ်ပတ်အတွင်း ပြန်လည်သိမ်းယူရန် ညွှန်ကြားထားပြီး ထိုသို့ပြန်လည်သိမ်းယူခြင်းမရှိပါက အဆိုပါ ငရုတ်သီးမှုန့်များကို သိမ်းဆည်းအရေးယူရန် ညွှန်ကြားထားကြောင်း သိရှိရပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **(FDA)**၏ ဆောင်ရွက်ချက်သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ခြင်းဖြစ်၍ ကြိုဆိုရမည့် ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်ပါသည်။

သို့သော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန **(FDA)**၌ စစ်ဆေးခံ မှတ်ပုံတင်မထားသော ငရုတ်သီးမှုန့်ကုန်အမှတ်တံဆိပ် ၆၀ အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိမ်းဆည်းအရေးယူခြင်းကို လက်တွေ့မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်နိုင်မည်ကို သုံးသပ်ရန်လိုအပ်မည်ဟု ယူဆပါသည်။ ပြည်သူတို့၏ ကျန်းမာရေးကို ဒုက္ခပေးနိုင်သော အဆိုပါငရုတ်သီးမှုန့်တို့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိမ်းဆည်းအရေးယူနိုင်ခြင်းမရှိပါက ပြည်သူတို့၏ ကျန်းမာရေးကို ဆက်လက်ဒုက္ခပေးနေမည် ဖြစ်ပါသည်။ ပြည်သူတို့၏ ကျန်းမာရေးကို ဒုက္ခပေးနိုင်သည့် ငရုတ်သီးမှုန့်တို့ကို တာဝန်သိသိ ပြန်လည်အပ်နှံသော လုပ်ငန်းရှင်တို့ကို ချေးငွေထုတ်ပေးခြင်းကဲ့သို့သော ယာယီအထောက်အပံ့တို့ မည်သို့မည်ပုံ ပြုလုပ်သင့်သည်ကို ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်သင့်ပါသည်။

ဤသည်မှာ ချက်ချင်းအကောင်အထည်ဖော်သင့်သော လုပ်ငန်းစဉ်ဟုယူဆပါသည်။ ရေတိုလုပ်ငန်းစဉ်အဖြစ် ကျန်းမာရေးအရ အန္တရာယ်မရှိသည့် ငရုတ်သီးမှုန့်တို့ တိုင်းရင်းသားပြည်သူလက်ဝယ်အရောက် ဖြန့်ဖြူးနိုင်မည့် နည်းပညာတို့ကို နိုင်ငံတကာ အကူအညီရယူလျက် ပြည်တွင်းလုပ်ငန်းရှင်များအား သင်ကြားပေးရမည်ဖြစ်ပါသည်။ အဆိုပါ နည်းပညာသစ်နှင့် ဆက်စပ်အသုံးပြုရမည့် စက်ပစ္စည်းကိရိယာတို့ကိုလည်း အခွန်အကောက်မဲ့ တင်သွင်းခွင့်ပြုရန် အကြံပြုတင်ပြလိုပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအပေါ် ကျရောက်လျက်ရှိသော ကျန်းမာရေးဘေးအန္တရာယ်ဆိုးကြီး အလျင်အမြန်ဖယ်ရှားနိုင်ရေး ဦးတည်ချက်ဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက လိုအပ်ချက်အားလုံးကို တက်ညီလက်ညီ ဆောင်ရွက်ကြရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။

(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။

(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။

(၄) လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ် ဖုံးအုပ်ငြိမ်းသတ်ပါ။

(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။

(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

**မီးသတ်ဦးစီးဌာန**

# တိုင်းဒေသကြီး ကျောင်းကျန်းမာရေးစံပြကျောင်းများ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး စံပြကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက်၈ နာရီက လသာမြို့နယ် အမှတ်(၂)အထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားခဲ့ပြီး စံပြထူးချွန်နှင့် စံပြဆုရကျောင်းများကို ဆုချီးမြှင့်ပေးခဲ့သည်။

စံပြထူးချွန်ဆုအတွက်ကျောင်း ၁၀ ကျောင်း၊ ကျောင်းကျန်းမာရေးအကောင်းဆုံးစွမ်းဆောင်ရည်ဆုကို ကျောင်းကိုးကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းဆုအတွက် ပထမ၊ ဒုတိယ၊တတိယ ပူးတွဲဆုတို့ကို ကျောင်း ၂၁ ကျောင်းတို့မှ အသီးသီးရရှိခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက ကျောင်းကျန်းမာရေးလှုပ်ရှားမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက စံပြဆုရကျောင်းများမှ ဆရာမတစ်ဦးအား ဆုချီးမြှင့်စဉ်

# ကော့သောင်း၌ (၉၆) နှစ်မြောက် အမျိုးသားနေ့အကြို ဟောပြောပွဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၁၆**

(၉၆)နှစ်မြောက်အမျိုးသားနေ့ အကြို ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကော့သောင်းမြို့အေးမြကန်သာရပ်ကွက် မူလတန်းလွန်ကျောင်းနှင့် ညနေပိုင်းတွင် အောင်သုခရပ်ကွက် (ကြေးနန်းဝင်း)မူလတန်းလွန် ကျောင်းတို့၌ သီးခြားစီကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးက မြန်မာနိုင်ငံအမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်များ ဖြစ်ပေါ်ပြောင်းလဲလာပုံအကြောင်း သိကောင်းစရာများ၊ စာပေဖတ်ရှုခြင်း အလေ့အထတိုးပွားရေး ၊ ကျောင်းနေအရွယ်ကလေးဘဝမှစတင်ကာ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ လွတ်လပ်ရေးနှင့် နိုင်ငံ့အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စိတ်များ ရှင်သန်နိုးကြားလာရေး စသည့်ဗဟုသုတဖြစ်ဖွယ်များအား ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း )**

## ဆင်ဖြူချပ် ဘုန်းတော်ကြီးကျောင်း၌ စာဖတ်ရှိန်မြင့်မားရေး ဟောပြော

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

ကျောက်ဆည်မြို့နယ် ဆင်ဖြူချပ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ နိုဝင်ဘာ ၁၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာပေဟောပြောပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလွင်တို့က စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများအကြောင်း ကျောင်းသား ကျောင်းသူများအား ပုံပြင်များ၊ လောကဖြစ်စဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသို့ စာအုပ်စာပေများ ငှားရမ်းပေးခဲ့ကြောင်း သိရှိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၅/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀ . ၀၂ |
| ထိုင်း | တစ်ဘတ် | ၃၆ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ . ၉၅ |
| တရုတ် | တစ်ယွမ် | ၁၈၇ . ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ . ၇၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

# မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရသစ်တာဝန်ယူစဉ် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးမူဝါဒများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စိန်ခေါ်မှုကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံအကျိုးတူ ရင်းနှီးမြှုပ်နှံသွားရန် ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်လ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

---

✻ *ရှေ့ဖုံးမှ*

ဖြစ်စေနိုင်သောရောဂါများမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့်ဖြစ်သော ရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ အားလုံး၏ ၆၀ ရာခိုင်နှုန်းရှိကြောင်း၊ ယခုလက်ရှိ မြန်မာနိုင်ငံ၌ အတွင်းတိမ်ရောဂါ ဖြစ်ပွားနေသူ ခန့်မှန်းခြေ သုံးသိန်းခွဲခန့်ရှိရာ နှစ်စဉ်ခွဲစိတ်ပေးနိုင်သော အရေအတွက်မှာ တစ်သိန်းကျော်သာဖြစ်ပြီး ပိုမိုခွဲစိတ်ကုသပေးနိုင်ရန် လိုအပ်နေသေးကြောင်း။

WHO ၏ ရည်မှန်းချက်ဖြစ်သော အတွင်းတိမ် ခွဲစိတ်မှုနှုန်းမှာ လူဦးရေတစ်သန်းလျှင် ၃၀၀၀ သတ်မှတ်ထားရာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခွဲစိတ်မှုနှုန်းမှာ ၂၀၃၈ သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

အထူးသဖြင့် အတွင်းတိမ်ရောဂါဝေဒနာရှင်များကို ကွင်းဆင်းရှာဖွေပေးခြင်း၊ အခမဲ့ခွဲစိတ်ကုသမှုပြုလုပ်ပေးခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး**




**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်**

မျက်မမြင် ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၊ မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံကြီးများ၊ ခရိုင်အဆင့် ဆေးရုံကြီးများရှိ မျက်စိကုသဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း တက်ညီလက်ညီ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ်ပြည်သူ့ဆက်ဆံရေးအသင်းမှ အထွေထွေအတွင်းရေးမှူး Mr. Zhao Xiyuan၊ တရုတ်အမျိုးသားကုသိုလ်ဖြစ် မဟာမိတ်အဖွဲ့ အတွင်းရေးမှူး Mr. Liu Youping နှင့် တရုတ်နိုင်ငံ အိုင်အိုမျက်စိအထူးကုဆေးရုံမှ အတွင်းဝန် Mr. Peng Zhikum တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ဝိသာခါဖောင်ဒေးရှင်းနာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က မဲခေါင်ဒေသအလင်းရောင် ခရီးစဉ်တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရခြင်း ရည်ရွယ်ချက်နှင့် ဝိသာခါဖောင်ဒေးရှင်း၏ လူမှုအကျိုးပြု ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဝိသာခါဖောင်ဒေးရှင်းကလှူဒါန်းသည့် Casseette Sterilizer တစ်လုံးနှင့် Autoclave နှစ်လုံးတို့ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးအတွက် ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာလှမာလာက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခု မဲခေါင်ဒေသအလင်းရောင် ခရီးစဉ်၏ မျက်စိအတွင်းတိမ် ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးခြင်း နေပြည်တော်အစီအစဉ်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ တရုတ်ပြည်သူ့ဆက်ဆံရေးအသင်း၊ တရုတ်အမျိုးသားကုသိုလ်ဖြစ် မဟာမိတ်အဖွဲ့တို့မှ အဓိကပံ့ပိုးကူညီကာ တရုတ်နိုင်ငံ ပင်လယ်ရပ်ခြား တရုတ်နွယ်ဖွားကုသိုလ်ဖြစ် ဖောင်ဒေးရှင်း၊ တရုတ်မသန်စွမ်းသူများ ဖောင်ဒေးရှင်း၊ အိုင်အို မျက်စိအထူးကုဆေးရုံအုပ်စု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) တို့မှ ပူးတွဲပံ့ပိုးကူညီပြီး တရုတ်နိုင်ငံမှ မျက်စိဆရာဝန်ကြီးများအဖွဲ့က မျက်စိဝေဒနာ ရှင် ၅၂ ဦးတို့အား နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး(ရန်ကုန်)၌ လူနာ ၁၀၀ နှင့် သီတဂူစက္ခုပါလမျက်စိ ဆေးရုံကြီး၌ လူနာ ၁၀၀ တို့အား ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ဝိသာခါဖောင်ဒေးရှင်းနာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ် ဝိသာခါဖောင်ဒေးရှင်းက လှူဒါန်းသည့် Casseette Sterilizer တစ်လုံးနှင့် Autoclave နှစ်လုံးတို့ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးအတွက် ပေးအပ်လှူဒါန်းစဉ်** (သတင်းစဉ်)

# ပြည်သူ့ဘဏ္ဍာငွေများ အကျိုးရှိစွာခွဲဝေသုံးစွဲရေးတို့တွင် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်လိုအပ်သည့်အပြင် ဥပဒေနှင့်အညီစီမံခန့်ခွဲ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယခုအစည်းအဝေး၌ အဓိကဦးစားပေးဆောင်ရွက်ရမည့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတင်သွင်းခြင်း၊ ရငွေသုံးငွေများကို ဆွေးနွေးခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လွှတ်တော်အသီးသီးက ကျန်ရှိနေသည့် ဆောင်ရွက်ဆဲ ဥပဒေကြမ်းများထဲမှ ပြည်သူများအတွက် အရေးကြီးသည့် ဥပဒေကြမ်းများကိုလည်း ဦးစားပေးအတည်ပြုပြဋ္ဌာန်းနိုင်ရေးကို ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်သူများကိုယ်စား ရွေးချယ်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အချိန်ကို လေးစားတန်ဖိုးထားပြီး စနစ်တကျဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်းများကို လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ကြောင်း။

ဒီမိုကရေစီ ဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုကောင်းသည့် တည်ငြိမ်မှုနှင့် လုံခြုံမှုရရှိရန် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံသား ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့် ရငွေများ တိကျမှန်ကန်စွာ ရရှိရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ အကျိုးရှိစွာ ခွဲဝေသုံးစွဲရေးတို့သည် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်လိုအပ်သည့်အပြင် ဥပဒေနှင့်အညီ စီမံခန့်ခွဲပြီး အကောင်းဆုံးဖြစ်နိုင်ခြေကို ဘက်စုံက ချင့်ချိန်တွက်ချက်ပြီး ရိုးသားဖြောင့်မတ်စွာ တာဝန်ခံဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့သည့် အဆိုပါဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ် (သတင်းစဉ်)

တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအနေဖြင့် ငွေကျပ် ၁၀၈၀၂၈ ဒသမ ၄၅၆ သန်းဖြစ်ပြီး ပြည်ပအကူအညီ၊ ပြည်ပချေးငွေ၊ နိုင်ငံတော်ထောက်ပံ့ငွေ (IRM) ငွေကျပ် ၆၅၃၅၀ ဒသမ ၄၂၉ သန်းဖြစ်ပါသဖြင့် နိုင်ငံတော်မှ ကျခံရမည့် ဖြည့်စွက်ခွင့်ပြုရမည့်ငွေမှာ ငွေကျပ် ၄၂၆၇၈ ဒသမ ၀၂၇ သန်း ဖြစ်ပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၁၈၁၃၆ ဒသမ ၆၄၄ သန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုး+ဘဏ်စရိတ်+ ငွေလွှဲခ+နိုင်ငံတော်ထည့်ဝင်ငွေကျပ် ၂၃၅၄၆ ဒသမ ၀၁၂ သန်း ဖြစ်သဖြင့် ဦးစီးဌာနများမှ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် တောင်းခံသည့် ငွေကျပ် ၉၉၅ ဒသမ ၃၇၁ သန်း ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၀၈၀၂၈ ဒသမ ၄၅၆ သန်းအား ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေကျပ် သန်းပေါင်း ၁၃၄၁ ဒသမ ၁၀၁ သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံခြင်းမဟုတ်ဘဲ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းသုံးရင်းနှီးငွေမှ ကျခံသုံးစွဲမည့် အသုံးစရိတ်များဖြစ်ပါကြောင်း၊ အဆိုပါငွေမှာ သတင်းစာစောင်ရေ ၁၃၄၀၀ တိုးမြှင့်ထုတ်ဝေမည်ဖြစ်သည့်အတွက် ကုန်ကြမ်းဝယ်ယူရန်နှင့် ပေးသွင်းရန်ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်က ၈ ဒသမ ၀၃၆ သန်းမှာ ဝန်ကြီးရုံးမြေငှားစာချုပ် တန်ဖိုးကျသင့်ငွေတောင်းခံရခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် သာမန်အသုံးစရိတ်၌ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများအတွက် ထပ်မံတောင်းခံခြင်း မရှိပါကြောင်းနှင့် မူလခွဲဝေချထားငွေအတွင်း လုံလောက်စွာ သုံးစွဲသွားမည် ဖြစ်ပါကြောင်း၊ မြန်မာသံရုံး (၄၄)ရုံးအတွက် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ငွေကျပ်သန်းပေါင်း ၂၀၂၀ ဒသမ ၄၈၅ ကို ထပ်မံတင်ပြတောင်းခံထားပါကြောင်း၊ ယင်းသို့ ဖြည့်စွက်တောင်းခံခြင်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမှန်အသုံးစရိတ်ထက် လျော့နည်းနေသည့်အတွက် ဖြည့်စွက်တောင်းခံရခြင်းဖြစ်ပြီး သံအမတ်၏ နေအိမ်ငှားရမ်းခ၊ မြန်မာနိုင်ငံသားအလုပ်သမားများအရေး ပိုမိုထိရောက်စွာ အကူအညီပေးနိုင်ရေး၊ ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းနိုင်ရေး၊ နေအိမ်ငှားရမ်းခ၊ ပြည်တွင်းခရီးစရိတ်၊ မြန်မာသံအမတ်ကြီးများအား ခေါ်ယူတွေ့ဆုံရေးစရိတ်၊ ကျန်းမာရေးအခြေအနေကြောင့် ဝန်ထမ်းအချို့ မလွှဲမရှောင်သာဘဲ အခြားသံရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းစရိတ်၊ မိသားစုများ၏ နေ့တွက်၊ တည်းခိုစရိတ်၊ လေယာဉ်လက်မှတ်ခ၊ လေလံပစ္စည်း သယ်ယူပို့ဆောင်ခများနှင့် ကျန်းမာရေးအာမခံ ထားရှိနိုင်ရေးအတွက် တောင်းခံရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆင့်တိုးမြှင့်လာသော အရာရှိများနှင့် အရပ်သားများ၏ ကွာခြားလစာနှင့်စရိတ်၊ လေထီးလစာ၊ ရေငုပ်လစာ၊ လေယာဉ်ပျံသန်းမှုလစာ၊ ပါရဂူလစာ/စရိတ်၊ ဝတ်စုံစရိတ်၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် စခန်းချလေ့ကျင့်ရေးအတွက် တပ်ဖွဲ့ဝင်ကျောင်း ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူစရိတ် ချီးမြှင့်ငွေများ၊ မီးရထားဝရမ်းဖြင့် ပေးချေရသည့် ရထားလက်မှတ်ခနှုန်းထားအား လက်မှတ်ခ ၇၅ ရာခိုင်နှုန်း ပြောင်းလဲကောက်ခံခြင်း၊ ဝေးလံ၍ ဝရမ်းမသုံးစွဲနိုင်သော ဒေသများရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များ တာဝန်ဖြင့် သွားလာရာတွင် ပုဂ္ဂလိကယာဉ်များစီးနင်းရာ၌ ပေးချေရခြင်းများအတွက် ထပ်မံလိုအပ်ငွေ၊ စစ်လက်နက်ပစ္စည်း ဝယ်ယူရေးအတွက် သက်ဆိုင်ရာထပ်မံလိုအပ်ငွေ၊ တပ်မတော်(လေ)၏ အရေးကြီးပစ္စည်းများအတွက် Down Payment ပေးချေရန်အတွက် ထပ်မံလိုအပ်ငွေတို့အတွက် ငွေကျပ် ဘီလီယံ ၁၀၀ အားခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးငွေခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် ပါဝင်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဖြည့်စွက်

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၀ ဦးက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲများ၊ လိုလားချက်များ၊ တောင့်တချက်များ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များစသည့် ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒများကို နားထောင်၍ ကွင်းဆင်းလေ့လာခဲ့ပြီးဖြစ်သည်ဟု မိမိ ယုံကြည်ပါကြောင်း၊ ထိုသို့ ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အတွင်း၌ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများအပြင် သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကော်မတီလုပ်ငန်းများနှင့် ဆက်စပ်ပြီး ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို တတ်နိုင်သမျှ ပိုင်းခြားပြီး ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်မြို့နယ် တာဝမ်တီးကျေးရွာအုပ်စု ရှော်မိုနိုက်နှင့် လုံထန်ကျေးရွာအုပ်စု အိုက်ကျော်ကျိုင်း အခြေခံပညာ မူလတန်းကျောင်းတို့ကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခွင့် ချမှတ်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လောက်ကိုင်မြို့နယ် တာဝမ်တီးကျေးရွာအုပ်စု အိုက်ကျော်ကျိုင်း အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တာဝန်ယူဆောင်ရွက်မည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် လောက်ကိုင်မြို့နယ်၌ ထက်/လယ်/မူ အခြေခံပညာ ကျောင်းပေါင်း ၁၁၀ အနက် ၆၉ ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဆရာ ဆရာမ ၃၈၉ ဦးနှင့် ကျောင်းသား ကျောင်းသူ ၉၆၀၄ ဦး သင်ကြားသင်ယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကုန်ကြမ်းမြို့နယ်၌ ထက်/လယ်/မူ အခြေခံပညာကျောင်းပေါင်း ၁၀၃ ကျောင်းအနက် ၄၁ ကျောင်း ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဆရာ ဆရာမ ၂၄၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၃၇၇၄ ဦး သင်ကြားသင်ယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြေအနေအရ အေးချမ်းမှုရှိလာချိန်၌ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး သင်ကြားရေး ဆရာ၊ ဆရာမများ စေလွှတ်ပေးရန် အဆင်သင့်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဟင်းစနဲအခြေခံပညာ အထက်တန်းကျောင်းတွင် ပေ(၁၄၀×၃၀) နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံး ငွေရင်း



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

(တည်ဆောက်ရေး) လျာထားချက်အရ မာန်အောင်မြို့နယ်အတွက် ငွေကျပ် ၁၀၂ သန်း လျာထားပါကြောင်း၊ မာန်အောင်မြို့နယ် ဟင်းစနဲ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူ ၇၇၀ အတွက် စာသင်ဆောင် ခြောက်ဆောင်ရှိပါကြောင်း၊ အဆိုပါကျောင်း၌ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်၌ ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြင့် ပေ (၆၀×၃၀) တစ်ထပ်ဆောင် ပြင်ဆင်ရန်အတွက် ငွေကျပ် သိန်း ၁၅၀ ခွဲဝေပေးရန် လျာထားချက်စာရင်းတွင် ထည့်သွင်းထားပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်းက **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၄၀×၃၀)နှစ်ထပ် စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းရှိ RC နှစ်ထပ် အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်း၍ ပေ (၁၃၀×၃၀)RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံးတို့၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူကိုအကာအကွယ်ပေးသည့် ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

**နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားရေးအတွက် တရားဥပဒေများ အခိုင်အမာပြဋ္ဌာန်းနိုင်ကြရန် အထူးလိုအပ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့စတင်ကျင်းပသည့် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ပြောကြားလိုက်သည်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ခိုင်မာသည့်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်သူကိုကိုယ်စားပြုသည့် ဥပဒေများဖြစ်ရန် အလွန်အရေးကြီးပါကြောင်း၊ ပြည်သူကိုအကာအကွယ်ပေးသည့် ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ချင့်ချိန်၊ စဉ်းစား၊ ဝေဖန်၊ သုံးသပ်ဆောင်ရွက်နိုင်ကြမှသာ Rule of Law ဆိုသည့် တရားဥပဒေစိုးမိုးရေးရှိလာမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်သောစနစ်ဖြစ်ပြီး လူနည်းစုဆန္ဒကို လေးစားရသောစနစ်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်လုပ်ငန်းစဉ်များသည်လည်း ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒီမိုကရေစီ၏ပြယုဂ်သည် လွှတ်တော်များ ဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အပေါ်တွင် အဓိကမူတည်လျက် ရှိပါကြောင်း၊ ဒီမိုကရေစီ ရှင်သန်ရပ်တည်ရေးအတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်း ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်များပါသည့် ဥပဒေပြုရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် မိမိတို့ကို ပြည်သူများက ရွေးချယ်တာဝန်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်သူ ပြည်သားများထံတွင်သာ ဒီမိုကရေစီကို ပြဋ္ဌာန်းခွင့်၊ ကာကွယ်ခွင့်နှင့် ကျင့်သုံးပိုင်ခွင့်များ ရှိနေခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီပီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်သော စေတနာ၊ မှန်ကန်သော စိတ်ထားတို့ဖြင့် လုံ့လဝီရိယစိုက်ထုတ်၍ ဖြည့်ဆည်းဆောင်ရွက်ကြရန် ကိုယ်စားလှယ်များကို တိုက်တွန်းပြောကြားခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိသည့်အနက် ၄၀၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေး၌ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၏ **မာန်အောင်မြို့နယ် ပင်လယ်ကမ်းခြေ မြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများအား လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ Cyclone Shelter များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ မာန်အောင်မြို့နယ်တွင် ပင်လယ်ကမ်းခြေ မြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ Cyclone Shelter နှင့် သက်ကယ်ကုန်း တည်ဆောက်ပေးရန် ပထမဦးစားပေး ဇီးတောကျေးရွာ၊ ဒုတိယဦးစားပေး ကုန်းတန်းရွာ တောင်ပိုင်း၊ တတိယ ဦးစားပေး ပုတ်ချောင်းကျေးရွာ၊ စတုတ္ထဦးစားပေး ရေမျက်ဝကျေးရွာ၊ ပဉ္စမဦးစားပေး ကျူကျေးရွာတို့တွင် ဆောင်ရွက်ပေးရန် တင်ပြလာပါကြောင်း။

လတ်တလောအနေဖြင့် မာန်အောင်မြို့နယ်တွင် ဦးစားပေးအဆင့် ၁ ဇီးတောကျေးရွာနှင့် ဦးစားပေး အဆင့် ၂ ကုန်းတန်းရွာ တောင်ပိုင်းတို့တွင် Cyclone Shelter တစ်လုံးစီကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျခံသုံးစွဲတည်ဆောက်ခွင့် ရရှိပြီး ဖြစ်သဖြင့် ရန်ပုံငွေကျပ် ၂၅၉၁ ဒသမ ၆ သိန်းအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **အရပ်ရပ်ကုန်စျေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အရပ်ရပ်ကုန်စျေးနှုန်း တရိပ်ရိပ်မြင့်တက်နေခြင်းတွင် အချို့ ကုန်စည်ကုန်စျေးနှုန်းများသည် အတက်ချည်းမဟုတ်ဘဲ ကုန်ပစ္စည်းများ၏ ရောင်းလိုအား၊ ဝယ်လိုအားနှင့် စျေးကွက်ပေါ်မူတည်၍ စျေးနှုန်းများ တက်ခြင်း၊ ကျခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုန်စျေးနှုန်း ထိန်းညှိဆောင်ရွက်နိုင်ရန်လိုအပ်သည့်အချိန်တွင် ပြည်တွင်းထုတ်လုပ်သည့် အချို့ကုန်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ပြုခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများနှင့် စက်အပိုပစ္စည်းများ၊ တိရစ္ဆာန် ငါးပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများနှင့် ဆေးဝါးများကို ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ကုန်စည်များအဖြစ် သတ်မှတ် ဆောင်ရွက်ပေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အခြေခံ စားသောက်ကုန်စျေးနှုန်း သတင်းအချက်အလက်များကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများမှ နေ့စဉ်စျေးနှုန်းသတင်း၊ စျေးကွက်သတင်းများကို စုစည်းရယူ၍ လေ့လာသုံးသပ် ဆောင်ရွက်လျက်ရှိပြီး ကုန်သည်အသင်းအဖွဲ့များ ကုန်စည်ဒိုင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စျေးကွက်စီးပွားရေးစနစ်တွင် စျေးနှုန်းများကို အစိုးရမှ တိုက်ရိုက်ထိန်းချုပ်ဆုံးဖြတ်ခြင်းမပြုဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့အပေါ် မူတည်၍ သတ်မှတ်ဆုံးဖြတ်ခြင်း၊ ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် စျေးကွက်စီးပွားရေးစနစ်အရ ကုန်စျေးနှုန်းအား အစိုးရမှ တိုက်ရိုက်ထိန်းချုပ်ရန် မသင့်ပါကြောင်း ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူက **မြန်မာနိုင်ငံတွင် လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း တည်ဆောက်ရာတွင် ဖြစ်ပေါ်လာသော အငြင်းပွားမှုကို ဖြေရှင်းရန် အရည်အသွေးစစ်ပစ္စည်း အသုံးပြုခြင်း ရှိ၊ မရှိနှင့် အရည်အသွေးထိန်းကွပ်သည့် Consultant Agency/Company ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံ၏ ဆောက်လုပ်မှုလုပ်ငန်းကဏ္ဍ၌ နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခြေခံ အဆောက်အအုံများဖြစ်သည့် အဆောက်အအုံ၊ လမ်း၊ တံတားနှင့် လေယာဉ်ကွင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများအား အရည်အသွေးပြည့်မီစေရန်အတွက် အဆောက်အအုံ၊ လမ်းနှင့် တံတားသုတေသနနှင့် ဓာတ်ခွဲခန်းများတွင် ဆောက်လုပ်ရေးပစ္စည်းများဖြစ်သော အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံချောင်း၊ ဘိလပ်မြေကွန်ကရစ်၊ ကတ္တရာကွန်ကရစ်၊ ကတ္တရာ၊ မြေကြီးတို့၏ အရည်အသွေးကို စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေး ကောင်းမွန်ရေးအတွက် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ Myanmar National Building Code (MNBC)အတိုင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၁၆ ခုနှစ် မေ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှလည်း ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေးထိန်းကွပ်ခြင်း၊ စစ်ဆေးစိစစ်ခြင်းလုပ်ငန်းများကို Third Party အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ (၁၇) ခုကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံခြားအကူအညီ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများတွင် Consultant Agency ထောက်ခံချက်ဖြင့် အရည်အသွေးထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်မှုလုပ်ငန်းနှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက လုပ်ငန်းသဘောတူစာချုပ်နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော သာမန်ကိစ္စရပ်များအတွက် ဌာနဆိုင်ရာအကြီးအကဲများက သော်လည်းကောင်း၊ ဘုတ်အဖွဲ့ဖွဲ့စည်း၍ သော်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပါကြောင်း။

လုပ်ငန်းသဘောတူစာချုပ်ပါ ကိစ္စရပ်များအတွက် စာချုပ်စည်းကမ်းအရ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရန်ရှိသဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အနုညာတခုံရုံးဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာကျင့်ဝတ်ပိုင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေနှင့်အညီ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ဆုံးဖြတ်ဖြေရှင်းပါကြောင်း။

နိုင်ငံခြား အကူအညီ/အထောက်အပံ့/ချေးငွေတို့ဖြင့် ဆောင်ရွက်သောလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ စံနှုန်းများအရ အငြင်းပွားမှုများကို ကန်ထရိုက်ဆောင်ရွက်သည့် ပုံစံအမျိုးအစားအလိုက် လက်ခံကျင့်သုံးလျက်ရှိသော နိုင်ငံတကာ အကြံပေးအင်ဂျင်နီယာများအဖွဲ့ချုပ် (International Federation of Consulting Engineers)၏ စည်းမျဉ်းစည်းကမ်း (FIDIC Guide Line) များအတိုင်း လိုက်နာကျင့်သုံးလျက် ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၊ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေးနှင့် မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူတို့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း**တို့နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအား အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

**(သတင်းစဉ်)**

## *ပြည်ထောင်စုလွှတ်တော်မှ*

ခွင့်ပြုငွေကျပ် ၁၄၈ ဒသမ ၁၆၁ သန်းမှာ အမြဲတမ်းအတွင်းဝန်တစ်ဦး၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ချီးမြှင့်ငွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား လစာနှင့် စရိတ်များအတွက် တောင်းခံခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

## ● *ကျောဖုံးမှ*

မြဝတီဘက်သို့ နယ်စပ်မှတစ်ဆင့် စက်သုံးဆီတင်ပို့မှုအား တားမြစ်လိုက်ခြင်းမှာ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ အသစ်ရေးဆွဲပြဋ္ဌာန်းလိုက်သော ဥပဒေအရဖြစ်ကြောင်း၊ သို့သော် နယ်စပ်ဒေသရှိ စက်သုံးဆီများကို သိုလှောင်ထားပြီးပါက မည်သည့်နည်းလမ်းနှင့်မဆို နိုင်ငံခြားသို့ တင်ပို့နိုင်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် သိုလှောင်ထားပြီးမှ တစ်ဆင့်ပြန်လည်တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူက နိုဝင်ဘာ ၁၀ ရက်က ရွှေကုက္ကိုလ်မြို့တွင် ထိုင်းနိုင်ငံဘက်မှ သတင်းထောက်များအား ဖိတ်ကြား၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး စက်သုံးဆီတင်သွင်းသူ မည်သည့်ကုန်သည်မျှ ချစ်ကြည်ရေးတံတားပေါ်မတက်ကြောင်း၊ ယခုတင်သွင်းသော ဆီများသည် နှစ်နိုင်ငံလုံးတွင် တရားဝင် အခွန်အခဆောင်ထားခြင်းဖြစ်ကြောင်း၊ စက်သုံးဆီများအား ချစ်ကြည်ရေးတံတားမှ တင်သွင်းပါက ယာဉ်ကြောပိတ်ဆို့မှု၊ တံတားခံနိုင်ဝန်အား၊ မီးဘေးအန္တရာယ်တို့ရှိကြောင်း၊ ထိုင်းနိုင်ငံဘက်မှ စက်သုံးဆီတင်ပို့မှုများပိတ်ပင်လိုက်ပြီး ချစ်ကြည်ရေးတံတားပေါ်မှသာ တရားဝင်တင်သွင်းရမည်ဆိုပါက နယ်ခြားစောင့်တပ်အနေဖြင့် ဘုရားသုံးဆူမှ မဲသဝေါအထိ မိမိတို့တပ်ဖွဲ့ဝင်များရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း အခြေအနေကြည့်ပြီး ဘောဂိတ်များကို ပိတ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးတံတားမှသာ ပေးသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

နယ်ခြားစောင့်တပ်မှ ဘောဂိတ်များကို ပိတ်ပစ်မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံတာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ ကျလိန်နစ်စခွန်စပ်သည် တာ့ခ်ခရိုင်အတွင်းရှိ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲ ၊ လဝက အကောက်ခွန်၊ အခွန်ဦးစီး၊စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများ ပါဝင်လျက် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက မဲဆောက်မြို့ တာ့ခ်ခရိုင် အထူးစီးပွားဖွံ့ဖြိုးရေးဇုန်ရုံး၌ အရေးပေါ်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးက နိုဝင်ဘာ ၁၆ ရက်က မြဝတီမြို့တွင်း စက်သုံးဆီတင်သွင်းမှု ရပ်ဆိုင်းလိုက်ခြင်းသည် ထိုင်းစစ်တပ်မှ ပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ အသစ်ထုတ်ပြန်ခဲ့သော ဥပဒေအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မြဝတီမြို့တွင် ဆီစျေးနှုန်းများ မြင့်တက်ခဲ့ပြီး အခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်အတွက် မိမိတို့အပေါ် အထင်အမြင်လွဲမှားမှုများ ရှိနိုင်ကြောင်း၊ ထိုင်းစွမ်းအင်ဝန်ကြီးဌာနအနေနှင့် နယ်စပ်တွင် အခက်အခဲဖြစ်ပေါ်မှုနှင့်ပတ်သက်ပြီး သိရှိခဲ့သဖြင့် လောင်စာဆီကုန်သွယ်ရေးလုပ်ငန်းရှင်များအနေနှင့် လောင်စာဆီ သိုလှောင်သည့်နေရာအတွက် သက်ဆိုင်ရာ၏ ခွင့်ပြုချက်များရယူကာ ယခင်အတိုင်း ဘောဂိတ်မှတစ်ဆင့် ကောင်းကင်ပိုက်လိုင်းစနစ်ဖြင့် မြဝတီမြို့တွင်းသို့ ပြန်လည်တင်ပို့ရန်နှင့် တံတားကြီးပေါ်မှ လောင်စာဆီများ သယ်ယူပါက ယာဉ်ကြောကြပ်မှုနှင့် မီးဘေးအန္တရာယ်များ စိုးရိမ်ရပြီး ထိုင်းနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှလည်း တံတားကြီးပေါ်မှ ဖြတ်သန်းသယ်ဆောင်ခွင့် လုံးဝခွင့်မပြုကြောင်းနှင့် ဥပဒေထုတ်ပြန်ထားခြင်းလည်း မရှိကြောင်း၊ ၎င်းအပြင် မဲဆောက်-မြဝတီ Sister City ညီအစ်မ မြို့နှစ်မြို့အနေနှင့် ချစ်ကြည်ရေးများ ပျက်ပြားစေနိုင်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် မုန်းရန်လွယ်ကူသလောက် ချစ်ခင်ရင်းနှီးရန်မှာ ခက်ခဲပါကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှုပြီး တစ်ဦး၏ အခက်အခဲကို တစ်ဦးက ကူညီပေးကြကာ ယခင်အတိုင်း လောင်စာဆီတင်သွင်းမှုကို ကောင်းကင်ပိုက်လိုင်းစနစ်ဖြင့် နိုဝင်ဘာ ၁၆ ရက်က ပြန်လည်တင်ပို့ပေးရန် တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ ကျလိန်နစ်စခွန်စပ်က ပြောကြားခဲ့သည်။

မြဝတီနယ်စပ်မှတစ်ဆင့် တင်သွင်းနေသော ဒီဇယ်နှင့် ဓာတ်ဆီများသည် ဒေသတွင်းသုံးစွဲရန် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံးသို့ နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် အခွန်ဆောင်ပြီး တရားဝင်တင်သွင်းခြင်းဖြစ်ကြောင်း နယ်စပ်စက်သုံးဆီလုပ်ငန်းရှင်များ အတွင်းရေးမှူးကိုမျိုးက ပြောကြားခဲ့သည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ကျင့်ဝတ်နှင့်အညီ ဖြစ်သင့်သည်များ

**ဝေယံမောင်**

**ကြားခဲ့ဖူးသည်**

အမေရိကန်သတင်းစာလုပ်ငန်းရှင်ကြီး ဂျိုးဇက်ပူလစ်ဇာက စာနယ်ဇင်းတို့ လိုက်နာသင့်သော စည်းမျဉ်းသုံးခုရှိပြီး ယင်းတို့မှာ**တိကျမှု၊ တိကျမှု၊ တိကျမှု**ဟုဆိုပါသည်။

**သိခဲ့ဖူးသည်**

သတင်းထောက်ဆိုတာ လုပ်ကြံဖန်တီးမှုတွေ မလုပ်ရဘူး၊ အကြံအဖန်တစ်ခုမှမပါဘူးဟု ရဲရဲတင်းတင်းပြောဆိုနိုင်သူဖြစ်ရပါမည်ဟု ဟီရိုရှီးမားအဏုမြူဗုံးဖောက်ခွဲမှုကို ရေးသားခဲ့သည့် သတင်းထောက်စာရေးဆရာ ဂျွန်ဟာဆေးကဆိုပါသည်။

**မှားတတ်ကြသည်ဆိုသော်လည်း**

လူသားတိုင်းအမှားနှင့်မကင်းနိုင်ပါ။ သို့သော်လည်း သာမန်လူသားတို့ထက် ကြီးလေးသောတာဝန်ကို ထမ်းဆောင်နေရသည့် စာနယ်ဇင်းသမား (ဝါ) သတင်းမီဒီယာသမားများအနေဖြင့် မိမိရေးသားပြုစုလိုက်သော သတင်းတစ်ပုဒ်၊ အကြောင်းအရာ တစ်ခုမှားယွင်းမှုကြောင့် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) အများ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် အထူးအရေးကြီးလှပါသည်။

ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် သတင်းမီဒီယာဥပဒေအရ စာနယ်ဇင်းကိုနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဟု အလေးအမြတ်ပြုထားပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကိုထိန်းကျောင်းပေးရန်နှင့် ယင်းမဏ္ဍိုင် (၃) ရပ်နှင့် နိုင်ငံသူနိုင်ငံသားများဖြစ်သည့် ပဉ္စမမဏ္ဍိုင် ပြည်သူများအကြား ပေါင်းကူးပေးရန်တာဝန်ရှိသူများဟု သတ်မှတ်ထားပါသည်။

အထူးသဖြင့် ပြည်သူများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နေသည့် အခါသမယတွင် မီဒီယာသည် ဒီမိုကရေစီကိုကာကွယ်စောင့်ရှောက်ရန်အတွက် အများပြည်သူကို မှန်မှန်ကန်ကန်တင်ပြခြင်းနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားကို မဆိုင်းမတွ တုံ့ပြန်ခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

ထို့သို့ နိုင်ငံနှင့်လူမျိုးအတွက် ကြီးလေးသောတာဝန်များကို မချို့မယွင်းအပြစ်ကင်းအောင်၊ မလွဲမမှားအမှန်တရားပေါ်ရပ်တည်နိုင်အောင် ထိန်းကျောင်းတည့်မတ်ပေးနိုင်သည်က သတင်းမီဒီယာသမားတို့ လိုက်နာစောင့်ထိန်းအပ်သောဝတ္တရား (ဝါ) ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။

**ကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာ**

ထုတ်ပြန်ထားသည့်သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာသမားများသည် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန် တာဝန်ရှိသည်ဟု အတိအလင်းဖော်ပြထားပါသည်။ ယင်းကျင့်ဝတ်စည်းကမ်းများတွင် သတင်းတိုင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်းသည်လည်း အပါအဝင်ဖြစ်ပါသည်။

ယင်းအပြင် သတင်းစာကျွမ်းကျင်ပညာရှင်များအဖွဲ့ (Society of Professional Journalists – SPJ) မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ သတင်းသမားများလက်ခံကျင့်သုံးလျက်ရှိသည့် စာနယ်ဇင်းကျင့်ဝတ်တွင်လည်း "ရရှိနိုင်သည့် သတင်းအရင်းအမြစ်များအားလုံးမှ သတင်းမှန်ကန်မှုကို စစ်ဆေးရမည်ဖြစ်ပြီး အမှုမဲ့အမှတ်မဲ့ အမှားများကို ရှောင်ရှားသင့်သည်။ ရည်ရွယ်ချက်ဖြင့် မိမိလိုရာဆွဲရေးခြင်းကို မည်သည့်အခါမျှ ခွင့်မပြု"ဟူသော အချက် ပါဝင်နေပါသည်။

သတင်းမီဒီယာဟူသည် သတင်းမီဒီယာကျင့်ဝတ်နှင့် ကိုက်ညီသည်နှင့်အမျှ၊ သတင်းအမှန်ကို ဖော်ပြနိုင်သည်နှင့်အမျှ မဏ္ဍိုင်သုံးရပ်၏ လေးစားတန်ဖိုးထားယုံကြည်မှု၊ ပြည်သူများ၏ အားကိုးချစ်ခင်ယုံကြည်မှု၊ နိုင်ငံတကာသတင်းမီဒီယာသမားများ၏ အသိအမှတ်ပြုယုံကြည်မှုတို့ တိုးမြင့်ရရှိလာမည်သာ ဖြစ်ပါသည်။ မီဒီယာကျင့်ဝတ်သည် ယင်းမီဒီယာသမားများ၏ တန်ဖိုး၊ ဂုဏ်သိက္ခာနှင့် ပရော်ဖက်ရှင်နယ်အဆင့်အတန်းကိုပြဆိုနေပါ၏။

**ကြားနေရသည်**

သို့သော်လည်း အချို့သော သတင်းသမား၊ မီဒီယာသမားများက မပြောသည်ကို အပြောလုပ်ကြသည်။ လုပ်ကြံဖန်တီးမှုတွေပါဝင်နေသည်။ အမှန်တရားကိုမျက်ကွယ်ပြုနေကြသည်။ သြဇာတိက္ကမ ရှိသော မီဒီယာအဖွဲ့အစည်းကို ဦးဆောင်နေသူများ ကိုယ်တိုင်လွဲမှားစွာပြောဆိုနေကြသည်။ ပြောသည့် အကြောင်းအရာများကလည်း အဖွဲ့အစည်းများကို ဦးစီးဦးဆောင်ပြုနေသူများနှင့် ယင်းအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော၊ နားလည်မှုလွဲမှားသွားစေနိုင်သောစကားများဖြစ်သည်။ ယခုလိုမပြောခဲ့သည်များ၊ မလုပ်ခဲ့သည်များအားပြောခဲ့သည်၊ လုပ်ခဲ့သည်ဟု မှားယွင်းပြောဆိုနေမှုများက တာဝန်ကြီးမားလွန်းလှပါသည်။ ဘေးထွက်ဆိုးကျိုးပြင်းထန်သွားနိုင်ပါသည်။ ပြောချင်ရာပြော၍ မရပါ။ ပြောတာမှန်၍ မှန်တာပြောရပါမည်။

"သတင်းထောက်ဆိုတာ လုပ်ကြံဖန်တီးမှုတွေမလုပ်ရဘူး"ဟူသည့် ဂျွန်ဟာဆေးကိုသတိရလိုက်မိပါ၏။

**သိမ်းကျုံးပုတ်ခတ်ပြောဆိုခြင်းသည် သတင်းမီဒီယာကျင့်ဝတ်နှင့်ညီပါသလား**

မကြာသေးမီက စာနယ်ဇင်းအဖွဲ့အစည်းတစ်ခုကို တာဝန်ယူထားသည့် ပုဂ္ဂိုလ်တစ်ဦးက **"သတင်းမီဒီယာဥပဒေကို အစိုးရအဖွဲ့အစည်းများလိုက်နာမှုမရှိ"**ဟု သတင်းစာတစ်စောင်နှင့်အင်တာဗျူးတွင် ဖော်ပြလာသည်။ စာလုံးမည်းကြီးဖြင့် ထင်းနေအောင် ခေါင်းစဉ်တပ်ထားပြီး စာကိုယ်ထဲတွင်လည်း တွေ့ဆုံသူ၏ ပြောစကား **"အဲဒီဥပဒေကိုအစိုးရအဖွဲ့အစည်းတွေက မလိုက်နာဘူး"**ဟု ဖော်ပြပါရှိပါသည်။

ဖြစ်စဉ်တစ်ခုအပေါ် သုံးသပ်ပြောဆိုရင်းက နိုင်ငံတော်၏ ယန္တရားအရပ်ရပ်၊ တာဝန်အစုစုကို ပြည်သူ့ကိုယ်စားဆောင်ရွက်နေသည့် အစိုးရအဖွဲ့အစည်းအားလုံးကို ပုတ်ခတ်လိုက်သည့်စကား၊ စွပ်စွဲလိုက်သည့်စကား၊ ဝေဖန်မှုဟုမသတ်မှတ်နိုင်သည့် စကားဖြစ်ပါသည်။

ဥပဒေအထက်တွင် မည်သူမျှမရှိပါ။ ဒီအကြောင်းအရာကိုဖတ်မိသူများက နိုင်ငံတော်၏ အစိုးရအဖွဲ့အစည်းအားလုံးက သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည့် သတင်းမီဒီယာဥပဒေကို လိုက်နာမှုမရှိဟု မှားယွင်းပြောကြားသည်ကို အမှန်ထင်သွားပါလျှင် ပြည်သူများက အားကိုးယုံကြည်စွာ ရွေးချယ်တင်မြှောက်လိုက်သော အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်သလို မမှန်မကန်ပြောကြားသူအတွက်လည်း တာဝန်ကြီးမားလွန်းလှပါတိ။

သတင်းစာလုပ်ငန်းရှင်ကြီး ဂျိုးဇက်ပူလစ်ဇာ၏ စာနယ်ဇင်းတို့လိုက်နာရမည့် စည်းမျဉ်းသုံးခု တိကျမှု၊ တိကျမှု၊ တိကျမှုဟူသော လမ်းညွှန်ချက်နှင့် လိုက်နာမှုမရှိသည့် သတင်း၊ သတင်းမီဒီယာ ဥပဒေပုဒ်မ(၉)ပါ သတင်းမီဒီယာသမားတိုင်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းပါ အချက်အလက်များနှင့်မကိုက်ညီဘဲ ပြောဆိုသည့် စကားများဖြစ်နေ၍ စိတ်မကောင်းဖြစ်ရသည်ထက် စိတ်ပျက်ဖွယ်ရာအခြေအနေဟုပင် ဆိုရပါမည်။ ထိုမှတစ်ဆင့်တက်၍ နစ်နာသူများဘက်က ဥပဒေနှင့်အညီ ခုခံကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးခဲ့မည်ဆိုပါသော် မလိုလားအပ်သည့် အမှုအခင်းများဖြစ်ပွားပေတော့မည်။

> **ကျင့်ဝတ်နှင့်မညီ ဆောင်ရွက်မှုများကြောင့် ဦးစွာထိခိုက်ရမည်က နိုင်ငံသူ နိုင်ငံသားများ ဖြစ်ပါ၏။ သတင်းအမှားကို အမှန်ထင်၍ ဖြစ်ပေါ်လာခဲ့သည့် နောက်ဆက်တွဲအကျိုးဆက်က ဥပမာပြု၊ တိုင်းတာ၍ မရနိုင်လောက်အောင် ကြီးမားကျယ်ပြန့်နိုင်ပါသည်**

**လွတ်လပ်စွာပြောဆိုရေးသားခွင့်ဟုဆိုရာဝယ်**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရစတင်တာဝန်ယူသည့် ယခင်အစိုးရ၏ သက်တမ်းမှစ၍ မြန်မာနိုင်ငံတွင် တွင်တွင်ကျယ်ကျယ်ခေတ်စားလာသည်က Freedom of Press၊ Freedom of Expression စသည့် ကြွေးကြော်သံများဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေးအပ်ထားပြီးဖြစ်သည့် "ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြောင်း" ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် အပြီးရုပ်သိမ်းခဲ့သည့် ဆင်ဆာစနစ်က သက်သေပြနေပါသည်။

သို့သော် လွတ်လပ်စွာပြောဆိုခွင့်ကို တလွဲအသုံးချနေသူများအတွက် နိုင်ငံကျော်အနုပညာရှင်လည်းဖြစ်၊ နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးလည်းဖြစ်ပြီး ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့သူ အစိုးရများ၏ အားနည်းချက်များကို ပွင့်လင်းမြင်သာစွာထောက်ပြဝေဖန်ရဲသူ ဦးဇာဂနာကိုယ်တိုင်က "လွတ်လပ်စွာပြောဆိုခွင့်ဆိုတာ လွတ်လပ်စွာစော်ကားခွင့်မှမဟုတ်တာ၊ လွတ်လပ်စွာပြောဆိုခွင့်ကို ကျွန်ုပ်တို့က အင်မတန် အလေးထားပါတယ်၊ လွတ်လပ်စွာပြောဆိုခွင့်ဆိုတာ လွတ်လပ်စွာဆဲရေးခွင့်မဟုတ်သလို လွတ်လပ်စွာစော်ကားခွင့်လည်းမဟုတ်ဘူးလေ"ဟု သူ့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်းထုတ်ဖော်ခဲ့ပါ၏။ သတိချပ်စရာပင်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ယခုလဆန်းပိုင်းတွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ် မီဒီယာဖွံ့ဖြိုးမှုညီလာခံတွင် သတင်းမီဒီယာတို့၏ ကျင့်ဝတ်နှင့်အညီ အလေးထားဖော်ပြရေး၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတို့ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပါသေးသည်။

**ကျင့်ဝတ်နှင့်မညီဘာဖြစ်မလဲ**

ကျင့်ဝတ်နှင့်မညီ ဆောင်ရွက်မှုများကြောင့် ဦးစွာထိခိုက်ရမည်က နိုင်ငံသူနိုင်ငံသားများဖြစ်ပါ၏။ သတင်းအမှားကို အမှန်ထင်၍ ဖြစ်ပေါ်လာခဲ့သည့် နောက်ဆက်တွဲအကျိုးဆက်က ဥပမာပြု၊ တိုင်းတာ၍မရနိုင်လောက်အောင် ကြီးမားကျယ်ပြန့်နိုင်ပါသည်။

ဒုတိယထိခိုက်မည်မှာ မဟုတ်မမှန် ပြောဆိုခြင်းခံရသည့်၊ ရေးသားခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများပင်ဖြစ်ပါ၏။ သတင်းအမှားကြောင့်လူပုဂ္ဂိုလ်အနေဖြင့် ဘဝပျက်သွားရမှုများ (သို့မဟုတ်) ဘဝသေသွားလောက်အောင် ဖြစ်ပွားနိုင်မှုများ၊ အဖွဲ့အစည်းအနေဖြင့်ဆိုလျှင်လည်း လူ့ဘောင်လောကအတွင်းတွင် မည်သို့မျှ နာလန်မထူနိုင်လောက်အောင် ကျဆုံးသွားနိုင်သည်များ ဖြစ်ပွားစေနိုင်ပါသည်။

တတိယထိခိုက်နိုင်သူများက ကိုယ်တိုင်ပြုလုပ်ခဲ့ကြသူများဖြစ်ပါ၏။ တစ်ဖက်နစ်နာသူက ခံစားရမှုအတိုင်း အတာအလျောက်၊ နစ်နာမှုအလျောက် ဥပဒေနှင့်အညီ တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ သတင်းအချက်အလက်မခိုင်မာဘဲပြောတုန်းကပြော၊ ရေးတုန်းကရေး၊ ဖော်ပြတုန်းကဖော်ပြပြီး ပြဿနာတက်ပြီဆိုပါမှ မည်သည့်နည်းလမ်းနှင့်ပဲဆောင်ရွက်ရမည်၊ မည်သည့်ပုံစံမျိုးတော့ မလုပ်ရစသည်ဖြင့် စောဒကတတက်နေ၍မရပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များပါ ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆိုဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၇၅ တွင် "ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီခုခံချေပခွင့်ရှိစေရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းဖော်ပြပါရှိပါသည်။ အခြေခံဥပဒေကပေးထားသော အခွင့်အရေးကို နိုင်ငံသားအားလုံးတစ်ပြေးညီ အပြည့်အဝအသုံးချပိုင်ခွင့်ရှိနေပါသည်။

သို့သော် ယနေ့အချိန်ကာလသည် နိုင်ငံသူနိုင်ငံသားများ၏ ပေါင်းစည်းစွမ်းအားဖြင့် နိုင်ငံသစ်ကို ထုဆစ်ပုံဖော်နေချိန်တွင် မဏ္ဍိုင်အချင်းချင်းအကြား မလိုလားအပ်သောသံသယပွားမှု၊ အချင်းများမှု၊ ဖြေရှင်းနေရမှုများဖြင့် အချိန်ကုန်မခံစေချင်ပါ။ ယင်းတို့၏အကျိုးဆက်ကြောင့် ဒီမိုကရေစီခရီးလမ်းတုံ့ဆိုင်းနှောင့်နှေးမှုများလည်း မဖြစ်စေချင်ပါ။ ဤသည်ကားစာရေးသူ၏ ဆန္ဒအမှန်ပင်ဖြစ်ပါသည်။

**တောင့်တတဲ့လိုအင် ဖြစ်ချင်တဲ့ဆန္ဒ**

သို့ဖြစ်ရာ ကျွန်ုပ်တို့ မြန်မာမီဒီယာသမားများသည် စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်ခိုင်မတ်မတ် နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားကို အခါမလပ် ထမ်းဆောင်နိုင်ကြပါစေကြောင်း။

ကျင့်ဝတ်စည်းကမ်းနှင့် ညီညွတ်သည့် မီဒီယာသမားများအဖြစ် နိုင်ငံတော်အစိုးရအပါအဝင် နိုင်ငံသူ နိုင်ငံသားအားလုံးတို့၏ လေးစားချစ်ခင်ယုံကြည်အားထားမှုကို ရယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

# မှူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းသိရှိလိုက်နာရေးဟောပြော

**စလင်း နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကန်ပြားကျေးရွာဓမ္မာရုံ၌ နိုဝင်ဘာ ၁၄ ရက်က ကျေးရွာပြည်သူများကို မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် စလင်းမြို့နယ် မြို့နယ်မှူးရဲမှူး ငွေတင်က ရဲအရေးပိုင်ပြစ်မှုနှင့် ရဲအရေးမပိုင်ပြစ်မှုများကို ပြည်သူအများ ခွဲခြားသိရှိရန်လိုကြောင်း၊ ရဲအရေးမပိုင်သောပြစ်မှုများကို တရားရုံးသို့ ဆက်လက်ပေးပို့ရ၍ ရဲတပ်ဖွဲ့အပေါ် အထင်လွဲတတ်ကြောင်း၊ သို့ဖြစ်၍ သိလိုသည်များကို သက်ဆိုင်ရာရဲစခန်းများတွင် မေးမြန်းနိုင်ပါကြောင်း ဟောပြောသည်။

ယခုအခါ ပြည်သူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာမှုအားနည်း၍ နေ့စဉ်လိုလို ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိကြောင်း၊ ယခင်က ယာဉ်ကြီးနှင့်ယာဉ်ငယ် တိုက်မိပါက ဘယ်သူမှားမှား ယာဉ်ကြီးသာ အရေးယူခံရမည်ဟုမှတ်ယူနေကြပြီး ယခုမူ ယာဉ်ကြီး ယာဉ်ငယ်မရွေး မှားယွင်းသူသာ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်စည်းကမ်း မသိရှိ မလိုက်နာဘဲ စီးနင်းပါက ထိခိုက်ပျက်စီးမှုရှိစေကာမူ မှားယွင်းပါက အရေးယူခံရမည်ကို သိရှိရန်လိုအပ်ပြီး သတ်မှတ်ယာဉ်စည်းကမ်းများနှင့်အညီ အလေးထားလိုက်နာကြပါ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာရဲမှူးငွေတင်က ပြန်လည်ဖြေကြားပြီး ယင်းဟောပြောပွဲသို့ ကန်ပြားကျေးရွာမှ ပြည်သူများ စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



# မောင်တောနယ်မြေအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရေး အကြမ်းဖက်သမားများအနေဖြင့် လုပ်ကြံဖန်တီးခြင်းများ ပြုလုပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ချက်အမှတ် ၁/၂၀၁၆ အား ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ**
**သတင်းထုတ်ပြန်ချက်အမှတ် ၁/၂၀၁၆**
**၁၃၇၈ ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)**

၁။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်ထုတ် Bangkok Post သတင်းစာပါ မောင်တောနယ်မြေအတွင်း လူနေအဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရသည့် သတင်းနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ၎င်းသတင်းနှင့်ပတ်သက်၍ တိကျစွာထုတ်ပြန်နိုင်ရန် တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ဝါးပိတ်ကျေးရွာ၊ ကြက်ရိုးပြင်ကျေးရွာ၊ ဒါးကြီးဇားကျေးရွာနှင့် ပတ်ဝန်းကျင်နယ်မြေများအား လှည့်လည်၍ ဓာတ်ပုံရိုက်ခြင်း၊ မျက်မြင်စစ်ဆေးခြင်းတို့အား နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ဆောင်ရွက်ခဲ့ရာ ဝါးပိတ်ကျေးရွာ၌ အဆောက်အအုံ ၁၀၅ လုံးခန့် ၊ ကြက်ရိုးပြင်ကျေးရွာ၌ အဆောက်အအုံ ၃၀ လုံးခန့်၊ ဒါးကြီးဇားကျေးရွာ၌ အဆောက်အအုံ ၃၀ လုံးခန့် ၊ ပြောင်ပိုက်ကျေးရွာ၌ အဆောက်အအုံ ၂၀ လုံးခန့် မီးလောင်ပျက်စီးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၃။ ဝါးပိတ်ရွာ၌ နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀ ဦးခန့် ဝင်ရောက်လာကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးအဖွဲ့များက သွားရောက်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်သူများသည် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးပြီး ထွက်ပြေးသွားခဲ့ကြောင်း နိုဝင်ဘာ ၁၄ ရက်ထုတ် မြဝတီသတင်းစာနှင့် မြဝတီရုပ်မြင်သံကြား၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ Bangkok Post သတင်းစာ၌ HRW- Human Rights Watch က ထုတ်ပြန်ထားသည့် ဂြိုဟ်တုသတင်းဓာတ်ပုံများအား အခြေခံ၍သတင်းရေးသားထားသဖြင့် နိုဝင်ဘာ ၁၃ ရက်နေ့ မတိုင်မီကတည်းကပင် ဝါးပိတ်ကျေးရွာ၌ အဆောက်အအုံ ၁၀၀ ခန့် မီးရှို့ခံရကြောင်း စွပ်စွဲဖော်ပြထားကြောင်းတွေ့ရှိရသည်။ ၎င်းကျေးရွာ၌ HRW ၏ သတင်းဖော်ပြချက်မတိုင်မီ မီးလောင်ပျက်စီး အဆောက်အအုံ ၂၅ လုံးသာရှိကြောင်း အောက်တိုဘာ ၁၃ ရက်နေ့ထုတ် မြဝတီသတင်းစာနှင့် မြဝတီရုပ်မြင်သံကြားတို့၌လည်း သတင်းဖော်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် စစ်ဆေးတွေ့ရှိချက်များအရ ဝါးပိတ်ကျေးရွာတွင် မူလရှိရင်း အဆောက်အအုံ ၂၆၁ လုံး၊ မီးလောင်ပျက်စီးမှုအဆောက်အအုံ ၁၀၅ လုံး ရှိကြောင်း တွေ့ရှိရသည်။ Bangkok Post ၌ ကြက်ရိုးပြင်ကျေးရွာတွင် အဆောက်အအုံ ၂၄၅ လုံးမီးရှို့ဖျက်ဆီးခံရကြောင်းဖော်ပြခဲ့သော်လည်း စစ်ဆေးချက်များအရ ၎င်းကျေးရွာ၌ မူလရှိရင်းအဆောက်အအုံ ၃၆၂ လုံးရှိပြီး ၃၀ လုံးခန့်သာ မီးလောင်ပျက်စီးကြောင်း တွေ့ရသည်။ အလားတူ ၇၀၀ လုံး မီးရှို့ဖျက်ဆီးခံရကြောင်း စွပ်စွဲဖော်ပြခဲ့သော ဒါးကြီးဇားကျေးရွာ၌ မူလရှိရင်း အဆောက်အအုံ ၃၃၀ လုံးသာရှိခဲ့ပြီး စစ်ဆေးချက်များအရ အဆောက်အအုံ ၃၀ လုံးခန့်သာ မီးလောင်ပျက်စီးကြောင်း မြေပြင်၌တွေ့ရသည်။ HRW ၌ ပြောင်ပိုက်ကျေးရွာတွင် အဆောက်အအုံ ၈၅ လုံး မီးလောင်ခဲ့ကြောင်း ဖော်ပြထားသော်လည်း စစ်ဆေးချက် များအရ ၂၀ လုံးသာ မီးလောင်ပျက်စီးမှုရှိကြောင်း တွေ့ရှိရသည်။ ၎င်းမီးလောင်ပျက်စီးမှုမှာလည်း အကြမ်းဖက်သမားများ၏ ရှို့မီးကြောင့်သာဖြစ်ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

၄။ ရဟတ်ယာဉ်ဖြင့် မီးလောင်ပျက်စီးမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေးရာတွင် ညနေ ၃ နာရီခန့်၌ ရေခပ်ချောင်းဂွဆုံကျေးရွာသို့ ရောက်ရှိစဉ် အဆောက်အအုံတချို့ မီးလောင်နေကြောင်း တွေ့ရှိရသဖြင့် ပတ်ဝန်းကျင်တွင်လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများသို့ အကြောင်းကြား၍ ဝိုင်းဝန်းမီးငြိမ်းသတ်စေခဲ့ရာ အဆောက်အအုံ ၁၇ လုံး မီးလောင်ခဲ့ကြောင်း သိရှိရသည်။

၅။ မောင်တောနယ်မြေအတွင်း အကြမ်းဖက်လှုပ်ရှားနေသော အကြမ်းဖက်သမားများအနေဖြင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရေး၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးလျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်ပြီးပါက အချို့သတင်းမီဒီယာများဖြင့် ချိတ်ဆက်၍ လိမ်လည်သတင်းဖြန့်ချိခြင်း၊ နိုင်ငံတကာမှ အထောက်အပံ့များရရှိအောင် လုပ်ကြံဖန်တီးခြင်းများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ မောင်တောနယ်မြေအတွင်း နယ်မြေရှင်းလင်းရေးဆောင်ရွက်နေမှုများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# မောင်တောမြို့ပေါ်နှင့် မောင်တောတောင်ပိုင်းတွင် တည်ငြိမ်အေးချမ်းလျက်ရှိ

**သတင်း - ကိုသက်နှင့်အဖွဲ့၊ ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းထက်**

**မောင်တော နိုဝင်ဘာ ၁၆**
မိမိတို့ သတင်းအဖွဲ့ နိုဝင်ဘာ ၁၆ ရက်တွင် မောင်တော - အလယ်သံကျော် ကွန်ကရစ်လမ်းမကြီးအတိုင်း ခရေမြိုင်ရွာဘက်သို့ သွားရောက်၍ ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့ (ARG) က နယ်မြေအတွင်းကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် သတင်းကိုသွားယူခဲ့သည်။

အပြန်တွင် ခရေမြိုင်ရွာထဲသို့ ဝင်ရောက်ပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်အား ဝင်ရောက်ဖူးမြော်ခဲ့သည်။ ဆရာတော်က တိုင်းရင်းသားကျေးရွာများ၏ လုံခြုံရေး ပိုမိုဆောင်ရွက်ပေးစေလိုမှု၊ ကျေးရွာနေပြည်သူများ ဘာသာ၊ သာသနာကို ပိုမိုကိုးကွယ်ဆည်းကပ်စေလိုမှုနှင့် ပိုမိုစည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိစေလိုမှု စသည့်စေတနာစကားများကို မိန့်ကြားခဲ့သည်။

ထို့နောက် ဗောဓိကုန်း၊ ဝေသာလီ စသည့်ကျေးရွာများကို ဖြတ်သန်းလာခဲ့ရာစပါးရိတ်သိမ်းနေသူများ၊ ခြွေလှေ့နေသူများ၊ ရာသီသီးနှံစိုက်ပျိုးနေသူများ၊ ငါးရှာသူများ၊ ကျောင်းဆင်းလာသော ကျောင်းသား ကျောင်းသူများ၊ အငှားယာဉ် သုံးဘီးဆိုင်ကယ်များဖြင့် သွားလာနေသူများစသည်ဖြင့် အေးချမ်းနေသောနယ်မြေအခြေအနေကို မျက်မြင်တွေ့ခဲ့ရသည်။

နိုဝင်ဘာ ၁၂ ရက်နေ့က မောင်တောမြောက်ပိုင်းဖြစ်သည့် မောင်တော-ကြိမ်ချောင်းလမ်းဘက် ဖြတ်သန်းစဉ် တိုက်ပွဲဖြစ်ပွားမှုနှင့် လမ်းတွင် ကားကိုမိုင်းဆွဲတိုက်ခိုက်ခံရမှုသတင်းကို ကြားသိရပြီး ထိခိုက်မှုများလည်းရှိသည်ကို သိခဲ့ရသည်။ နိုဝင်ဘာ ၁၃ ရက် သတင်းစာများတွင်လည်း အဆိုပါတိုက်ပွဲသတင်းနှင့် ပတ်သက်၍ သိရှိခဲ့ရပြီး နောက်နေ့တွင်လည်း နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်နေသည့် သတင်းများကို ကြားရသည်။



မောင်တောမြို့နယ်ရှိ ကျေးရွာတစ်ရွာ၌ စပါးရိတ်သိမ်းနေသူများကို တွေ့ရစဉ်

မိမိတို့အဖွဲ့ နိုဝင်ဘာ ၁၃ ရက်က မောင်တောတောင်ပိုင်းဒေသဖြစ်သည့် ကံပူ၊ အလယ်သံကျော်၊ မောရဝတီ၊ ဥဒေါင်း၊ ကိုင်းကြီး၊ ဒုချိုးရားတန်း၊ ရွှေဇဟိုရ်စသည့်ကျေးရွာများကို ကားလမ်းမကြီးအတိုင်း ဖြတ်သန်းကြည့်ရှုခဲ့စဉ် နဂိုအခြေအနေအတိုင်း မဟုတ်သေးသည့်တိုင် နယ်မြေအခြေအနေအေးချမ်းပြီး တည်တည်ငြိမ်ငြိမ်ရှိနေသည်ကို တွေ့ခဲ့ရသည်။

နိုဝင်ဘာလ ၁၀ ရက်နေ့ မောင်တောမြို့သို့ မိမိတို့ရောက်ကတည်းက မြို့ပေါ်တွင် ဈေးဆိုင်အများစု ဖွင့်လှစ်ထားခြင်း၊ ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင်လည်း လူများစုစုဝေးဝေးဖြင့် အေးအေးချမ်းချမ်းရှိနေခြင်းတို့ကို တွေ့မြင်ရပြီး နိုဝင်ဘာလ ၁၄ ရက် တန်ဆောင်မုန်း လပြည့်နေ့ကလည်း မြို့ပေါ် ဘုန်းကြီးကျောင်းများနှင့် သာသနာ့ဗိမာန်တို့တွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းများ၊ အလှူအတန်းများ စည်စည်ကားကားပြုလုပ်နိုင်ကြသည်ကို တွေ့ခဲ့ရသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့ မောင်တောမြို့အတွင်း လှည့်လည်သတင်းယူစဉ် မောင်တောမြို့မဈေး၌ စိန်ရွှေရတနာဆိုင်များ၊ အထည်ဆိုင်များ၊ ကုန်မာဆိုင်များ၊ စားသောက်ကုန်ဆိုင်များ၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ ရေလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ နာရီနှင့် မျက်မှန်ဆိုင်၊ ခရီးဆောင်အိတ် အမျိုးမျိုးအရောင်းဆိုင် စသည်တို့၌ ရောင်းဝယ်နေသူများဖြင့် အေးအေးချမ်းချမ်းရှိနေသည်ကိုတွေ့ရသကဲ့သို့ ရပ်ကွက် (၂) ဈေးတွင်လည်း ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့မြင်ခဲ့ရသည်။

မောင်တောမြို့ဝန်းကျင်ရှိ ကျေးရွာများမှလည်း ၎င်းတို့ကျေးရွာမှ ထွက်ရှိသည့် သီးနှံများ လာရောက်ရောင်းချခြင်း၊ လိုအပ်သည့်ပစ္စည်းများ ပြန်လည်ဝယ်ယူခြင်းစသည်တို့ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် မောင်တောမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ ကမ္ဘာ့ရတနာဘဏ် စသည့်ဘဏ်ခွဲများလည်း ပြန်လည်ဖွင့်လှစ်ထားသည်ကို တွေ့မြင်ခဲ့ရပါကြောင်း မောင်တောမြို့ပေါ်နှင့် အနီးတစ်ဝိုက် အေးချမ်းတည်ငြိမ်နေမှု အခြေအနေကို ရေးသားတင်ပြလိုက်ရပါသည်။



မောင်တောမြို့ပေါ်၌ ပြည်သူများတည်ငြိမ်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားသွားလာနေမှုကို တွေ့ရစဉ်

# ရခိုင်ပြည်နယ်အတွင်း အမြန်ဆုံးတည်ငြိမ်သည့်အနေအထားသို့ ပြန်ရောက်စေရန် ဆောင်ရွက်သွားမည်

❒ *ကျော်ဖုံးမှ*

ကော်မတီအနေဖြင့် အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသည် အစီရင်ခံစာပါအချက်များနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြရန် ဖြစ်ပါကြောင်း၊ Human Rights Watch (HRW) မှ နိုဝင်ဘာ ၁၀ ရက်က ရခိုင်ပြည်နယ် မောင်တောဒေသရှိ ကျေးရွာများ မီးလောင်မှုနှင့်စပ်လျဉ်းပြီး အစီရင်ခံစာထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်အပေါ်မူတည်ပြီး ဗန်ကောက်ပို့စ်သတင်းစာမှ နိုဝင်ဘာ ၁၄ ရက်က သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ HRW ၏ သတင်းထုတ်ပြန်ချက်အပေါ်အခြေခံပြီး ထုတ်ပြန်သွားခြင်း ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

### အသေးစိတ်ရှင်းလင်း

မိမိတို့အနေဖြင့် HRW ၏ သတင်းထုတ်ပြန်ချက်တွင်ပါရှိသည့် စွပ်စွဲချက်များနှင့် ပတ်သက်ပြီး လက်တွေ့မြေပြင်၌ ပြန်လည်စိစစ်မှုများပြုလုပ်ပြီး ရရှိလာသည့်သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဟု ကြေညာထားပါကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်က စတင်ဖြစ်ပွားခဲ့သော မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဗန်ကောက်ပို့စ်မှ နိုဝင်ဘာ ၁၄ ရက် မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ အလားတူ အခြားမီဒီယာများတွင်လည်း သတင်းများပါရှိခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ခေါင်းဆောင်များတွေ့ဆုံပြီး လက်တွေ့မြေပြင်အခြေအနေများသိရှိနိုင်ရန် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် ဝါးပိတ်ကျေးရွာ၊ ကြက်ရိုးပြင်ကျေးရွာ၊ ပြောင်ပိုက်ကျေးရွာ၊ ဒါးကြီးဇားကျေးရွာ ပတ်ဝန်းကျင်နယ်မြေများကို ဓာတ်ပုံရိုက်ကူးခြင်း၊ မျက်မြင်စစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဒေသများသို့ နိုဝင်ဘာ ၁၅ ရက်က သွားရောက်စစ်ဆေးရာ၌ ဝါးပိတ်ကျေးရွာမှ အဆောက်အအုံ ၁၀၅ လုံး၊ ကြက်ရိုးပြင်ကျေးရွာမှ အဆောက်အအုံ အလုံး ၃၀၊ ဒါးကြီးဇားကျေးရွာမှ အဆောက်အအုံ အလုံး ၃၀ နှင့် ပြောင်ပိုက်ကျေးရွာမှ အဆောက်အအုံ အလုံး ၂၀ မီးလောင်ပျက်စီးခဲ့သည်ကို တပ်မတော်မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ တွေ့ရှိခဲ့ပါကြောင်း စသဖြင့် Human Rights Watch (HRW) ၏ အစီရင်ခံစာပါအချက်များနှင့်စပ်လျဉ်း၍ ကွဲလွဲမှုများအား



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ
ဗိုလ်ချုပ်စိုးနိုင်ဦး
ရှင်းလင်းစဉ်




နိုင်ငံခြားရေးဝန်ကြီးဌာနမှ
ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုး
ရှင်းလင်းစဉ်

တိကျစွာ သတင်းထုတ်ပြန်နိုင်ရန် မြေပြင်သို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် လက်ရှိ ရခိုင်ပြည်နယ်၏ နောက်ဆုံးအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

### သီးခြားဖော်ပြထား

**အဆိုပါ ရှင်းလင်းပြောကြားချက်များအား သတင်းထုတ်ပြန်ချက်ဖြင့် သီးခြားဖော်ပြထားပါသည်။**

ထို့နောက် ကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုးက ကော်မတီအတွင်းရေးမှူး ဦးဇော်ဌေး၏ ရှင်းလင်းပြောကြားချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### အနည်းဆုံးဖြစ်စေရန်

မောင်တောဒေသအား စစ်ဆင်ရေးဒေသအဖြစ် သတ်မှတ်ထားခြင်း၊ ရဟတ်ယာဉ်သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ဦးဇော်ဌေးက မောင်တောဒေသသည် ပဋိပက္ခဖြစ်စဉ်၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားနေသည့်အတွက် စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ ရဟတ်ယာဉ်၏ စွမ်းပကားအား အသုံးပြုရာတွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းသုံးစွဲခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ် ပထမဆုံးအသုံးပြုသည်မှာ စစ်ကြောင်းမှူး ထိခိုက်ခဲ့သည့်အတွက် ရဟတ်ယာဉ်စေလွှတ်ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်တွင် စက်သေနတ်အမျိုးအစားကိုသာ အသုံးပြုခြင်းဖြစ်ကြောင်း၊ ဒုံးကျည်၊ ဗုံးများ အသုံးပြု၍ရသော်လည်း အပြစ်မဲ့ပြည်သူများ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် ကန့်သတ်၍ သုံးခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

မီဒီယာများအား သတင်းယူခွင့်နှင့် ပတ်သက်၍ စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ဦးဇော်ဌေးက အဆိုပါကိစ္စနှင့် ပတ်သက်၍ ဖြေဆိုရန် နှစ်ပိုင်းရှိပါကြောင်း၊ နံပါတ်တစ်အပိုင်းမှာ သတင်းထုတ်ပြန်မှုအပိုင်း ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်မှုအပိုင်းတွင် ကော်မတီဖွဲ့စည်းရခြင်းရည်ရွယ်ချက်သည် ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ရန်ဖြစ်ကြောင်း၊ မနက်ဖြန်မှစတင်၍ ကော်မတီမှ မြေပြင်သတင်းရရှိမှုအား ဖြစ်ဖြစ်ချင်း အမြန်ဆုံးထုတ်ပြန်ပေးရန် ကြိုးစားသွားမည် ဖြစ်ကြောင်း၊ နံပါတ်နှစ်အချက်မှာ မြေပြင်တွင် မီဒီယာများ သတင်းယူခွင့်နှင့်ပတ်သက်၍ လက်ရှိ မောင်တောအခြေအနေမှာ တည်ငြိမ်မှုကို ပြန်ထိန်းနေသည့် အခြေအနေဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြေပြင်အား သံတမန်များ စေလွှတ်သကဲ့သို့ ဆောင်ရွက်ပေးရန် စီစဉ်နေပါကြောင်း၊ လက်ရှိတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းအဖွဲ့စေလွှတ်ထားပါကြောင်း၊ မောင်တောတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးစီး၍ မြေပြင်အခြေအနေသတင်းများ ရယူလျက်ရှိပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ညှိနှိုင်း၍ စေလွှတ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ စေလွှတ်သည့်အခါတွင် ၎င်းတို့၏လုံခြုံရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးယူပေးရန်နှင့် အစိုးရအပိုင်းမှ သတင်းအချက်အလက်များကို အခြေခံပြီး ထုတ်ပြန်မည်။ မြေပြင်တွင် သတင်းအချက်အလက်များစုစည်းမည့် သတင်းကွန်ရက်များ ဖွဲ့စည်းမှု အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ဦးဇော်ဌေးက ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီရုံးကို နိုင်ငံတော်သမ္မတအိမ်တော် အောက်ထပ်တွင် ရုံးခန်းဖွင့်ထားပြီး တာဝန်ရှိသူများအားလုံး ရုံးချိန် တွင် ရုံး၌ ရှိမည်ဖြစ်ပါကြောင်း၊ တပ်မတော်မှ ကိုယ်စားလှယ်မှာ ဗိုလ်ချုပ် စိုးနိုင်ဦး ဖြစ်ပါကြောင်း၊ ၎င်းသည် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ဒုတိယခေါင်းဆောင်လည်း ဖြစ်ပါကြောင်း။

### ထုတ်ပြန်ပေးသွားမည်

လက်တွေ့မြေပြင်တွင် နေ့စဉ် ဖြစ်စဉ်ဖြစ်ပွားမှုများကို အချိန်နှင့်တစ်ပြေးညီ တပ်မတော်အပိုင်းက ကြေညာမည်ဖြစ်ပါကြောင်း၊ မြေပြင်တွင် ဖြစ်ပွားသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဆိုင်ရာ လှုပ်ရှားမှုဖြစ်စဉ်များကို ချက်ချင်းတင်ရပါကြောင်း၊ ဖုန်းဖြင့်သော် လည်းကောင်း၊ ကြေးနန်းဖြင့်သော် လည်းကောင်း တင်ရပါကြောင်း၊ ယင်းသတင်းများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကိုယ်စားလှယ်လည်း ရှိပါကြောင်း၊ ကျန်အပိုင်းများကို ရခိုင်ပြည်နယ်အစိုးရ၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့

## HRW ၏ ထုတ်ပြန်ချက်နှင့် အမှန်တကယ်ပျက်စီးမှု နှိုင်းယှဉ်ချက်

| ကျေးရွာ | HRW (အိမ်ခြေ) | Real (အိမ်ခြေ) |
|---|---|---|
| ဝါးပိတ် | ၁၀၀ | ၁၀၅ |
| ကြက်ရိုးပြင် | ၂၄၅ | ၃၀ |
| ပြောင်ပိုက် | ၈၅ | ၂၀ |
| ဒါးကြီးဇား | အားလုံးပျက်စီး | ၃၀ |

## ဒါးကြီးဇားကျေးရွာ၏ အခြေအနေအမှန်ဖော်ပြချက်




HRW- ရွာလုံးကျွတ် လက်တွေ့မြေပြင်-၃၀

ကူညီပံ့ပိုးပေးရန် ညှိနှိုင်းပြီး စေလွှတ်ခြင်းဖြစ်ကြောင်း၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် ရှေ့ပြေးအဖွဲ့ဆောင်ရွက်ချက်၊ သတင်းယူသည့်အနေအထားအပေါ်မူတည်၍ ပုဂ္ဂလိက မီဒီယာများကို စေလွှတ်မည်ဖြစ်ပါကြောင်း၊ လွှတ်သည့်အခါတွင် လူများစွာဖြင့် လွှတ်၍ မရကြောင်း၊ မိမိတို့အနေဖြင့် မီဒီယာအစုံပါအောင် ရည်ရွယ်၍ လွှတ်ဖို့ရှိကြောင်း၊ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တိုက်ပွဲများနှင့်ပတ်သက်၍ လိုက်ပါသတင်းယူရာတွင် ကန့်သတ်ချက်များရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းများလည်း များစွာရှိကြောင်း၊ နိုင်ငံတကာတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံများရှိခဲ့သော်လည်း မိမိတို့နိုင်ငံတွင် နည်းနေသေးကြောင်း၊ ထိုသို့နည်းသည့်အတွက် လုံခြုံရေးမထိခိုက်စေရန်နှင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကိုလည်း ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် Conflict, Sensitive, Journalism နှင့်ပတ်သက်၍ မည်သို့ရွေးချယ်မည်၊ အဆိုပါသတင်းများအား မည်သို့ရယူမည်ဆိုသည်ကို မီဒီယာနှင့် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။


သတင်းများအား အချိန်နှင့်တစ်ပြေးညီ မည်သို့ထုတ်ပြန်မည်၊ ဘယ်က ပေးပို့သည့် ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်တွေ့ဖြစ်ပြီဆိုသည်နှင့် ချက်ချင်း ကြေးနန်းသတင်း၊ ဖုန်းသတင်းများရရှိနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး ပြည့်စုံသည့်သတင်းရပြီဆိုပါက ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်မှု အမြန်ရရှိစေရန်အတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ အခက်အခဲများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယခုဖြစ်စဉ်များနှင့်ပတ်သက်၍ မေးခွန်းအပေါ် အမြန်ဆုံးတည်ငြိမ်သည့် အနေအထားသို့ပြန်ရောက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိမြေပြင်အခြေအနေတွင် နိုဝင်ဘာ ၁၂ ရက်က ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးရမိသည့် ၃၆ ဦးအနက် မိုဟာမက်အစ္စလာမ် အသက် ၄၄ နှစ်သည် ပွင့်ဖြူချောင်းကျေးရွာတွင် နေထိုင်ပြီး နိုဝင်ဘာ ၁၂ ရက်က ရွာသူရွာသားများနှင့်အတူ တိုက်ပွဲဖြစ်သည့်နေရာသို့ လိုက်သွားကြောင်း၊ ၎င်း၏ထွက်ဆိုချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြန်လာသည့် အကြမ်းဖက်သမားများက ၎င်းတို့၏ကျေးရွာများကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း။

နိုဝင်ဘာ ၁၄ ရက်က ဖမ်းဆီးရမိသည့်

*စာမျက်နှာ ၉ သို့*

## မီဒီယာဖော်ပြချက်နှင့် အခြေအနေအမှန် (ပြောင်ပိုက်ကျေးရွာ)




HRW - ၈၅



လက်တွေ့မြေပြင် - ၂၀

## မီဒီယာဖော်ပြချက်နှင့် အခြေအနေအမှန် (ကြက်ရိုးပြင်ကျေးရွာ)



HRW - ၂၄၅




လက်တွေ့မြေပြင် - ၃၀

*စာမျက်နှာ ၈ မှ*

ဆာဒူအာမေး (အဖ-အဒူလာ)သည် ကြိမ်ချောင်းကျေးရွာမှ မြောက်ဘက်ရှိ မြစင်ကျေးရွာသို့ ရွာသားများနှင့်အတူလိုက်လာပြီး စစ်တပ်နှင့် လုံခြုံရေးအဖွဲ့ကို တိုက်ခိုက်အကြမ်းဖက်ရန် ရည်ရွယ်သည်ဟု ထွက်ဆိုထားကြောင်း။

**ခိုင်ခိုင်မာမာကိုင်တွယ်**

နိုင်ငံတကာသံတမန်များ သွားရောက်စဉ် အင်္ဂလိပ်စာဖြင့်ရေးထားသော ဒေသခံများ ကိုင်ဆောင်ထားသော ဆိုင်းဘုတ်များကို ၎င်းတို့ကိုယ်တိုင် သိရှိနားလည်မှု ရှိ/မရှိ မေးမြန်းရာ မသိကြောင်း၊ ထိုဆိုင်းဘုတ်များ ဘယ်ကရလဲ မေးမြန်းရာ ဖုန်း Viber မှ ပို့ပေးခြင်းဖြစ်ကြောင်း ပြန်ဖြေပြီး မည်သူပေးသည်ကို မေးမြန်းရာ မဖြေကြကြောင်း၊ ယခု မောင်တောပဋိပက္ခဖြစ်စဉ်သည် ပုံမှန်ရိုးရိုးရှင်းရှင်း စဉ်းစား၍ မရကြောင်း၊ အစွန်းရောက်များ၏ စိတ်ထဲတွင် တပ်နှင့်ရဲလာလျှင် မည်သို့တုံ့ပြန်ရမည်ကိုသာ ပြင်ဆင်နေကြောင်း၊ တစ်ဖက်မှ လုံခြုံရေးစည်းကမ်းများ သတ်မှတ်ထားသော်လည်း ပြည်ပမှ အကြံအစည်များဖြင့် ဝင်ရောက်နေခြင်းဖြစ်၍ ရေရှည်တွင် ခိုင်ခိုင်မာမာကိုင်တွယ်နိုင်ရန် တာဝန်နှစ်ရပ်ဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ စည်းရုံးခံထားရသည့် အစွန်းရောက်များကို အစွန်းရောက်စိတ်ပပျောက်သွားအောင် ရေရှည်ဆောင်ရွက်ရန်၊ နှစ်ဖက် တည်ငြိမ်လုံခြုံအေးချမ်းစွာ နေထိုင်နိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးသွားရန်ဖြစ်ကြောင်း၊ သို့သော် လက်တွေ့မြေပြင်တွင် ရွာသားနှင့် တိုက်ခိုက်သည့် အကြမ်းဖက်သမားများမှာ ရောနှောနေသဖြင့် ဖြေရှင်းရန်ခက်ခဲကြောင်း၊ အချိန်ယူပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အမြန်ဆုံး တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ယင်းဒေသရှိ အမျိုးသမီးများ အဓမ္မပြုကျင့်ခံရမှုအား စုံစမ်းမေးမြန်းရာ မရှိဟု ဖြေဆိုပါကြောင်း၊ ယခုကဲ့သို့ ဆူပူမှုများဖန်တီးသည်မှာ တတိယအကြိမ်မြောက်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအပိုင်းနှင့်လည်း ချိတ်ဆက်၍ လှုပ်ရှားနေမှုများလည်းရှိကြောင်း ဖြေကြားသည်။

**နိုင်ငံတကာဥပဒေနှင့်အညီ**

ထို့ပြင် နောက်ပိုင်းမှ လှုံ့ဆော်ပေးနေသည့် အဖြစ်အပျက်များကိုလည်း တွေ့နေရပါကြောင်း၊ အောက်တိုဘာ ၉ ရက်က လုံခြုံရေးတပ်ဖွဲ့ကို လာတိုက်ခိုက်သည်မှာ ဆွပေးသည့်ပုံစံဖြစ်နေပြီး တစ်ဖက်တွင်လည်း ကုလသမဂ္ဂတွင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဖြုတ်ချပေးရန် တောင်းဆိုရာ အားလုံးက သဘောတူပြီး ဖြုတ်ချပေးခဲ့သည်ကို မလိုလားသဖြင့် ဆူပူမှု မဖြစ်ဖြစ်အောင် ပြန်ပြီးလှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း၊ မြန်မာအစိုးရက မလိုက်နာဟု ထင်မြင်လာအောင် ဖန်တီးလုပ်ဆောင်နေခြင်းဖြစ်သော်လည်း ဆူပူမှုများကို ပြန်လည်တည်ငြိမ်မှုရရှိစေရန် နိုင်ငံတကာဥပဒေနှင့်အညီ ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဖြေရှင်းနေပြီး တပ်အင်အားကိုလည်း လိုအပ်သည်ထက်ပိုမသုံးဘဲ နယ်မြေအေးချမ်းရန်၊ တည်ငြိမ်ရန်အတွက်သာ သုံးစွဲဖြေရှင်းခဲ့၍ တည်ငြိမ်လာချိန်တွင် သံတမန်အဖွဲ့ကွင်းဆင်းသွားရောက်ကြည့်ရှုသည့်အခါ ဆန္ဒပြသူများ ကိုင်ဆောင်သော ဆိုင်းဘုတ်များမှာ တစ်ဖက်မှ တယ်လီဖုန်းဖြင့် အချက်အလက်ပေး၍ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုးက ဖြည့်စွက်ဖြေကြားသည်။

**အချုပ်အခြာအာဏာကို စတင်ထိပါး**

ရခိုင်ပြည်နယ် ဖြစ်စဉ်များအပေါ် တပ်မတော်၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် **တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စိုးနိုင်ဦးက** ရခိုင်ပြည်နယ်ဖြစ်စဉ်ကို ပြန်ကြည့်မည်ဆိုပါက အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံ၏ အချုပ်အခြာအာဏာကို စတင်ထိပါးခြင်းဖြစ်ကြောင်း၊ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှိသည့် နယ်ခြားစောင့်စခန်း လေးနေရာကို တစ်ပြိုင်တည်း တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုများကြောင့် လက်နက် ၆၅ လက် ဆုံးရှုံးခဲ့ရပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး ကျဆုံးခဲ့သဖြင့် အဆိုပါဖြစ်စဉ်ကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရကို တင်ပြခဲ့ရာ နိုင်ငံတော်အစိုးရက ခွင့်ပြုသည့်အတိုင်းအတာအထိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်၏ စွမ်းရည်အရ ဆောင်ရွက်၍ ရပါကြောင်း၊ တပ်မတော်၏ လေတပ်၊ ကြည်းတပ်နှင့် သံချပ်ကာ စစ်ဆင်ရေးစွမ်းရည်လေ့ကျင့်ခန်းများကို မီဒီယာများအား ဖိတ်ခေါ်ပြသခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာမှ ချမှတ်ထားသည့် ဥပဒေများအရ အင်အားအနည်းဆုံးဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်**

ရဟတ်ယာဉ်သုံးစွဲမှုနှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် တပ်မတော်မှ တပ်ရင်းမှူးအဆင့်ရှိသူတစ်ဦး ထိခိုက်ခဲ့ပါကြောင်း၊ အကြမ်းဖက် အင်အား ၈၃၀ ကျော်ခန့်ရှိပါကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့တွင် သေနတ်ကိုင်အကြမ်းဖက်သမား ၃၀ ခန့်ပါရှိပြီး ကျန်သူများမှာ ဓား၊ လှံနှင့် လေးခွတို့ကို ကိုင်ဆောင်ထားပြီး သုံးနေရာခွဲ၍ ဝိုင်းဝန်းတိုက်ခိုက်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပထမဦးစွာ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြစ်သည့် ရော်ဘာကျည်ဆန်ဖြင့်ပစ်ခတ်ခဲ့ပါကြောင်း၊ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့သဖြင့် တပ်ရင်းမှူးအဆင့်ရှိ တပ်မတော်အရာရှိ ထိခိုက်ခဲ့ရပါကြောင်း၊ ထိုသို့ အဝိုင်းခံထားရခြင်းသည် တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်နိုင်ပြီး တပ်မတော်သားများ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် ရဟတ်ယာဉ် စေလွှတ်၍ ဒဏ်ရာရသည့် တပ်မတော်စစ်ကြောင်းမှူးနှင့် တပ်မတော်သားများကို ကယ်ထုတ်ခဲ့ရပါကြောင်း၊ လက်နက်ကြီးများ၊ ဗုံးများအသုံးမပြုခဲ့ပါကြောင်း၊ ၇ ဒသမ ၆၂ ကျည်သုံး စက်သေနတ်ကိုသာ အသုံးပြုခဲ့ကြောင်း၊ တပ်မတော်သည် ဂျီနီဗာကွန်ဗင်းရှင်းမှ ချမှတ်ထားသည်ကို အတိအကျ လိုက်နာပါကြောင်း၊ တပ်မတော်သားတိုင်းသည် တပ်မတော်သားတိုင်း ကျင့်သုံးရမည့် ကျင့်ဝတ် ၆၀ ကို လိုက်နာကျင့်သုံးရပါကြောင်း၊ အဆိုပါ ကျင့်ဝတ်များကို တပ်မတော်တပ်သားအဆင့်မှ ကာကွယ်ရေးဦးစီးချုပ်အဆင့်ထိ လိုက်နာကျင့်သုံးရပါကြောင်း၊

**စစ်ဆင်ရေးနယ်မြေအဖြစ်သတ်မှတ်**


သတင်းရယူခွင့်နှင့်စပ်လျဉ်း၍ ရန်သူသည် ယူနီဖောင်းဝတ်၍ တိုက်ခိုက်နေခြင်း မဟုတ်ပါကြောင်း၊ ရန်သူ့စခန်း ဘယ်နေရာမှာရှိသည်ကို အတိအကျမပြောနိုင်ပါကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများမှာ ချောင်းမြောင်းတိုက်ခိုက်ခံနေရပြီး လုံခြုံမှုကို အာမခံရန်ခက်ခဲသဖြင့် စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ထားပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များ၊ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

**မောင်တော-ကျီးကန်းပြင်နယ်မြေအရှုံး/အမြတ်စာရင်းပေါင်းချုပ်**

| စဉ် | အကြောင်းအရာ | အကြိမ် အရေအတွက် | တပ် ကျဆုံး ရှိ | တပ် ကျဆုံး ခြား | တပ် ဒဏ်ရာရ ရှိ | တပ် ဒဏ်ရာရ ခြား | တပ် လက်နက် အဆုံးအရှုံး | ရဲ ကျဆုံး ရှိ | ရဲ ကျဆုံး ခြား | ရဲ ဒဏ်ရာရ ရှိ | ရဲ ဒဏ်ရာရ ခြား | ရဲ လက်နက် ဆုံးရှုံး | ရဲ လက်နက် ဖော်ထုတ်ရရှိ | ရဲ လက်နက် ကျန်ရှိ | ဘင်္ဂါလီ သေဆုံး | ဘင်္ဂါလီ ဖမ်းမိ | ဘင်္ဂါလီ လက်နက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ဘင်္ဂါလီဖမ်းဆီးရမိမှု | ၆၁ | | | | | | | | | | | | | | ၂၄၁ | ၁ |
| ၂။ | တိုက်ပွဲဖြစ်စဉ် | ၉ | ၁ | ၆ | ၁ | ၄ | ၂ | ၁ | ၉ | | | ၆၅ | ၁၅ | ၃၉ | | | ၃ |
| ၃။ | လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု | ၁၀ | | | | | | | | | | | ၁၁ | | | | ၁ |
| ၄။ | ကားမိုင်းဖောက်ခွဲခံရမှု | ၃ | | | | | | | | | | | | | | | |
| ၅။ | ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်လွှဲပြောင်းရရှိမှု | ၁ | | | | | | | | | | | | | | ၂ | |
| | စုစုပေါင်း | ၈၄ | ၁ | ၆ | ၁ | ၄ | ၂ | ၁ | ၈ | ၂ | ၅ | ၆၅ | ၂၆ | ၃၉ | ၆၉ | ၂၄၃ | ၅ |

**မောင်တောပဋိပက္ခဖြစ်စဉ်သည် ပုံမှန်ရိုးရိုးရှင်းရှင်း စဉ်းစား၍ မရကြောင်း၊ အစွန်းရောက်များ၏ စိတ်ထဲတွင် တပ်နှင့် ရဲ လာလျှင် မည်သို့တုံ့ပြန်ရမည်ကိုသာ ပြင်ဆင်နေကြောင်း၊ တစ်ဖက်မှ လုံခြုံရေးစည်းကမ်းများ သတ်မှတ်ထားသော်လည်း ပြည်ပမှ အကြံအစည်များဖြင့် ဝင်ရောက်နေခြင်းဖြစ်၍ ရေရှည်တွင် ခိုင်ခိုင်မာမာကိုင်တွယ်နိုင်ရန် တာဝန်နှစ်ရပ်ဖြင့် ဖြေရှင်းသွားမည်**

## မီဒီယာဖော်ပြချက်နှင့် အခြေအနေအမှန် (ဝါးပိတ်ကျေးရွာ)



HRW - ၁၀၀



လက်တွေ့မြေပြင် - ၁၀၅

# ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

**ဖက်ဒရယ်၏ သဘောလက္ခဏာများကို လေ့လာသိရှိရန်လိုအပ်ကြောင်း၊ ဖက်ဒရယ်ဟူသည့် ဝေါဟာရကို တရားဝင်လက်ခံသုံးစွဲလာကြပြီဖြစ်သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံမှ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသို့ ဆိုသည့် ဆောင်ပုဒ်များ၊ ကြွေးကြော်သံများကိုကြားနေရပြီး ထောက်ခံဖော်ပြသည့် ဆိုင်းဘုတ်များကိုလည်း အချက်အချာကျသည့်နေရာများ၌ မြင်တွေ့နေရပြီဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောကြားသည်။** (အောက်ပုံ)




နေပြည်တော်ရှိ Royal President Hotel ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဖက်ဒရယ်စနစ်ကျင့်သုံးရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြောင်း၊ ရလဒ်ပိုင်းတွင်လည်း ကွဲပြားခြားနားမှုများရှိသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးမှသာ အောင်မြင်မှုကို ရနိုင်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုင်ရာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုကြောင်း၊ ဒီဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံများကို လက်ဆင့်ကမ်းနိုင်မည်၊ ဆက်လက်လေ့လာနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် The Euro-Burma Office (EBO) Myanmar မှ Executive Director ဦးဟန်ယောင်ဟွေ၊ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာပိုင်းအစီအစဉ်မှ မစ္စတာ စတီဖန်ဆန် ဒီဖော့ဒ်နှင့် Forum of Federation မှ Program Director မစ္စတာ ဖီးလစ်ကွန်ပလင့်တို့က နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ နိုင်ငံတကာပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖက်ဒရယ်စနစ်မိတ်ဆက်ဆွေးနွေးခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် မတူကွဲပြားခြင်း၊ လုပ်ပိုင်ခွင့်အာဏာခွဲဝေကျင့်သုံးခြင်း၊ သယံဇာတခွဲဝေခြင်း၊ ဖက်ဒရယ်စနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာအစီအမံများနှင့် ဖက်ဒရယ်စနစ်တွင် လူနည်းစု အခွင့်အရေးများကို ကာကွယ်ပေးခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာပိုင်း အစီအစဉ်မှ မစ္စတာ စတီဖန်ဆန် ဒီဖော့ဒ်က "ကနေဒါနိုင်ငံရဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံတွေကိုသာမက အိန္ဒိယ၊ ဂျာမနီစတဲ့ နိုင်ငံတကာရဲ့ ဖက်ဒရယ်စနစ် အတွေ့အကြုံတွေကိုပါ မျှဝေပေးနိုင်မှာဖြစ်လို့ ဝမ်းသာရပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဖက်ဒရယ်စနစ်ကျင့်သုံးတဲ့ အကြောင်းအရာအမျိုးမျိုးကို လေ့လာဆွေးနွေးကြမှာဖြစ်တယ်။ ဖက်ဒရယ်စနစ်ကို တည်ဆောက်တဲ့အခါ တည်ဆောက်မယ့် နိုင်ငံရဲ့သမိုင်းကြောင်းအစဉ်အလာနဲ့ ပကတိအနေအထားပေါ်မူတည်ပြီး ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ကြရမယ်ဆိုတာ အလေးအနက် ပြောကြားလိုတယ်။ ကနေဒါနိုင်ငံအပါအဝင် ဖက်ဒရယ်နိုင်ငံတွေရဲ့ ဖက်ဒရယ်စနစ်တည်ဆောက်ရေးအတွေ့အကြုံတွေအရ အမြော်အမြင်ရှိပြီး ကျွမ်းကျင်တဲ့နိုင်ငံရေး ခေါင်းဆောင်လိုအပ်တယ်။ နိုင်ငံရေးခေါင်းဆောင်တွေ အချင်းချင်းကြားမှာ စေ့စပ်ပြေငြိမ်းနိုင်ဖို့ လိုအပ်တယ်။ ဒါပြီး အားလုံးသဘောတူတဲ့ ဘုံသဘောတူညီချက်တစ်ရပ်ရှိဖို့ လိုအပ်တယ် စတဲ့လိုအပ်ချက်တွေရှိပါတယ်။ နားလည်မှုဆိုတဲ့ အခြေခံတွေအပေါ် ဖက်ဒရယ်စနစ်ကို တည်ဆောက်မယ်ဆိုရင် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးသာမက နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးအရ ချမ်းသာကြွယ်ဝမှုကို ရရှိလာပါလိမ့်မယ်"ဟုၑင်း၏အမြင်ကို ပြောကြားသည်။

အလားတူ The Euro-Burma Office (EBO) Myanmar မှ Executive Director ဦးဟန်ယောင်ဟွေက "တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ကျွန်တော်တို့ကို ဖက်ဒရယ် စနစ်နဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ ကမ်းလှမ်းခဲ့တဲ့အတွက် Forum of Federation အဖွဲ့နဲ့ ပူးပေါင်းပြီး နိုင်ငံတကာပညာရှင်တွေနဲ့အတူ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်စနစ်တည်ဆောက်ရေးမှာ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ ဆွေးနွေးနိုင်ဖို့နဲ့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးတွေအနေနဲ့ ဖက်ဒရယ်စနစ်ကို ပိုပြီးနားလည်အောင် ဒီပွဲကို ကျင်းပတာဖြစ်တယ်။ လူတိုင်းက ဖက်ဒရယ်ကို လိုလားပေမယ့် ဖက်ဒရယ်ဆိုတာဘာလဲ၊ ဘယ်လိုလုပ်ရမလဲ ဆိုတာ မသိကြဘူး၊ အချို့သူတွေရဲ့ ထင်မြင်တာတွေဟာ တလွဲစီဖြစ်နေတယ်ဆိုတာ တွေ့ရတယ်။ ဖက်ဒရယ်စနစ်ကို တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးအဆင့်တွေသာမက ပြည်သူတွေလည်း သိဖို့လိုပါတယ်။ ဖက်ဒရယ်စနစ်ကိုနားလည်မှ ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်မှာဖြစ်တယ်။ ဖက်ဒရယ်ဆိုတာ အစိုးရအုပ်ချုပ်ရေးစနစ်တစ်ခု ဖြစ်တယ်။ ဖက်ဒရယ်နဲ့ ဒီမိုကရေစီတွဲဖို့လိုအပ်ပါတယ်"ဟု ဖက်ဒရယ်စနစ်နှင့်စပ်လျဉ်းသည့် ၎င်း၏သဘောထားကို ပြောသည်။

ထို့အတူ Forum of Federation မှ Program Director မစ္စတာ ဖီးလစ်ကွန်ပလင့်က "ဖက်ဒရယ်စနစ်ဆိုတာ စည်းလုံးညီညွတ်မှု၊ စီးပွားရေးတိုးတက်မှု၊ အချင်းချင်း နားလည်မှုနဲ့ ငြိမ်းချမ်းမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ကျွန်တော်တို့ အဖွဲ့ဟာ ကနေဒါနိုင်ငံမှာအခြေစိုက်ပြီး အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ဖက်ဒရယ် နိုင်ငံ (၁၀) နိုင်ငံက စေလွှတ်ထားတဲ့ ဘုတ်အဖွဲ့ဝင်တွေ ပါဝင်ပါတယ်။ ဖက်ဒရယ်စနစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ရတဲ့အချိန် အတွင်းမှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းလင်းသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က "The Euro-Burma Office (EBO) Myanmar နဲ့ Forum of Federation က ပညာရှင်တွေက ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဦးဆောင် ဆွေးနွေးကြမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ်ဆိုတော့ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး သိရှိနားလည်နိုင်ဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပတာဖြစ်တယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်တဲ့အခါ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အသိပညာ ဗဟုသုတတွေ သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ဖက်ဒရယ်စနစ်တွေနဲ့ ပတ်သက်လို့လည်း နားလည်ဖို့လိုအပ်ပါတယ်"ဟု ပြောကြားသည်။

**မင်းမင်းဇော် (ကလေး)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များ စစ်တွေမြို့ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့်တွေ့ဆုံ



**စစ်တွေ နိုဝင်ဘာ ၁၆**

စစ်တွေမြို့၌ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ် သဲချောင်းကျေးရွာသို့သွားရောက်ပြီး သဲချောင်းဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြုလုပ်နေကြသည့် ဘင်္ဂါလီများ၊ မာရမာကြီးများအား တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။


ထို့နောက် ကော်မရှင်အဖွဲ့သည် အုန်းတောကြီးကယ်ဆယ်ရေးစခန်း၌ ရပ်မိရပ်ဖ ဦးဘကျော်အပါအဝင် ဒေသခံ ၅၀ နှင့်လည်းကောင်း၊ ရေချမ်းပြင်ကျေးရွာ၌ ဒေသခံတိုင်းရင်းသား ဦးထွန်းအောင်ကျော်အပါအဝင် ၁၅ ဦးနှင့်လည်းကောင်း၊ ဇော်ပူဂျာကျေးရွာစာသင်ကျောင်း၌ ဦးစံထွန်းကျော် အပါအဝင် ဒေသခံတိုင်းရင်းသား ၂၅ ဦးနှင့် လည်းကောင်း တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ဆတ်ရိုးကျတိုင်းရင်းသားကယ်ဆယ်ရေးစခန်းသို့ သွားရောက်လေ့လာကြသည်။ ကော်မရှင်အဖွဲ့သည် မွန်းလွဲ ၃နာရီတွင် စစ်တွေဟိုတယ်ခန်းမ၌ စစ်တွေမြို့ပေါ်ရှိ UN၊ INGO (၁၃)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နိုင်ငံတကာသတင်း

# ကြောက်မက်ဖွယ်သေနတ်ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် အိုကလာဟိုးမားလေဆိပ်ကို ပိတ်ထားခဲ့ရ



**အိုကလာဟိုးမား နိုဝင်ဘာ ၁၆**

အိုကလာဟိုးမားမြို့ရှိ Will Rogers World လေဆိပ်တွင် အင်္ဂါနေ့ညနေခင်းက လေကြောင်းလိုင်းမှ ဝန်ထမ်းအလုပ်သမားတစ်ဦး ချောင်းမြောင်းတိုက်ခိုက်ခံရပြီးနောက်တွင် အာဏာပိုင်များက အဆိုပါလေဆိပ်ကို ခေတ္တခဏပိတ်ထားခဲ့ရကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုအပြီးတွင် သေနတ်သမားကိုလည်း သေဆုံးလျက်တွေ့ရှိခဲ့ကြောင်းသိရသည်။

အဆိုပါတိုက်ခိုက်မှုသည် ကြိုတင်ကြံစည်ထားသောတိုက်ခိုက်မှုဖြစ်ပြီး သေနတ်သမားသည် တိုက်ခိုက်မှုပြုလုပ်ရန် လေဆိပ်အပြင်ဘက်တွင် နေရာယူလျက် အသင့်စောင့်ဆိုင်းနေခဲ့သည်ဟု ရဲအဖွဲ့ကပြောကြားခဲ့သည်။

သံသယရှိသူအား ကားဂိုဒေါင်အတွင်းရှိ ထရပ်ကားအတွင်း၌ တွေ့ရှိခဲ့ကြောင်း အိုကလာဟိုးမားမြို့ရဲဌာနမှ ရဲအရာရှိ ပါကိုဘယ်လ်ဒါရာမာကပြောကြားသည်။သေနတ်ဖြင့်ပစ်သတ်ခံရသည့် သံသယရှိသူ၏ အချက်အလက်အသေးစိတ်ကိုဖော်ပြခြင်း မရှိသေးပေ။ သေနတ်သမားသည် အနောက်တောင်လေကြောင်းလိုင်းဝန်ထမ်းဖြစ်သည့် မိုက်ကယ်ဝင်ချက်စတာကိုချောင်းမြောင်းပစ်ခတ်ရန် ပစ်မှတ်ထားကာ ထရပ်ကားအတွင်းမှ စောင့်ဆိုင်းနေခဲ့ကြောင်း သိရသည်။ သေနတ်ဖြင့်ပစ်ခတ်ခံရသူ မိုက်ကယ်ဝင်ချက်စတာမှာ ဒဏ်ရာများရရှိခဲ့ပြီး ရရှိသောဒဏ်ရာများဖြင့်ပင် သေဆုံးသွားခဲ့သည်။ အိုကလာဟိုးမားရှိ Will Roger World လေဆိပ်သည် အရေအတွက် ၇၀၀၀ မှ ၈၀၀၀ အထိရှိသော ခရီးသည်များကို အလာစကာ၊ ဒယ်လ်တာနှင့် ယူနိုက်တက်လေကြောင်းခရီးစဉ်များက နေ့စဉ်နှင့်အမျှလေယာဉ်ပျံသန်းမှုများလုပ်ဆောင်ပေးလျက်ရှိသည်။ **(စီအင်န်အင်န်)**

# မောင်တောရွာပေါင်း ၉၆ ရွာမှာ ငါးမွေးကန် ငါးကေစီကို အကောင်အထည်ဖော်ပြီးရင် မွေးမြူနိုင်ဖို့အတွက် ငွေအရင်းအနှီးတွေကိုလည်း ဘဏ်တွေက ချိတ်ဆက်ထားပါတယ်

ဦးနိုင်ဝင်းသိန်း



ဦးနိုင်ဝင်းသိန်း(ဒုတိယညွှန်ကြားရေးမှူး၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး)

**တွေ့ဆုံမေးမြန်း - မောင်စိန်လွင်နှင့်အဖွဲ့**
**ဓာတ်ပုံ - ဖိုးထောင်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီး**

**(ဦးနိုင်ဝင်းသိန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် တွေ့ဆုံမေးမြန်းခြင်း)**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုကြောင့် အခြေခံစားသောက်ကုန်များနှင့် သားငါးတို့မှာ သိသိသာသာရှားပါးမှုများဖြစ်ပေါ်ခဲ့ပြီး ဈေးနှုန်းများ အဆမတန်မြင့်မားခဲ့သည်။

ယခင်က ရေငန် ငါး၊ ပုစွန် ပေါများသော ဒေသသည် အဆိုပါကာလတွင် သားငါး၊ ပုစွန်ထုတ်လုပ်မှုမှာ အဆမတန်ကျဆင်းခဲ့သောကြောင့် ပြည်သူများ အခက်အခဲကြုံတွေ့နေရမှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းအား သတင်းအဖွဲ့အနေဖြင့် မောင်တောခရိုင်ဒေသအတွင်း ငါး၊ ပုစွန် တိုးချဲ့ဆောင်ရွက်မှု အနာဂတ်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။

**မေး- အကြမ်းဖက်မှုဖြစ်ပွားပြီးတဲ့နောက်ပိုင်း မောင်တောမြို့ပေါ်နဲ့ ကျေးလက်ဒေသတွေမှာ သားငါး၊ ပုစွန် ထုတ်လုပ်မှုတွေ အဆမတန်ကျဆင်းခဲ့ရတယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာရော သားငါး၊ ပုစွန်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုအခြေအနေရှိပါသလဲ။**

ဖြေ- အဲဒီတုန်းက မောင်တောမြို့နဲ့အနီးဝန်းကျင်မှာ ငါး၊ ပုစွန်ထုတ်လုပ်မှု အဆမတန်ကျဆင်းခဲ့တယ်ဆိုတာ မှန်ပါတယ်။ အဲဒီနောက်ပိုင်း အရေးပေါ် အခြေအနေကလည်း ထုတ်ပြန်ထားတာဆိုတော့ လူတွေကဘာပဲလုပ်လုပ် အကြောက်တရားနဲ့ လုပ်ကိုင်နေကြရတာ။ အဲဒါကြောင့် ထုတ်လုပ်မှုကျဆင်းခဲ့ပေမယ့် အခုရက်ပိုင်းအတွင်းမှာတော့ ရေငန်ပုစွန်ရော၊ သားငါးတွေပါ ဈေးကွက်ထဲပြန်ဝင်လာပါပြီ။ ဒါပေမယ့် အရင်ကလောက်တော့ မဝင်သေးဘူးပေါ့။ နောက်ပိုင်းဆိုရင်တော့ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိသွားမှာပါ။

**မေး- အခုလိုဖြစ်တာ မောင်တောခရိုင်အတွင်း ရေချိုငါးရှားပါးမှုနဲ့ရော ဆိုင်ပါသလား၊ ရေချိုငါး ရှားပါးမှုကို ကာကွယ်နိုင်အောင် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ- ပြောရရင် ဒီမောင်တောမြို့မှာက ဟိုအရင်ကတည်းက ရေငန်ငါး၊ ရေငန်ပုစွန်ကိုပဲ အဓိကထားမွေးမြူထုတ်လုပ်ရောင်းချနေကြတာပါ။ ဒီဒေသက ပင်လယ်နဲ့နီးတော့ ရေငန်ပုစွန် နဲ့ပင်လယ်ရေငန်ငါးပဲရှိခဲ့တာ။ ရေချိုငါးမွေးမြူတဲ့ အကျင့်မရှိသလို စားသုံးတဲ့အလေ့အထမရှိသလောက် နည်းနေသေးတယ်။ မောင်တောဒေသက ကမ်းရိုးတန်းဒေသနဲ့ ပင်လယ်ထိစပ်နေတော့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းတွေပဲ များများစားစား ရှိခဲ့တာ။ အခုရခိုင်ပြည်နယ်မှာ ရေငန်ပုစွန်မွေးမြူရေးကန် တစ်သိန်းကျော်ရှိပါတယ်။ ရေချိုငါးမွေးမြူရေးကတော့ တစ်ထောင်မကျော်သေးပါဘူး။ ဘူးသီးတောင်ဆို ရေချိုငါးမွေးကန်အရင်က ၁၀၀ လောက်ပဲရှိခဲ့တာ။ အခု ၃၀၀ ကျော်အထိ တိုးလာပြီ။ မောင်တောမှာဆိုလည်း အရင်က ရေချိုငါးမွေးတာ ၁၀ ကန်တောင် မရှိခဲ့ဘူး။ အခုနောက်ပိုင်းတော့ ရေချိုငါးမွေးမြူနိုင်အောင်နဲ့ ရေငန်ပုစွန်သားဖောက်စခန်းတွေ များများစားစား တိုးချဲ့နိုင်အောင် လုပ်နေပါတယ်။ သားဖောက်စခန်းတွေများပြားလာမှ မွေးမြူရေးလုပ်ငန်းတွေကိုလည်း ယခုထက်ပိုမိုအကောင်အထည်ဖော်ပေးနိုင်မှာဖြစ်ပါတယ်။ စွာရရှိနိုင်ဖို့နဲ့ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ရရှိစေဖို့ ကျွန်တော်တို့ မောင်တောခရိုင်ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ဆောင်ရွက်နေပါတယ်။ ကျေးရွာတိုင်းရဲ့အနီးအနား ဝန်းကျင်တွေမှာ ရေချိုငါးမွေးမြူနိုင်ဖို့ကို အဓိကအားထား လုပ်ဆောင်မှုအနေနဲ့ ကျေးရွာတစ်ရွာချင်းစီမှာ မွေးမြူရေးကန် ငါးကေစီ တူးဖော်ပေးနိုင်ဖို့ လျာထားပါတယ်။ အဲဒီလို တူးဖော်ပေးလိုက်ခြင်းအားဖြင့် ဒေသခံတွေ အလုပ်အကိုင်အခွင့် အလမ်းရရှိသလို ဝင်ငွေလည်း အထိုက်အလျောက်ရရှိလာ မှာဖြစ်တယ်။ ဒေသတွင်း ရေချိုငါးထုတ်လုပ်မှုလည်း ပိုမို များလာမှာဖြစ်သလို ငါးစားနှုန်းလည်း ယခုထက် ပိုမိုများပြားလာမှာဖြစ်ပါတယ်။


**မေး- လက်ရှိ ရေငန်ပုစွန်မွေးမြူမှုက ဒေသတွင်းမှာ ဘယ်လောက်ရှိပါသလဲ။ ရေငန်ပုစွန်မွေးမြူမှုအပေါ်မှာရော ထပ်မံ တိုးမြှင့်ဆောင်ရွက်ဖို့ ရှိပါသလား။**



မောင်တောခရိုင်အတွင်း ရေချိုငါး၊ ပုစွန်မွေးမြူရေးကန်ကို တွေ့ရစဉ်

**မေး- ရေချိုငါး မွေးမြူရေးကန်တွေကို လုပ်ငန်းတိုးချဲ့ဖို့ စီစဉ်ထားတယ်လို့သိရတယ်။ ဘယ်လိုတိုးချဲ့ပြီး ဘယ်အချိန်လောက် စတင်အကောင်အထည်ဖော်ဖြစ်မလဲ။**

ဖြေ- ဟုတ်ပါတယ်။ ဒေသတွင်း ငါး၊ ပုစွန် စားနပ်ရိက္ခာဖူလုံ



မောင်တောခရိုင်အတွင်း မွေးမြူထားသော ငါးသားပေါက်ကန်ကိုတွေ့ရစဉ်

ဖြေ- ရေငန်ပုစွန်မွေးမြူမှုက ဒေသတွင်းမှာ လက်ရှိ ဧက ၁၅၀၀၀ လောက်ရှိပါတယ်။ ဒေသတွင်းဖွံ့ဖြိုးဖို့က ရေငန်ပုစွန် မွေးမြူရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမှာပါ။ ရေငန်ပုစွန်ဖွံ့ဖြိုးဖို့က မွေးမြူတဲ့ကန်တွေကို စက်ယန္တရားတွေနဲ့ ဆယ်ယူတာတွေ၊ ကန်ပေါင်မြှင့်တင်ပေးတာတွေ၊ ပုစွန်သားပေါက် ဖြန့်ဖြူးပေးတာတွေ လုပ်ဆောင်ရမှာဖြစ်တယ်။ အခုဆိုရင် အလယ်သံကျော်မှာပဲ ရေငန်ပုစွန်သားဖောက်စခန်းရှိတာ။ မွေးမြူရေးကန်တွေ ထပ်ချဲ့မယ်၊ ထပ်တိုးမယ်ဆိုရင် ရေငန်ပုစွန်သားဖောက်စခန်းက မဖြစ်မနေလိုအပ်လာဦးမှာပါ။ ဒါကြောင့် နောက်ထပ် ရေငန်ပုစွန် သားဖောက်စခန်းငါးခုကို ထပ်မံတိုးချဲ့ဖွင့်ပေးဖို့ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ဝန်ကြီးဌာနကိုတင်ပြထားပါတယ်။

**မေး- မောင်တောမြို့အတွင်းမှာ ရေငန်ပုစွန်နဲ့ငါး အများအပြား ထွက်တယ်ဆိုတော့ တစ်နှစ်ထွက်ရှိမှု ဘယ်လောက်ရှိပါသလဲ။ ပြည်ပတင်ပို့နိုင်မှုအခြေအနေလေးရော သိပါရစေ။**

ဖြေ- မောင်တောမြို့နယ်အတွင်းမှာ ရေငန်ပုစွန်မွေးမြူတဲ့ လုပ်ငန်းရှင်က ၂၅၇၀ ကျော်ရှိပါတယ်။ ဧကတော့ ၁၅၃၀၀ ကျော်ရှိပါတယ်။ ဘူးသီးတောင်မှာက ၃၀၀ လောက်ရှိတော့ ခရိုင်တစ်ခုလုံးဆိုရင်တော့ ၁၅၆၀၀ ကျော်လောက်ရှိပါတယ်။ ကန်အနေနဲ့ဆိုရင်တော့ တစ်သိန်းကျော်လောက်ရှိပါတယ်။ ငါးဆိုလည်း မြန်မာနိုင်ငံကထွက်တဲ့ ငါးမြစ်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းက တစ်နှစ် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ဖိုးလောက် နှစ်စဉ် ဝယ်ယူနေပါတယ်။ အဲဒါကြောင့် ရောဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ကနေ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ရင် လမ်းခရီးကြန့်ကြာတဲ့အတွက် အရည်အသွေးကျဆင်းတယ်။ အဲဒီလို အချိန်ကြာမြင့်ပြီး အရည်အသွေးကျဆင်းတော့ တစ်ဖက်နိုင်ငံမှာ ဈေးကောင်းမရဘူး။ ဒါကြောင့် ငါးမြစ်ချင်းလို ငါးမျိုးကို ဒီဒေသမှာ မွေးမြူနိုင်အောင် ငါးသားဖောက်စခန်းလေးတွေတည်နေပါတယ်။ ငါးသားဖောက်စခန်းက သားပေါက်တွေကို မွေးမြူနိုင်အောင် ဖြန့်ဝေပေးမယ်။ ဒီက ဘင်္ဂလားဒေ့ရှ်နဲ့နီးတော့ အရည်အသွေးကောင်းကောင်းနဲ့ ရောက်သွားတော့ ဈေးပိုရပါတယ်။ မောင်တောအနေနဲ့ ရေထွက်ပစ္စည်းပြည်ပတင်ပို့နိုင်မှုက တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း လျာထားဆောင်ရွက်ခဲ့ပါတယ်။ အရင်နှစ်တွေကတော့ ၇ ဒသမ ၃ သန်းအထိ ရခဲ့ပါတယ်။ အခုနောက်ပိုင်းတော့ ၄ ဒသမ ၃ သန်းလောက်ပဲ ရတော့တယ်။ ဒါက ရေထွက်ပစ္စည်း အားလုံးအပါအဝင်ပေါ့။ ရေငန်ပုစွန်တစ်မျိုးတည်းဆိုရင်တော့ အမေရိကန်ဒေါ်လာ ၂ သန်းကျော်လောက် ရပါတယ်။

**မေး- မောင်တောခရိုင်အတွင်းမှာ ငါး၊ ပုစွန်စားနပ်ရိက္ခာဖူလုံရေးအတွက် အခုလို လုပ်ငန်းတွေတိုးချဲ့ဖို့ ပြင်ဆင်သလို အခြားအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းတွေရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ- မောင်တောခရိုင်အတွင်း ရွာပေါင်း ၉၆ ရွာမှာ ငါးမွေးကန် ငါးကေစီကို အကောင်အထည်ဖော်ပြီးရင် မွေးမြူနိုင်ဖို့အတွက် ငွေအရင်းအနှီးတွေကိုလည်း အတိုးနှုန်းသက်သက်သာသာနဲ့ ဘဏ်တွေက ချေးပေးနိုင်အောင် ချိတ်ဆက်ထားပါတယ်။ ပြီးတော့ ငါး၊ ပုစွန် အခြေခံတဲ့ လုပ်ငန်းတွေ၊ အရည်အသွေးထိန်းသိမ်းနိုင်အောင် ရေခဲစက်တွေ တည်ထောင်ပေးနိုင်ဖို့၊ ငါးသားပေါက်၊ ပုစွန်သားပေါက် လုံလုံလောက်လောက် ကူညီထောက်ပံ့ပေးနိုင်ဖို့ကို ဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမှာပါ။ ရေငန်ပုစွန်သားဖောက်စခန်း သုံးခု၊ သရုပ်ပြမွေးကန် နှစ်ခု အဲဒါတွေကိုလည်း နောက်ထပ်ဖြည့်ဆည်းပေးဖို့ နိုင်ငံတော်ကို တင်ပြထားပါတယ်။ တန်ဖိုးငွေအားဖြင့်တော့ ရင်းနှီးမြှုပ်နှံငွေကျပ်သန်းပေါင်း ၁၂၀၀ ကျော်လောက် ကုန်ကျမှာပါ။ ငါးကန်ဆိုလည်း ၉၆ ရွာကို တစ်ရွာ ငါးကေစီဆိုရင် စုစုပေါင်း ဧက ၄၈၀ ရှိပါတယ်။ တစ်ဧက တူးဖော်မယ်ဆိုရင် ကုန်ကျစရိတ်က ငွေကျပ် ၇၅ သိန်းလောက်တော့ ကုန်ကျမှာဖြစ်တဲ့အတွက် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၆၀၀ ကျော် ကုန်ကျမှာဖြစ်ပါတယ်။ ဒါတွေ အားလုံးလုပ်ဆောင်ပေးဖို့ နိုင်ငံတော်ကို တင်ပြထားပြီဖြစ်ပါတယ်။ ခွင့်ပြုမိန့်ကျတာနဲ့ အမြန်ဆုံးအကောင်အထည်ဖော်မှာပါ။

## ယနေ့ အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၁၆

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ **နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# တိုင်းရင်းသားကျေးရွာအချို့မှ အိမ်ထောင်စုများ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာ



မောင်တောမြို့နယ် သာသနာ့ဗိမာန်တော်သို့ ခေတ္တတိမ်းရှောင်လာသူ မိသားစုတစ်စုအား တွေ့ရစဉ်

မောင်တော နိုဝင်ဘာ ၁၆

**မောင်တောမြို့နယ် သရက်အုပ်ကျေးရွာမှ လူငါးဦးပါ အိမ်ထောင်စုတစ်စုသည် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာလာရာ မောင်တောမြို့နယ် သာသနာ့ ဗိမာန်တော်သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိလာသည်။**

မောင်တောမြို့နေ ကိုဝင်းသိန်းက "အခုညနေ သရက်အုပ်က နေရပ်ကို စွန့်ခွာလာတဲ့ အိမ်ထောင်စုတစ်စုကို ကျွန်တော်တို့ မောင်တောမြို့နယ် သာသနာ့ဗိမာန်တော်မှာ နေရာချပေးထားပါတယ်။ သူတို့က ကျွန်တော်တို့ တိုင်းရင်းသားတွေပါ။ ဖားဝပ်ချောင်းကလာတဲ့ ကားတစ်စီးကတော့ ဘူးသီးတောင်အထိ ဆက်တက်သွားတယ်။ သူတို့လည်းကြောက်လို့ နေရပ်စွန့်ခွာလာတာလို့ ပြောပါတယ်။ အိမ်ထောင်စုဝင် အရေအတွက်တော့ မသိလိုက်ပါဘူး" ဟု ပြောသည်။

သရက်အုပ် ကျေးရွာမှ ခေတ္တတိမ်းရှောင်လာသူ ဒေါ်ဖြူယိုင်စိန်က "ကျွန်မတို့က သရက်အုပ်က ထွက်လာတာပါ။ အားလုံးငါးယောက်ပါ။ ဟိုမှာ ယောကျ်ားနဲ့ သမက် ကျန်ခဲ့ပါတယ်။ သရက်အုပ်ကဆေးမှူးကားနဲ့အကူအညီတောင်းပြီး လိုက်လာတာပါ။ လုံခြုံရေးကားတွေ့လို့ သူတို့ရဲ့ကားနောက်က ခွင့်တောင်းပြီးလိုက်ခဲ့တာပါ။ ကျန်တဲ့သူတွေလည်း စိုးရိမ်နေကြပါတယ်။ ကူညီမယ့်သူမရှိလို့ပါ။ နေ့ရောညရော မအိပ်ရဲပါဘူး။ ကောင်းကောင်းလည်း မစားနိုင်ပါဘူး။ ယောကျ်ားနဲ့သမက် ကျန်ခဲ့တာက ဟိုမှာရှိနေတဲ့ပစ္စည်း တွေ၊ အိမ်တွေကို စောင့်ရှောက်ဖို့ပါ။ ရွာမှာ တိုင်းရင်းသား လူဦးရေက ၃၅ ဦးရှိပါသေးတယ်။ သူတို့တွေလည်း လာချင်နေပါတယ်။ တိုက်ပွဲဖြစ်နေတော့ ကြောက်လို့ပါ။ လုံခြုံရေးလည်းမရှိပါဘူး။ ဘယ်မှာ ဖြစ်နေတာလဲဆိုတော့ ဂွဆုံကျေးရွာမှာပါ။ လုံခြုံရေးချပေးရင်တော့ ပြန်နေချင်ပါတယ်" ဟု ပြောသည်။

သရက်အုပ်ကျေးရွာမှ ခေတ္တတိမ်းရှောင်လာသူ ဒေါ်ဖြူယိုင်စိန်တို့မိသားစုတွင် ကလေးငယ်သုံးဦးနှင့် အမျိုးသမီးနှစ်ဦးပါဝင်ကာ သရက်အုပ်ကျေးရွာတွင် ကျန်ရှိနေသည့် တိုင်းရင်းသားများသည်လည်း လုံခြုံရေးပေးနိုင်မည့် အချိန်ကို စောင့်နေကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တော-ဇင်ပိုင်ညာ-ငါးခူရမြေသားကားလမ်းပေါ်၌ အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ကံပြင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၅၀၀ ခန့်အကွာရှိ မောင်တော-ဇင်ပိုင် ညာ-ငါးခူရ မြေသားကားလမ်းပေါ်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထောင်ထားသည့် အချင်း လေးလက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ကားအင်ဂျင်စလစ်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးကို ရှာဖွေတွေ့ရှိ ရှင်းလင်းခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



## သံတွဲမြို့နယ် ကျားကိုက်ကျေးရွာ၌ နေအိမ်တစ်လုံးမီးလောင်

**သံတွဲ နိုဝင်ဘာ ၁၆**

သံတွဲမြို့နှင့် ခြောက်မိုင်ခန့်အကွာတွင်ရှိသော သာယာကွင်းကျေးရွာအုပ်စု ကျားကိုက်ကျေးရွာတွင် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေယာဉ်တစ်စီးဖြင့် ရွာသူရွာသားများနှင့်အတူ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံး ခဲ့ပြီး ဟောင်းနွမ်းဆွေးမြည့်ဆိုလာဘက်ထရီအားသွင်းကြိုး အပူလွန်ကဲရာမှ စတင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကြောင့် အိမ်ပိုင်ရှင် ဦးတင်သိန်းအား သံတွဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ခရိုင် ပြန် / ဆက်)**

## ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ


### အောက်ပါမော်တော်ယာဉ်များကို ဝယ်ယူထားသူများ သိရှိနိုင်ရန်အကြောင်းကြားခြင်း။

| | | | | | |
|---|---|---|---|---|---|
| TOYOTA CELICA | ST202-0127804 | 1998 | TOYOTA RAV-4 | ZCA26-0011409 | 2001 |
| MITSUBISHI DION | CR9W-0023837 | 2000 | TOYOTA COROLLA FIELDER | NZE121-0140788 | 2001 |
| TOYOTA MARK II | JZX100-0047720 | 1997 | TOYOTA COROLLA | LX100-6001744 | 1998 |
| TOYOTA MARK X | GRX130-6020617 | 2006 | MITSUBISHI FUSO | MS829P-36011 | 2000 |
| TOYOTA MARK X | GRX130-6005799 | 2006 | MARK II | GX110-6039052 | 2001 |
| ISUZU BIGHORN | UBS73GW7204132 | 1998 | MARK II | GX110-6008101 | 2000 |
| ISUZU BIGHORN | UBS73GW-7204732 | 1999 | PAJERO | V43-4300880 | 1997 |
| ISUZU BIGHORN | UBS73GW-7206692 | 1999 | HARRIER | ACU30W-0004951 | 2003 |
| TOYOT IPSUM | CXM10-0018791 | 2002 | BENZ E55 AMG | WDB2110761A236694 | 2001 |
| NISSAN WINDROAD | WFY11-432132 | 2004 | TOYOTA COROLLA VAN | CE121-3001213 | 2001 |
| NISSAN WINDROAD | WFY11-434995 | 2004 | BMW 5 SERIES | WBADD42-090BV15154 | 1998 |
| NISSAN AD VAN | VFY11-302802 | 2005 | TOYOTA COROLLA VAN | CE113-2001288 | 1998 |
| TOYOTA COROLLA | EE102-6011624 | 1999 | BENZ C200 | WDB2030452F013727 | 2000 |
| HOND FIT | GD1-2303502 | 2006 | TOYOTA HILUX SURF | KDN185-0001328 | 2000 |
| BMW 3181 | WBAEX52090PR00847 | 2004 | BENZ E240 | WDB210061-2A552951 | 1997 |
| ROVER 75 | SARRJ-ZLLMYM115385 | 1999 | BENZ E320 | WDB210065-2A499125 | 1997 |
| TOYOTA ALPHARD | ANH10-0009396 | 2002 | TOYOTA WISH | ZNE10-0076434 | 2003 |

အထက်ပါမော်တော်ယာဉ်ပိုင်ရှင်များသည် (ကညန)လိုင်စင်ဝင်ရန် မဆက်သွယ်ပဲ ကျန်ရှိနေပါသဖြင့် (၂၅.၁၁.၁၆)နေ့နောက်ဆုံးထားပြီး လိုင်စင်ဝင်နိုင်ရန် အောက်ပါ လိပ်စာ နှင့် ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်လာခြင်းမရှိသော ယာဉ်ပိုင်ရှင်များအနေဖြင့် နောင်တွင်ဖြစ်ပေါ်လာသော မည်သည့်ကိစ္စမျိုးကိုမဆို ကုမ္ပဏီ နှင့် (လုံး၀)လုံး၀ မသက်ဆိုင်တော့ပါကြောင်း၊ မော်တော်ယာဉ်ပိုင်ရှင်၏ တာဝန်သာဖြစ်ကြောင်း လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်။ အမှတ်(၆၇)၊(၁)လမ်း၊ (၈)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉၉၇၅၄၈၆၆၁၃ ၊ ၀၉၄၂၁၁၅၄၇၇၇



### ပြင်ဆင်ချက်
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
### မန္တလေးတိုင်းဒေသကြီး
### မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းတိုက်ခန်းလျှောက်လွှာ ရောင်းချမည့်ရက် ကြော်ငြာခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ မြေကွက်အမှတ်(မမ-၁၆)၊ မြေဧရိယာ ၇ဒသမ၆၇ဧကပေါ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာစီမံကိန်းရှစ်ခန်းတွဲ၊ ငါးထပ်အဆောက်အအုံ ၁၄လုံး၊ အခန်းပေါင်း ၅၆၀ခန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သက်အနည်းဆုံး ငါးနှစ်ရှိ နိုင်ငံ့ဝန်ထမ်းများ (အစား)နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများအား ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ မြရည်နန္ဒာတန်ဖိုးမျှတ တိုက်ခန်းများဝယ်ယူရန်အတွက် လျှောက်ထားသူ၏ မိသားစုပျှမ်း မျှလစဉ်ဝင်ငွေ စုစုပေါင်းမှာ အနည်းဆုံး ကျပ်လေးသိန်းမှ ကျပ်ငါးသိန်းအထိ ဝင်ငွေရှိရမည်။

အဆိုပါ အိမ်ခန်းတစ်ခန်းလျှင် ၅၆၇ စတုရန်းပေ အကျယ်အဝန်းရှိ-

| | | |
|---|---|---|
| (က) | မြေညီထပ် | (၁)ခန်းလျှင် ငွေကျပ်(၂၂၃)သိန်း |
| (ခ) | ပထမထပ် | (၁)ခန်းလျှင် ငွေကျပ်(၂၀၈)သိန်း |
| (ဂ) | ဒုတိယထပ် | (၁)ခန်းလျှင် ငွေကျပ်(၁၉၃)သိန်း |
| (ဃ) | တတိယထပ် | (၁)ခန်းလျှင် ငွေကျပ်(၁၇၈)သိန်း |
| (င) | စတုတ္ထထပ် | (၁)ခန်းလျှင် ငွေကျပ်(၁၆၃)သိန်း |

၃။ မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာစီမံကိန်း ဝယ်ယူလိုသူများအတွက် အိမ်ခန်းလျှောက်လွှာများကို ၁၀-၁၁-၂၀၁၆ရက်မှ ၃၀-၁၁-၂၀၁၆ ရက်အထိသာ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး တိုက်ခန်းလျှောက်လွှာများကို ၁-၁၂-၂၀၁၆ရက်မှ ၃၀-၁၂-၂၀၁၆ရက်အတွင်း ပြန်လည်လက်ခံသွားမည်ဖြစ်ပါသည်။

၄။ မြရည်နန္ဒာတန်ဖိုးမျှတ လျှောက်လွှာများကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ (၆၆)လမ်း၊ (၁၆×၁၉)လမ်းကြားရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးသို့ လာရောက်ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၇၅၃၅၀၊ ၀၂-၇၅၁၉၄)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၉၈၅၈ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ခင် ၁၄/မမန(နိုင်)၀၁၂၁၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**



### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၇)ရပ်ကွက်၊ အကွက်အမှတ် ၁၀၅၊ ကျောက်ငူအကွက်၊ ဦးပိုင်အမှတ် (၉၁၃)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေကို ဗိုလ်ကြီးမျိုးမင်းထက်၊ ဒေါ်နွယ်နွယ်တို့ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**



### မိခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ မိုင်းနောင်အထက(ခွဲ)၊ အဌမတန်း(B)မှ မောင်ဝင်းမြင့်ဦး၏ မိခင် အမည်မှန်မှာ ဒေါ်မနွယ် ၁/မညန(နိုင်)၁၆၈၄၅၆ ဖြစ်ပါကြောင်း။

**ဒေါ်မနွယ်**



### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်မြင့် ၅/ဖပန(နိုင်)၀၂၁၈၃၂၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် မန်း ၁၉၇၆/၃၀မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၈၀၀၀၀၃၄**



### အမည်ပြောင်း

ထီးချိုင့်မြို့၊ အမှတ်၃၊ လက္ခပ္ပင်ရပ်နေ ဦးကျော်ကျော်-ဒေါ်သန်းသန်းထွေးတို့၏သမီး မဖြူဖြူခိုင်အား မလင်းလက်ရည်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မလင်းလက်ရည်ကျော်**

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်ငယ်တစ်စင်း မာန်အောင်မြို့သို့အဆင်း ဘီးပေါက်ပြီး ပြေးလမ်းချော်

**မာန်အောင် နိုဝင်ဘာ ၁၆**

ရန်ကုန်မှ နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီ ၄၇ မိနစ်က ထွက်ခွာလာသော CESSNA. 208 CARAVAN အမျိုးအစား၊ ခရီးစဉ်အမှတ် ၂၄၁ ခရီးသည်တင် လေယာဉ်ငယ်တစ်စင်းသည် မာန်အောင်မြို့ လေယာဉ်ကွင်းသို့ နံနက် ၉ နာရီ ဆင်းပြီး ပေ ၂၀၀ ခန့် အရောက်တွင် ညာဘက်ဘီးပေါက်ကာ ပြေးလမ်းဘေးသို့ ချော်ထွက်သွားခဲ့ကြောင်း မာန်အောင်မြို့နယ် လေယာဉ်ကွင်းတာဝန်ခံ ပြောကြားချက်အရ သိရသည်။

အဆိုပါ လေယာဉ်ပေါ်၌ လေယာဉ်မှူး၊ အကူလေယာဉ်မှူးနှင့် လေယာဉ်မယ် တစ်ဦးအပါအဝင် ခရီးသည် ရှစ်ဦး စုစုပေါင်း ၁၁ ဦး လိုက်ပါကာ ထွက်ခွာလာခဲ့ကြောင်း၊ လေယာဉ်ဘီးပေါက်ပြီး ပြေးလမ်းချော်ခဲ့မှုကြောင့် ခရီးသည်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

လေယာဉ်မှာမူ လေယာဉ်ရှေ့ပိုင်းဘီးမှာ မြေကြီးပေါ် ထောက်မိပြီး လေယာဉ်ပန်ကာ အနည်းငယ်ကောက်သွားကြောင်း၊ ပြေးလမ်းချော်သွားသော လေယာဉ်ကို နံနက် ၁၁ နာရီခန့်တွင် ပြန်လည်ဆွဲတင်နိုင်ခဲ့ပြီး ရန်ကုန်မှ အင်ဂျင်နီယာများ လာရောက်ပြုပြင်ပေးမည်ဖြစ်ကြောင်း သိရသည်။ ခရီးသည်များကို နောက်ထပ်လေယာဉ်တစ်စင်းဖြင့် အစားထိုးပြီး ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ မာန်အောင် - ကျောက်ဖြူ - စစ်တွေ- ရန်ကုန် ခရီးစဉ်ကို မြန်မာအမျိုးသား လေကြောင်းလိုင်းက CESSNA. 208 CARAVAN လေယာဉ်ဖြင့် တစ်ပတ်လျှင် သုံးရက် ပြေးဆွဲပေးလျက် ရှိကြောင်း သိရသည်။

**သတင်း - မြတ်ဝေ**

**ဓာတ်ပုံ - သိန်းဇေ(ပြန်/ဆက်)**




# ရထားလာစဉ် ကားဖြတ်မောင်း၍ ရထားနှင့် တိုက်မိ




**မုံရွာ နိုဝင်ဘာ ၁၆**

ရထားလာစဉ် သံလမ်းကို ဖြတ်ဖောက်ထားသော လမ်းပေါ် မော်တော်ကားတစ်စီး ဖြတ်မောင်းသောကြောင့် ရထားနှင့် တိုက်မိမှု နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်က မုံရွာမြို့ မုံရွာတောင်ရပ် ကားလေးဝင်းအနီး၌ ဖြစ်ပွားခဲ့သည်။

မုံရွာမြို့ ပြည်ထောင်စုလမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ ငြိမ်းချမ်း မောင်းနှင်ပြီး ယာဉ်နောက်လိုက် အဲဖိုး လိုက်ပါလာသော ၂ခ/---- 4D ယာဉ်သည် မိုင်တိုင်အမှတ်(၄၅၅/၁၅-၁၆)ကြား မီးရထားသံလမ်းပေါ်မှ ညောင်ကိုင်းအင်းဖြတ်လမ်းပေါ်သို့ အနောက်ဘက်မှ အရှေ့ဘက်သို့ ဖြတ်ကူးစဉ် စက်ခေါင်းမောင်း ဦးစိုးဝင်း မောင်းလာသော စက်ခေါင်းအမှတ် DD946 အမှတ် ၁၂၅ အဆန် ပခုက္ကူ-မုံရွာ အဆန်လော်ကယ်ရထားနှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ကားနှင့် ရထား တိုက်မိ၍ ရထားစီးခရီးသည်များတွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်နောက်လိုက် အဲဖိုးမှာ ဒဏ်ရာများရရှိသဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ငြိမ်းချမ်းအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ပြည့်စုံဦး အမျိုးသမီးအဆောင် မီးလောင်မှုဖြစ်ပွား



**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် အောင်ပြည့်စုံလမ်းရှိ ပြည့်စုံဦးအဆောင် အပေါ်ထပ်၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားခဲ့ပြီး ညပိုင်း စက်ရုံဆင်းအလုပ်သမားများ နံနက်ပိုင်း အလုပ်မှ ပြန်လာချိန်ဖြစ်သဖြင့် ပစ္စည်းဆုံးရှုံးမှုများကြောင်း သိရသည်။

အဆိုပါ နံနက်ပိုင်းက အုတ်ညှပ်လုံးချင်း နှစ်ထပ် ကွန်ကရစ် ပြည့်စုံဦးအဆောင်၏ အပေါ်ထပ်၌ လူမရှိဘဲ ထမင်းပေါင်းအိုးတည်ထားခဲ့ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အပေါ်ထပ် ရှစ်ခန်းနှင့် အောက်ထပ် ခုနစ်ခန်း မီးလောင်ခဲ့ကာ မီးလောင်ရာသို့ မီးသတ်ယာဉ် ခုနစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။ **(အောက်ပုံ)**

မီးလောင်မှုကြောင့် အဆောင်မှူး ဦးထိန်လင်းကို လှိုင်သာယာမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားပြီး အဆောင်နေ အမျိုးသမီး ၃၀ ကို အောင်ပြည့်စုံလမ်းထိပ်ရှိ မေတ္တာကွန်ရက် ဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပေးပြီး စက်ရုံဆင်းအလုပ်သမားအချို့တို့မှာ အဝတ်အစားတစ်စုံသာ ကျန်ရစ်ခဲ့ကြောင်း သိရသည်။

**(၁၆၄)**

**ဓာတ်ပုံ - အောင်သန်းဦး**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၂၇)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)၌ သံလွင်မန်း ခရီးသည်တင်ယာဉ်ငယ်ကို ရှာဖွေရာ ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူ ခရီးသည် ကျော်သက်၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၅၅ ပြား သိမ်းဆည်းရမိသဖြင့် ကျော်သက်(၂၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၁၁၀ တဆထလ(ကိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.02

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| သမ္မတ | သွင် | မင်္ဂလာ (သိမ်ကြီးဈေး) | မင်္ဂလာ (ဒဂုံစင်တာ(၂)) | နေပြည်တော် | ရွှေဆောင် | မင်္ဂလာစံပြ |
|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ / ၀၁-၂၄၆၉၆၃ | ၀၁-၃၇၂၅၉၄ / ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၀၅၇ / ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၁ / ၀၉၇၃၂၅၄၀၉၂ | ၀၉ ၅၅၇၈၄၂၈၈၂ / ၀၉ ၅၅၇၈၄၂၈၈၃ | ၀၉၄၅၅၇၈၄၂၈၈၀ / ၀၉၄၅၅၇၈၄၂၈၈၁ | ၀၉၂၆၀၈၈၇၀၃၅ / ၀၉၂၆၀၈၈၇၀၃၆ / ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ / ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ / ၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ / ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ / ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ / ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ / ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ / ၀၉၇၉၁၁၈၃၇၅၂ |
| မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ / ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ / ၀၉၇၇၅၃၅၈၉၉၁-၂ | | | | | |

ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ
၁၈.၁၁.၂၀၁၆ ရက်မှစတင်ပြသမည့်ဇာတ်ကားသစ်များ

ကျွန်တော့်ရည်းစားဘုရားမှာနေသည်
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)
မင်္ဂလာစံပြ၊ Top Royal၊
မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - ဝင်းလိုက်၊ မြို့မ ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON Shopping Mall
တောင်ငူ - NEW 3D CINEMA

DOCTOR STRANGE(3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာဒဂုံစင်တာ(၂)
မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ဘန်ကောက်မှ မန္တလေး သို့
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊
မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း ပြည် - မင်္ဂလာထွန်းသီရိ

TROLLS (3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

AEDIL HAI MUSHKIL
ရန်ကုန် - နေပြည်တော်

ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း
ပဲခူး - မင်္ဂလာ ICON Shopping Mall

ဘွန်ဘော ကြက်သူခိုး
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)



















# ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲတွင် စေတနာရှင်များက စတုဒိသာကျွေးမွေးညှဉ့်ခံ

**မော်လမြိုင် နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲကို တန်ဆောင်မုန်းလပြည့် နံနက် ၄ နာရီခန့်က သံလွင်မြစ် ကမ်းနားလမ်းတစ်လျှောက်၌ ကျင်းပရာ ဗုဒ္ဓဘာသာ တိုင်းရင်းသားပြည်သူများ ဆွမ်းအိုး သပိတ်များဖြင့် လာရောက်ဖူးမြော် ကြည်ညိုလှူဒါန်းကြပြီး ကမ်းနားလမ်းရှိ ရပ်ကွက်များမှ စတုဒိသာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျွေးမွေးညှဉ့်ခံကြသည်။

“စတုဒိသာ ညှဉ့်ခံကျွေးမွေးခြင်းဟာ ဆင်းရဲချမ်းသာမရွေး ပါဝင်ဆင်နွှဲကြတဲ့ အလှူပွဲတော်ကြီးဖြစ်လို့ မိမိတို့တတ်စွမ်းသမျှ အင်အားကြီးမားတဲ့ သဒ္ဓါတရားနဲ့ ကြိုက်နှစ်သက်ရာ လှူဒါန်းနိုင်တဲ့ အလှူပွဲတစ်မျိုးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်ကွက်က အခုလို ကျွေးမွေးညှဉ့်ခံလာခဲ့တာ (၂၁)ကြိမ်ရှိပါပြီ။ အားလုံးစည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် လှူဒါန်းကြတာပါ”ဟု သိမ်ကုန်းရပ်ကွက်မှ အလှူရှင်တစ်ဦးက ပြောသည်။



စတုဒိသာကျွေးမွေးပွဲတွင် လှူဒါန်းသူများနှင့် စားသုံးသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေစဉ်

ထို့နောက် ညနေ ၃ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၌ ရေစက်ချအခမ်းအနားနှင့် ဆွမ်းခြောက်လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ ဘုရားအမှူးရှိသော သံဃာတော် ၁၁၈ ပါးတို့ကို ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။ “ဆွမ်းခြောက် လောင်းလှူပွဲကို ကျွန်တော်တို့ ဘိုးဘွားတွေ လက်ထက်ကတည်းက ဒီစေတီတော်မြတ်ကြီးမှာ ကျင်းပလာတာ တစ်နှစ်ထက် တစ်နှစ် ပိုပြီးစည်ကားလာတယ်။ လာလှူကြတဲ့သူတွေကို သူတို့အစီအစဉ်နဲ့ စိတ်ကြိုက်လောင်းလှူခွင့်ပြုထားပါတယ်” ဟု ကျိုက်သလ္လံစေတီတော်မြတ်ကြီးဂေါပက အဖွဲ့ဝင် တစ်ဦးကပြောသည်။

အဆိုပါ ဆွမ်းခြောက်လောင်းလှူပွဲသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားပြည်သူများ တက်ရောက်လောင်းလှူကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# တာချီလိတ်၌ လမ်း၊ တံတား၊ နှစ်တို နှစ်ရှည် ၁၅ နှစ် စီမံကိန်းရေးဆွဲရေး ရှင်းလင်း

**တာချီလိတ် နိုဝင်ဘာ ၁၆**

ကျေးလက်ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ လမ်း၊ တံတား၊ နှစ်တို နှစ်ရှည် (၁၅)နှစ် စီမံကိန်းရေးဆွဲရေး ရှင်းလင်းတင်ပြဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာလဒုတိယပတ်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းမောင်က (၁၅)နှစ် စီမံကိန်း ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက် လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှု၊ စီမံကိန်း၏ နှစ်အလိုက်ဆောင်ရွက်မည့် လမ်းများပေါ်၌လိုအပ်သည့် တံတားများ ဆောင်ရွက်မှုအခြေအနေ၊ မြို့နယ်အလိုက် လူဦးရေ၊ ဆင်းရဲမှုရာခိုင်နှုန်း၊ လမ်း၊ တံတားရင်းနှီးမြှုပ်နှံမှု အစီအစဉ် ရေးဆွဲရာ၌ အခြေခံသည့် လက်ရှိမြေပြင်၌ သွားလာရန်ခက်ခဲမှု၊ ထုတ်ကုန်သီးနှံ သယ်ပို့မှု၊ လူမှုစီးပွားရေးအကျိုးပြုမှု၊ ယာဉ်အသုံးပြုမှု၊ အချိန်ကုန်သက်သာမှုနှင့် ကွင်းဆင်းရာ၌ဒေသမှ တင်ပြချက်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြန်လည်ပြုပြင်ရမည့် လုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းများကိုလည်းကောင်း၊ ဘတ်ဂျက် လျာထားရန် တင်ပြရာ၌ မြို့နယ်အလိုက်၊ လုပ်ငန်းများအလိုက် စီမံကိန်း ရေးဆွဲရာ၌ လမ်းမဟာဗျူဟာ မူဘောင်နှင့်အညီ ရေးဆွဲရန် စသည့် အခြေအနေများကို လည်းကောင်း၊ ၂၀၁၆-၂၀၁၇ မြစိမ်းရောင်စီမံကိန်း နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**



ဌာနဆိုင်ရာတာဝန်ရှိသူများ စီမံကိန်းရေးဆွဲရေး ဆွေးနွေးပွဲ၌ တက်ရောက်ဆွေးနွေးကြစဉ်

# အုတ်ဖုတ်လုပ်ငန်းရှင်များ အမြတ်အစွန်းရရှိရန် မျှော်လင့်

**ရေး နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်မှ အုတ်လုပ်ငန်း များမှာ လုပ်ငန်းလည်ပတ်နိုင်ရန် အတွက် နိုဝင်ဘာလ၊ ဒီဇင်ဘာလမှစတင်ပြင်ဆင်ကာ အုတ်ချပ်များကို ဧပြီလအထိ ထုတ်လုပ်သွားရန်ဖြစ်ပြီး လာမည့်နှစ်တွင်လည်း လုပ်ငန်းရှင်များက အမြတ်အစွန်းရရှိကြရန် မျှော်မှန်းထားကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်က အုတ်တစ်လုံး ပေါက်ဈေးကငွေ ၅၅ ကျပ်အထိရကြတယ်။ ဈေးနှုန်းက ပုံမှန်ရှိနေပေမယ့် ထုတ်လုပ်မှုက မလုံလောက်မှုနဲ့ ကြုံတွေ့ရပါတယ်။

မြို့ပေါ်အပြင် နယ်ကျေးရွာဘက် တွေက လမ်းတံတား၊ အိမ်အဆောက် အအုံတွေအတွက် ဝယ်ယူသုံးစွဲမှုမြင့်မားလာတဲ့အတွက် ထုတ်လုပ်မှု အားနည်းနေသေးပေမယ့် အမြတ်အစွန်းက ရင်းနှီးမြှုပ်နှံထားတဲ့အပေါ်မှာ ရရှိပါတယ်” ဟု အုတ်လုပ်ငန်း ထုတ်လုပ်ကိုင်နေသူ ဦးငယ်က ပြောသည်။

ရေးမြို့နယ်တွင် အနည်းဆုံး အုတ် ချပ်ရေ ၁၃၀၀၀ ထုတ်လုပ်နိုင်သည့် အုတ်ဖိုတွင် ကျွမ်းကျင်အလုပ်သမား အနည်းဆုံး ၃၀ နှင့် လုပ်ငန်းလုပ်ကိုင်ရကြောင်း ချောင်းကမ်းနားမြေကို အသုံးပြုရာတွင် မြေကေအနည်းဆုံးသုံးကေ မှ ၁၀ ကေ အထိဖြစ်၍ အုတ်ဖိုထုတ်လုပ်နေသည့် အုတ်ဖိုပေါင်း ၁၈ ဖိုရှိရာ တစ်နေ့ကို အုတ်ချပ်ရေ သုံးသိန်းကျော်ခန့်ကို ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# သံတွဲမြို့ သမိုင်းဝင်ကျောက်ပန်းတောင်းစေတီ မီးပူဇော်ပွဲနှင့် ဆီမီးဖောင်မျှောပွဲကျင်းပ

**သံတွဲ နိုဝင်ဘာ ၁၆**

ဗုဒ္ဓဘာသာဝင်များ၏ နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက်ကျင်းပသည့် သံတွဲမြို့ သမိုင်းဝင် ကျောက်ပန်းတောင်းစေတီ တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယ ဆီမီးဖောင်မျှောပွဲကို နိုဝင်ဘာ ၁၃ ရက် ညနေ ၆ နာရီခွဲမှစ၍ အဆိုပါ စေတီရင်ပြင်နှင့် ရင်ပြင်အနီးရှိ သံတွဲချောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါပွဲတော်တွင် သံတွဲမြို့သမိုင်းဝင် ကျောက်ပန်းတောင်းစေတီတော်မြတ်အား မီးပူဇော်ခြင်း၊ ရခိုင်ရိုးရာ ဆီမီးဖောင်မျှောမီးပူဇော်ခြင်းများအပြင် ဝက်ပါပွဲတော်များဖြင့် တိုးမပေါက်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ လပြည့်ကျော် ၁ ရက်နေ့ထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

# ရိုးရာမပျက် ပျော်ရွှင်စွာဆင်နွှဲ ရွှေမိုင်းယောင်းသားတို့၏ ထပ်လုံစေတီတော်ဘုရားပွဲ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**မိုင်းယောင်း နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ထပ်လုံစေတီတော်ဘုရားပွဲ(ပွဲဒွေန်းကြိမ်း) ဆီမီးမျှောပွဲ (လွယ်ကထွန်)နှင့်အတူ မိုင်းယောင်းသားတို့ ပျော်ရွှင်စွာ ဆင်နွှဲပူဇော်လေ့ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ပွင့်ပြီးသည့်ဘုရားရှင်တိုင်း ရဟန္တာအရှင်သူမြတ်များ ခြံရံလျက် ကြွရောက်လာလေ့ရှိပြီး အလွန်မြင့်မြတ်သည့် မဟီယင်္ဂနတောင်ကုန်းပေါ်တွင် တည်ထားကိုးကွယ်တော်မူသည့် ထပ်လုံစေတီတော်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်ရှစ်ပင်နှင့် ဘယ်ဘက်ပါးရိုးတို့ကို ဌာပနာထည့်သွင်း ပူဇော်ထားသည်ဟု ယုံကြည်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ခိုးကြီးပြီး ထင်ရှားကျော်ကြားသည့် မိုင်းယောင်းမြို့၏ သမိုင်းဝင်ရွှေညောင်ပင်နှင့် ဈာန်ရကိုရင်ကြီးတောရကျောင်း (ဖပီလုံပါဘွန်း) ကျောင်းတော်တို့တွင်လည်း ဒေသခံပြည်သူများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နောင်ချိုမြို့၌ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**နောင်ချို နိုဝင်ဘာ ၁၆**

(၂၃)ကြိမ်မြောက် နောင်ချိုမြို့ သပြေရေရပ်ကွက် သပြေတောင် သံသရာအေးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သံသရာအေးစေတီတော်ရင်ပြင်၌ မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ် (၆)ရပ်ကွက် ဒေသခံပြည်သူတို့က လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်များ လောင်းလှူကြသည်။

**စိုးဝင်း (နောင်ချို)**



ရွှေဘိုမြို့၌ ပထမအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ ပြိုင်ပွဲဝင်အမျိုးသမီးတစ်ဦး မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ရန် ဆောင်ရွက်နေစဉ်

မျိုးဝင်းထွန်း(မုံရွာ)

# စစ်တွေမြို့ ရပ်ကွက်များတွင် စဉ်လာမပျက်ပိဋကပါတ်ဆွမ်းလောင်းလှူ

**စစ်တွေ နိုဝင်ဘာ ၁၆**

စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်နှင့် မကျည်းမြိုင်ရပ်ကွက်များ စုပေါင်းပြုလုပ်သော စဉ်လာမပျက် ပိဋကပါတ်ဆွမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၁၅ ရက်)အရုဏ်တက်ချိန်မှ စတင်ကာပြုလုပ်ကြောင်း သိရသည်။

စစ်တွေမြို့ပေါ်ကျောင်းတိုက်အသီးသီးမှ ရဟန်းသာမဏေ ၂၀၀ ခန့်၊ သီလရှင်များသည် ရဲနွယ်စုရပ်ကွက်မှ စတင်ကာ မေယုလမ်း၊ ကျောင်းကြီးလမ်း၊ မကျည်းမြိုင်လမ်းမအတိုင်း ဆွမ်းခံကြွတော်မူကြရာ လမ်းတစ်လျှောက်ရှိ အလှူရှင်များက ဆွမ်း၊ ခဲဘွယ်များ၊ အချိုရည်နှင့် ရေသန့်ဘူးများ လောင်းလှူကြသည်။



စစ်တွေမြို့ခံများ စုပေါင်းဆွမ်းလောင်းလှူကြစဉ်

“ဒီရပ်ကွက်မှာ ခုလိုပိဋကပါတ်ဆွမ်းလောင်းလှူတာ အစဉ်အလာဖြစ်နေပါပြီ။ အလွန်ပျော်ဖို့ကောင်းသလို ကုသိုလ်လည်းရပါတယ်။ ရပ်ကွက်ကလူငယ်၊ လူလတ်တွေကစုပြီး တန်ဆောင်မုန်းလပြည့်မတိုင်မီ စီစဉ်ကြတယ်။

အသံချဲ့ စက်တွေနဲ့လှည့်လည်ပြီး နှိုးဆော်ကြတယ်။ တန်ဆောင်မုန်းလပြည့်ညမှာ ရပ်ကွက်တွေမှာ အဖွဲ့လိုက် စုပေါင်းလို့ ဖြစ်ဖြစ်၊ မိမိအိမ်မှာဖြစ်ဖြစ် ဆွမ်းနဲ့ဟင်းတွေကိုချက်ကြတယ်။ အချို့ဆိုရင် လှူမယ့်ပစ္စည်းတွေကို စုဆောင်းကြတယ်၊ လပြည့်ကျော်တစ်ရက်နေ့ အရုဏ်တက်မှာ သံဃာတော်တွေကို လောင်းလှူကြပါတယ်” ဟု စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်မှ ဒေါ်မြနုက ပြောသည်။

အဆိုပါ ပဋ္ဌာပါတ်ဆွမ်းလောင်းလှူပွဲတော်ကို ၂၀၀၀ ပြည့်နှစ်မှစတင်ကာ ပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်တွင် (၁၆ )ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ နှစ်စဉ် တန်ဆောင်တိုင်ပွဲတော်၏ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ အရုဏ်တက်အချိန်တွင် လောင်းလှူကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကြီးစော**

# ပလက်ဝ-ကျောက်တော် မှန်လုံယာဉ်ခရီးစဉ်စတင်ပြေးဆွဲ

**ပလက်ဝ နိုဝင်ဘာ ၁၆**

ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရန် ပလက်ဝ-ကျောက်တော် Gloden Star ယာဉ်လိုင်း လူစီးသီးသန့် အမြန်မှန်လုံယာဉ် ခရီးစဉ်ကို နိုဝင်ဘာ ၉ ရက်မှ စတင်ပြေးဆွဲခဲ့ရာ ပလက်ဝနှင့်ကျောက်တော်မြို့နေပြည်သူများ ခရီးသွားလာမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပလက်ဝ-ကျောက်တော်၊ ကျောက်တော်-ပလက်ဝ ပြေးဆွဲပေးသည့် Golden Star ယာဉ်လိုင်း အမြန်မှန်လုံယာဉ်နှစ်စီးသည် တစ်ဦးလျှင်ငွေကျပ် ၃၅၀၀ ဖြင့် နံနက် ၈ နာရီတွင်ထွက်ခွာ၍ ပလက်ဝနှင့်ကျောက်တော်မြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကာ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ထွက်ခွာပြီး ညနေ ၅ နာရီတွင် ပြန်လည်ဆိုက်ရောက်ကြသဖြင့် အပြန်အလှန်နေ့ချင်းပြန် ခရီးသွားလာနိုင်ပြီဖြစ်ရာ ဒေသခံများသွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပလက်ဝ-ကျောက်တော်လမ်းပိုင်းမှာ ကျောက်ချောလမ်းအဆင့်သာ ရှိနေသေးသောကြောင့် ယာဉ်မောင်းချိန်သုံးနာရီကြာမြင့်ပြီး လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါက ပြေးဆွဲချိန်လျော့နည်းလာမည်ဟု ယာဉ်မောင်းက ပြောသည်။

ယခင်က ဤလမ်းခရီးကို ရေလမ်းခရီးဖြင့် တစ်နေကုန်သွားလာခဲ့ကြရာမှ မှန်လုံယာဉ်လိုင်းပြေးဆွဲပေးမှုကြောင့် ခရီးသည်များသွားလာမှု အဆင်ပြေကြသည့်အပြင် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း လုပ်ငန်းများအချိန်မီ လုပ်ကိုင်နိုင်ကြပြီဟု ဒေသခံပြည်သူများက ပြောသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# မြော့တောင်(နယ်စပ်)ကျေးရွာမီးသတ်အဆောက်အအုံ ဆောက်လုပ်ပြီးစီး

**တနသ်ာရီ နိုဝင်ဘာ ၁၆**

တနသ်ာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၄၉၀ ဖြင့် မြိတ်ခရိုင် တနသ်ာရီမြို့နယ် သိန်းကျေးရွာအုပ်စု မော့တောင်နယ်စပ်ကျေးရွာတွင် အောင်ဘုန်းပြည့်စုံ ကုမ္ပဏီမှတာဝန်ယူ ဆောက်လုပ်လျက်ရှိသော မီးသတ်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြီးစီးမှုကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ခင်မောင်ရီသည် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့်အဖွဲ့မှ နိုဝင်ဘာ ၁၃ ရက် ညနေ ၄နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးသတ်အဆောက်အအုံမှာ (၄၅×၃၉×၁၅)ပေ RC ကွန်ကရစ် တစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်ပြီး ဝန်ထမ်းအိမ်ရာမှာ (၄၀×၅၀×၂၂)ပေ(နှစ်ခန်းတွဲ) အဆောက်အအုံဖြစ်ကြောင်းနှင့် ယခုစစ်ဆေးသည့်အချိန်အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**နန်းသာရီထိန်ဝင်း**

# မိုင်းယောင်း၌ ရေဘေးသင့်ပြည်သူများအား သောက်သုံးရေများပေးအပ်

**မိုင်းယောင်း နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုန်းလိုက်အုပ်စု တာလုတ်ကျေးရွာ လော့ငိုးကျေးရွာနှင့် ကော့ခွယ်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများကို သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးနိုင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူတို့သည် နိုဝင်ဘာ ၁၄ ရက်က သောက်ရေသန့်ဘူးကြီး ၂၀၀ ကျော်နှင့် ဘူးသေး ၃၀၀ ကျော်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မိုင်းယောင်းမြို့နယ် နည်းဗျူဟာမှူး၏ စီမံကြီးကြပ်မှုဖြင့် တည်ဆောက်နေသော မုန်းလိုက်အုပ်စု ရှေခင်ရွာအဝင် နမ့်ယောင်းချောင်းပေါ်ရှိ ယာယီကြိုးတံတားဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# သုံးနှစ်ကြာရေမဝင်သည့် ညောင်ရမ်း-မင်းလှကန်ရေဝင်လာ၍ ယခုနှစ်သီးနှံများစိုက်ပျိုးနိုင်ပြီ

**သာစည် နိုဝင်ဘာ ၁၆**

သာစည်မြို့နယ်တွင် ၂၀၁၃ ခုနှစ်မှစပြီး မိုးနည်းမိုးခေါင်သည့်အတွက် တောင်သူလယ်သမားများ စိုက်ပျိုးရေးအတွက် အားထားရသည့် မင်းလှ- ညောင်ရမ်းကန်ကြီးတွင် ရေမဝင်သည့်အတွက် သီးနှံမစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သုံးနှစ်လုံးလုံးစိုက်ဘဏ်မှထုတ်သည့် စိုက်ပျိုးစရိတ်ချေးငွေကိုသာ ထုတ်ပြီးစားနေခဲ့ရကြောင်း၊ လယ်တစ်ဧကငွေကျပ် နှစ်သိန်း၊ ယာတစ်ဧကငွေကျပ် တစ်သိန်းရရှိကာ သုံးနှစ်လုံးလုံး မင်းလှကန်နှင့် ညောင်ရမ်းကန်ရေမဝင်သည့်အတွက် တောင်သူများသီးနှံမစိုက်ရသဖြင့် အဆင်မပြေဖြစ်ကာ ကျွဲ၊ နွားတိရစ္ဆာန်များလည်း ရေအခက်အခဲကြုံခဲ့ရသည် ဟု ပြောသည်။

“တစ်နှစ်တစ်နှစ် စိုက်ဘဏ်ကထုတ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေနဲ့ လုံလောက်အောင် စားနေခဲ့ရတာပါ။ စိုက်ပျိုးရေးစရိတ် ချေးငွေပြန်ဆပ်ရမယ့် အချိန်ကျတော့ ရွာထဲက ငွေရှင်ကြေးရှင်များဆီက ငွေတိုးနဲ့ယူပြီးပြန်ဆပ်ရပါတယ်။ ထွက်တဲ့သီးနှံကလည်း မအောင်မြင်၊ ထွက်တဲ့သီးနှံကိုလည်း စီးပွားရေးသမားတွေက ဈေးနှိမ်ဝယ်လို့ တောင်သူလယ်သမားတွေမှာ မိအေးနှစ်ခါနာဘဝ ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့က တောင်သူလယ်သမား ဆင်းရဲသားတွေပါ။ ဗိုက်ထဲ ရွံ့တစ်ပိဿာလောက်ဝင်အောင်လုပ်မှ ထမင်းနပ်မှန်အောင်စားရတဲ့ ဘဝပါ။ အမှန်တကယ် စိုက်ပျိုးချင်ပါတယ်” ဟု သာစည်မြို့နယ် မောင်းတိုင်ကျေးရွာမှ လယ်သမားကျော်မျိုးထွန်း (၂၁နှစ်) က ပြောသည်။

သာစည်မြို့နယ်တွင် ကျေးရွာအုပ်စု ၈၈ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၄၉ ရွာရှိကာ စိုက်ပျိုးမြေဧက ၄၈၅၇၀ ရှိသည်။ ထိုကျေးရွာများထဲတွင် ညောင်ရမ်း-မင်းလှကန်၊ ရေသောက်ရွာများဖြစ်ကြသော နွားထိုး၊ အင်းကုန်း၊ ညဏ်ကန်၊ မောင်းတိုင်၊ ပေါက်ချောင်း၊ အင်းဝင်း၊ အိုင်ထွန်း၊ နှမ်းကန်၊ မင်းလှ၊ မရွေး၊ သနပ်ပင်၊ ကုက္ကိုစု၊ ကန်ဖြူး၊ အလည်ရွာ၊ အုတ်ရှစ်ကုန်း၊ ညောင်ရမ်းရွာများမှာ ညောင်ရမ်းမင်းလှကန် ရေသောက်ရွာများ ဖြစ်ကြသည်။ ထိုရွာမှ တောင်သူလယ်သမားများသည် နွေစပါး၊ မိုးစပါး၊ ဝါ၊ နှမ်း၊မတ်ပဲ၊ ကုလားပဲများစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ သို့သော် ယင်းကန်များ သုံးနှစ်လုံးလုံးမိုးခေါင်သဖြင့် ကန်ထဲရေမဝင်၍ သီးနှံများမစိုက်ပျိုးနိုင်ဘဲဖြစ်နေသည်။

“စပါးစိုက်လယ်တစ်ဧက ကောက်စိုက်ပျိုးနုတ်အတွက် အလုပ်သမား ၁၀ ယောက်လောက် လိုပါတယ်။ ကောက်စိုက်ပျိုးနုတ်ခ လုပ်အားခ တစ်ယောက်ငွေကျပ် ၅၀၀၀ ပေးရတယ်။ ၁၀ ယောက်ဆိုတော့ ငွေကျပ် ၅၀၀၀၀၊ နှစ်ရက်လုပ်တော့ လုပ်အားခငွေကျပ် တစ်သိန်းကုန်ပါတယ်၊ စပါးစိုက်ဖို့ ထွန်ယက်မြေပြင် တမန်းမွှေခ တစ်ဧက ငွေကျပ် ၂၀၀၀၀ ပေးရပါတယ်။ မျိုးသုံး၊ ဓာတ်မြေဩဇာဖိုးနဲ့ လယ်တစ်ဧကငွေကျပ် နှစ်သိန်းလောက် ကုန်ပါတယ်။ တကယ်တော့ စိုက်ပျိုးစရိတ်ချေးငွေနဲ့ မလောက်ပါဘူး။ အစိုးရက တောင်သူလယ်သမားဘဝ မြှင့်တင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေထုတ်ပေးပေမယ့် တောင်သူတွေမှာ ပေးကားပေး၏မရ၊ ကျွေးကားကျွေး၏ မဝဆိုသလိုဖြစ်နေပါတယ်။ ဒါကြောင့် စိုက်ပျိုးစရိတ်ပိုမိုထုတ်ချေးဖို့ အကြံပေးချင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။



ညောင်ရမ်း-မင်းလှကန်အတွင်း ရေဝင်ရောက်နေမှုကိုတွေ့ရစဉ်

သာစည်မြို့နယ်တွင် စက်တင်ဘာလမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ ယခုအခါ ယင်းကန်များအတွင်းရေဝင်ရောက်ပြီး ကန်ကြီးနှစ်ကန်လုံး ရေပြည့်ရေလျှံနေသဖြင့် တောင်သူလယ်သမားများ ဝမ်းသာနေကြသည်။

ယခင်က သုံးနှစ်စလုံး ရေမရသဖြင့် ဘာမျှမစိုက်ခဲ့ရသည့် အတွက် ယခုနှစ်တွင် စပါး၊ ဝါများကိုအတိုးချ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပိုထုတ်ပေးရန် တင်ပြချင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ ညောင်ရမ်း-မင်းလှကန် ရေသောက်ရွာများကလည်း ယင်းကန်များတွင် ရေအလုံအလောက်ရှိပြီး ရေဖူလုံနေသဖြင့် လယ်သမားများဝမ်းသာအားရ အတိုးချ၍ ထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်နေကြသည်ကို တွေ့မြင်ရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ပဲခူးတိုင်းဒေသကြီးရှိ လေးကျွန်းစကြာဦးခိုက်မြသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်နိုင်

**ပဲခူး နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး၏ အရှေ့ဘက်တွင် တောင်ငူခရိုင်နှင့် ပဲခူးခရိုင်တို့ရှိပြီး မြို့နယ်ပေါင်း ၁၄ မြို့နှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့ရှိပြီး မြို့နယ်ပေါင်း ၁၄ မြို့နယ်တို့ တည်ရှိသည်။ တောင်မြောက်သွယ်တန်း၍ မိုင်ပေါင်း ၂၀၀ ကျော်ရှည်လျားသော ပဲခူးရိုးမတောင်တန်းကြီးက အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ပိုင်းခြားထားသည်။

ရှေးက တည်ရှိခဲ့သော အတိတ်တဘောင်အရ ပဲခူးတိုင်းဒေသကြီးတွင် အရှေ့မှာစိန်၊ အလယ်မှာရွှေ၊ နောက်မှာမြ ဟု ခေါ်ဝေါ်သုံးစွဲလာခဲ့ရာ အရှေ့မှာစိန်ဟူသည် ပဲခူးတိုင်းအရှေ့ခြမ်း၊ ပဲခူးမြို့မှ စိန်သာလျောင်းရုပ်ပွားတော်မြတ်ကြီးဖြစ်၍ အလယ်မှာရွှေသာလျောင်းဟူသည် ပဲခူးမြို့မှ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးဖြစ်ပြီး ယင်းနှစ်ဆူမှာ နှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ပြီးဖြစ်ပါသည်။

"အနောက်မှာ မြသာလျောင်း" ဟူသည် ပဲခူးတိုင်းအနောက်ခြမ်းတစ်နေရာက မြသာလျောင်းဘုရားကြီးကို ဆိုလိုပါသည်။ သို့ရာတွင် မြသာလျောင်းဘုရားကြီးကို ပဲခူးအရှေ့ နှစ်ဆူတည်ထားပြီးစအချိန်က စတင်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသေးချေ။ ဤသို့ဖြင့် ၁၃၅၇ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သဲကုန်းမြို့နယ် ချားလျားကုန်းအုပ်စု သစ်ချိုကျေးရွာ သရက်ပင်ရွှေကျောင်းကြီးတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသသည် လေးကျွန်းစကြာဦးခိုက်မြသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားရန် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်၊ ခင်းငါးခင်းဝင်းငါးဝင်းတို့ဖြင့် စတင်အုတ်မြစ်ချခဲ့သည်။

၁၃၇၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် မြသာလျောင်းရုပ်ပွားတော်မြတ်ကြီးကို စတင်တည်ဆောက်ခဲ့ကြသည်။ ဆရာတော်ဦးက္ကန္ဒဝံသမရှိသည့်နောက် တပည့်ဒကာအလှူရှင်များ ဆက်လက်ဦးဆောင်၍ မြသာလျောင်းရုပ်ပွားတော်ကြီး တည်ဆောက်ရန် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်။

၁၃၇၈ ခုနှစ် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် အလျား ၁၇၁ ပေ၊ ဉာဏ်တော် ၃၄ ပေ ၁၀ လက်မရှိသော မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သံတန်ဆောင်းတော်ကြီးမှာ ရာနှုန်းပြည့်ပြီးစီးလျက်ရှိနေပြီး ဘုရားကြီးသို့ ဝင်ရောက်လေ့လာဖူးမြော်ကြသူများ၊ အဆင်ပြေလွယ်ကူစေရန်အတွက် ရန်ကုန်-ပြည်ကားလမ်းမှ ပေပေါင်း ၁၃၅၀ ကွာဝေးသော သရက်ပင်ရွှေကျောင်းကြီး သာသနာ့နယ်မြေအထိ လမ်းကြီးသုံးသွယ်နှင့် ကားလမ်းအဝင်မုခ်ဦးနှင့် ဇရပ်ဆောင်များ ဆောက်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ အရှေ့မှာစိန်၊ အလယ်မှာရွှေ၊ အနောက်မှာမြဟူသော တဘောင်မှာလည်း ပြည့်စုံသွားပြီးဖြစ်ရာ ဘုရားကြီးသို့ သွားရောက်လိုသော ဘုရားဖူးများ ရန်ကုန်-ပြည်ကားလမ်း အင်းမနှင့် ဝက်ပုတ်အကြားတွင် ကားလမ်းမှ အနောက်ဘက်သို့ လမ်းညွှန်ဆိုင်းဘုတ်များ ညွှန်းထားသည့်အတိုင်း အလွယ်တကူသွားရောက်ဖူးမြော်နိုင်ပါကြောင်း လမ်းညွှန်ရေးသားလိုက်ရပါသည်။

**ကိုသက်(ဇီးကုန်း)**

# နေပြည်တော်မြို့မဈေးတွင် ငှက်ပျောသီးနှင့် အုန်းသီးများ အရောင်းသွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးကြီး၏ အနောက်ဘက် ကုန်ဈေးတန်း၌ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့မှတင်ပို့သည့် စိုက်ပျိုးရေးထွက်ကုန်တစ်မျိုးဖြစ်သော ဖီးကြမ်းငှက်ပျောသီးဈေးကွက်မှာ ရောင်းသူအတွက်ရော စားသုံးသူအတွက်ပါ နှစ်ဦးနှစ်ဖက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့ဒေသဝန်းကျင်သည် သဘာဝရေခံမြေခံ အလွန်ကောင်းမွန်ပြီး ယင်းဒေသမှထွက်ရှိသည့် ဖီးကြမ်းငှက်ပျောသီးများကို ရန်ကုန်၊ ပဲခူး၊ နေပြည်တော်၊ မြင်းခြံ၊ မန္တလေး၊ ပခုက္ကူမြို့များသို့ ၁၀ ဘီး၊ ၁၂ ဘီး ကုန်တင်ယာဉ်ကြီးများဖြင့် နေ့စဉ်တင်ပို့နေရကြောင်း နေပြည်တော်မြို့မဈေး (ကျောက်ဆည်) ငှက်ပျောသီး၊ အုန်းသီးအရောင်းဆိုင်မှ ဦးတင်အောင်က ပြောသည်။ နေပြည်တော်တွင်အာဟာရဓာတ် ၁၀ မျိုးပါဝင်သည့် ဖီးကြမ်း ငှက်ပျောသီးနှင့် ကြက်ဥစားသုံးမှုနှုန်းမှာ အလွန်များပြားပြီး ရောင်းရလွယ်ကူ အသွက်လက်ဆုံးစားသောက်ကုန်လည်း ဖြစ်ကြောင်း သိရသည်။

နေပြည်တော် မြို့မဈေးတွင် လက်ရှိရောင်း ချနေသောအုန်းသီးမှာမူ လယ်ဝေး၊ ပျဉ်းမနားဒေသတို့မှထွက်ရှိပြီး လာရောက်တင်သွင်း ရောင်းချသော်လည်း အုန်းသီးသုံးစွဲမှုဈေးကွက်သည် အလွန်များပြားကာ လုံလောက်မှုမရှိသဖြင့် ရန်ကုန်မှ တစ်ဆင့်ပြန်လည်မှာယူနေရကြောင်း သိရသည်။

ကျောက်ဆည်ဒေသတွင် ငှက်ပျောစိုက်ပျိုးသည့် တောင်သူဦးရေမှာ များပြားပြီး တောင်သူအများစုမှာ အပင်ပေါင်း ၅၀၀ မှ ၁၀၀၀ ခန့်အထိ စိုက်ပျိုးနိုင်ပြီး တောင်သူကြီးများအနေဖြင့် အပင်ပေါင်း ၃၀၀၀ မှ ၅၀၀၀ ခန့်ထိ စိုက်ပျိုးနိုင်ကြောင်း၊ တစ်ကေလျှင်ငှက်ပျောအပင်ပေါင်း ၄၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ရေဝင်အိမ်ခြေများတွင် ဝမ်းပျက်ဝမ်းလျှောမဖြစ်စေရေး ကျန်းမာရေးဆရာများ ကွင်းဆင်းစစ်ဆေး

**တပ်ကုန်း နိုဝင်ဘာ ၁၆**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ(န)နှင့် ဥသျှစ်ကုန်းကျေးရွာများရှိ ရေဝင်အိမ်ခြေများရှိ အုတ်ရေတွင်း၊ တုံကင်ရေတွင်းနှင့် အုတ်ကန်များမှ ရေများအသုံးပြုရာတွင် ဝမ်းပျက်ဝမ်းလျှော မဖြစ်ပေါ်စေရန် နိုဝင်ဘာ ၁၄ရက်မှ စတင်၍ ယင်းကျေးရွာများသို့ ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးအောင်ဝင်းလှိုင်နှင့် ကျန်းမာရေးဆရာ ဆရာမများ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ ကျေးရွာအတွင်းမှာရှိတဲ့ ရေတွင်းနဲ့ ရေကန်များကို ကျန်းမာရေးဆရာများက လိုက်လံကြည့်ရှုစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီး လိုအပ်တဲ့ ရေတွင်း၊ ရေကန်တွေကို ပိုးမွှားသန့်ဆေးများ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုလို ကျန်းမာရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ဥသျှစ်ကုန်းကျေးရွာမှ ပြည်သူတစ်ဦးက ပြောပြသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# ကျေးရွာချင်းဆက်လမ်းပေါ် တံတားများတည်ဆောက်

**ရွှေကူ နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှု စီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်၍ကျေးရွာချင်းဆက်လမ်းများ၊ တံတားများတည်ဆောက်ပေးခြင်းနှင့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လမ်းကူး၊ခေါ်လဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားအမှတ် ၁၊ ၂၊ ၃၊ ၄ နှင့် စီမော်ကျေးတောကြီးပတ်လမ်းပေါ်ရှိ တံတားတစ်စင်းတည်ဆောက်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၂ ရက်က လုပ်ဆောင်နေမှုကို မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့်ရုံးအဖွဲ့များက လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန် ဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# တန်ဆောင်တိုင်မီးထွန်းပွဲ ဖျော်ဖြေပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**သနပ်ပင် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အဖြူရောင်ရေစက်များ လူမှုကူညီရေး ပရဟိတအဖွဲ့နှင့် သနပ်ပင်မြို့သူ မြို့သားများ စုပေါင်းကျင်းပသော ဒုတိယအကြိမ်မြောက် တန်ဆောင်တိုင် မီးထွန်းပွဲ၊ တေးဂီတဖျော်ဖြေပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၄ ရက် ညနေ ၄ နာရီခွဲမှ စတင်၍ နဝရတ်ကိုးသွယ်လမ်း၌ စည်ကားစွာ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့မိမြို့ဖ ဦးအေးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိဗ္ဗာန်ဈေးဆိုင်ခန်း ၁၄၅ ခန်း ဖွင့်လှစ်လှူဒါန်းကြပြီး တေးဂီတဖျော်ဖြေပွဲများ၊ ဘာသာရေးမီးထွန်းပွဲများကျင်းပခဲ့ကြကြောင်း သိရသည်။

**တင်အောင်ဆန်း(သနပ်ပင်)**

# လှိုင်ကော်မြို့တန်ဆောင်တိုင်ပွဲတော်တွင် မှုခင်းအသိပညာပေးယာဉ်ဖြင့် လူကုန်တားအသိပညာပေးမြှင့်တင်ပွဲကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၁၆**

ကယားပြည်နယ် လှိုင်ကော်မြို့ တောင်ကွဲစေတီရှေ့ရှိ တန်ဆောင်တိုင်ပွဲခင်း၌ လကတစ(၄)လှိုင်ကော်နှင့် Save the Children အဖွဲ့တို့ ပူးပေါင်းကာ နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီမှစ၍ ကယားပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် လူကုန်ကူးမှုအသိပညာပေး မြှင့်တင်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်ပေါ်၌ "လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပူးပေါင်းပါဝင်ပေး" ဆောင်ပုဒ်များ ချိတ်ဆွဲလျက် ကယားပြည်နယ်မှ TO SOLO တီးဝိုင်းနှင့်အတူအသိပညာပေးမြှင့်တင်ခဲ့ရာ လကတစ (၄) လှိုင်ကော်မှ တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုအသိပညာပေး ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကြပြီး အဖြေမှန်သူများကို ဆိုင်ကယ်ဦးထုပ်အပါအဝင် ဆုမဲပေါင်း ၂၅၀ ကို ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ အဆိုတော်များက လူကုန်ကူးမှုအသိပညာပေးသီချင်းများကို သီဆို၍ လည်း ကောင်း၊ Save the Children အဖွဲ့ လူငယ်များမှ လူကုန်ကူးမှုအသိပညာပေး သရုပ်ဖော်တင်ဆက်ခြင်းများ ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များက စိတ်ပါဝင်စားစွာ အားပေးကြည့်ရှုပြီး ဉာဏ်စမ်းဖြေဆိုမှုတွင် ပရိသတ်များပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ဖေထွေးဇော်(ရေစကြို)**



# ပူးပေါင်းပါဝင်မှုလိုအပ်သော အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းစဉ်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**၂၁ ရာစုသို့ ချင်းနင်းဝင်ရောက်လာကတည်းက ကမ္ဘာကြီးသည် အေးချမ်းသာယာမှု တဖြည်းဖြည်းဆိတ်သုဉ်းလာခဲ့သည်။ နည်းပညာတိုးတက်မှုသည်ကောင်းမွန်သော်လည်း ထိုနည်းပညာကို တလွဲအသုံးချနေသူများ၊ အစွန်းရောက်သူများကြောင့် အပြစ်မဲ့ပြည်သူများ ရတက်မအေးဖြစ်နေကြရသည်။ အထူးသဖြင့် ဆန်းသစ်သောလက်နက်များ တီထွင်ထုတ်လုပ်ပြီးနောက် စမ်းသပ်ပစ်ခတ်အင်အားပြနေကြခြင်းသည်လည်း ငြိမ်းချမ်းစွာနေထိုင်လိုသော နိုင်ငံများနှင့်ပြည်သူများကို ခြိမ်းခြောက်မှုတစ်ရပ်လိုဖြစ်လာသည်။**

အစွန်းရောက်အကြမ်းဖက်သမားများလက်ဝယ်သို့ ဖျက်စွမ်းအားကြီးမားသော ဓာတု၊ ဇီဝလက်နက်များ ရောက်ရှိသွားမည်ဆိုလျှင် ကမ္ဘာပေါ်ရှိ အပြစ်မဲ့ပြည်သူများသည် နေ့စဉ်ဘဝကို သည်းထိတ်ရင်ဖို ဖြတ်သန်းရှင်သန်နေကြရမည်ဖြစ်သည်။ အချို့သော အင်အားကြီးနိုင်ငံများ၏ လက်နက်အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချနေမှုများသည်လည်း ကမ္ဘာကြီးမအေးချမ်းရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်နေပါသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန မျှော်စင်ညီနောင်အား အကြမ်းဖက်သမားများ၏ အသေခံတိုက်ခိုက်မှုများဖြစ်ပွားပြီးကတည်းက ကမ္ဘာကြီးသည် လုံခြုံမှုမရှိတော့ကြောင်း စတင်သိရှိလာကြသည်။ ထိုစဉ်က အမေရိကန်နိုင်ငံသည် အိုစမာဘင်လာဒင် ဦးဆောင်သော တာလီဘန်များကို ဒေါသတကြီးဖြင့် တုံ့ပြန်ခဲ့သည်။

အမေရိကန် NAVY SEALS အဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်း ခိုအောင်းနေသော အိုစမာဘင်လာဒင်ကို သုတ်သင်နိုင်ခဲ့သော်လည်း တာလီဘန်အဖွဲ့ကိုမူ ယနေ့အချိန်အထိ အမြစ်ပြတ်ချေမှုန်းနိုင်ခြင်း မရှိသေးသောကြောင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးကိစ္စသည် သောင်မတင်ရေမကျဖြစ်နေသည်။

ထို့အပြင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ရှိ အစ္စလာမ္မစ်နိုင်ငံတော် (IS)အဖွဲ့၏ ခြိမ်းခြောက်မှုများသည်လည်း “ဘူးလေးရာ ဖရုံဆင့်”ဆိုသလို တည်ငြိမ်မှုမရှိသော အရှေ့အလယ်ပိုင်းဒေသတွင် ဆူပူမှုများ ထပ်မံပေါ်ထွက်လာခဲ့သည်။ ထိုဘာသာရေးအစွန်းရောက်စစ်သွေးကြွများက စတင်ခဲ့သည့် မီးတောက်မီးလျှံများသည် အရှေ့အလယ်ပိုင်းတွင်သာမက ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများကိုပါ ကူးစက်လောင်ကျွမ်းလာသဖြင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများသည် မလုံမခြုံဖြစ်လာကြသည်။

IS အဖွဲ့သည် စစ်ဘက်၊ ရဲဘက်ပစ်မှတ်များထက် အရပ်သားများ အများဆုံးသွားလာလှုပ်ရှားသည့် နေရာများကိုသာ ရွေးချယ်တိုက်ခိုက်လျက်ရှိသည်ကို အကြမ်းဖက်လုပ်ရပ်များက သာဓကပြလျက်ရှိသည်။ ထိုအဖွဲ့သည် လုယက်တိုက်ခိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ တရားမဝင်မှောင်ခိုလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ဆက်ကြေးအခွန်ကောက်ခံခြင်း စသည့်နည်းလမ်းပေါင်းစုံတို့ဖြင့် တရားမဝင် ဝင်ငွေရှာဖွေလျက်ရှိရာ နေ့စဉ် ဒေါ်လာသန်းနှင့်ချီ၍ ဝင်ငွေရရှိနေသဖြင့် အချမ်းသာဆုံးအကြမ်းဖက်အဖွဲ့အစည်းအဖြစ် ရပ်တည်လာလျက်ရှိသည်။

ထို IS တို့၏ အကြမ်းဖက်လုပ်ရပ်များသည် အရှေ့အလယ်ပိုင်း၊ ဥရောပနှင့်အာဖရိကနိုင်ငံများသာမက မွတ်စလင်အများစုရှိရာ အရှေ့တောင်အာရှသို့လည်း ပစ်မှတ်သစ်တစ်ခုအနေဖြင့် မျက်စိကျလာလျက်ရှိသည်။ အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မွတ်စလင်အများစုနေထိုင်လျက်ရှိသောကြောင့် IS တို့ ခြေကုပ်ယူရန် ရည်ရွယ်ထားသည့် အဓိကနိုင်ငံများဖြစ်လာကြသည်။

၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက နိုင်ငံတကာ ရုပ်သံမီဒီယာများတွင် ကြည့်ရှုရသည့်သတင်းများသည် စိတ်မချမ်းမြေ့ဖွယ်ရာများပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆဖြစ်ရပ်များ၊ အထူးသဖြင့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အသေခံဗုံးခွဲတိုက်ခိုက်မှုသတင်းများအား ခပ်စိပ်စိပ်ဖော်ပြလာကြသည်။ အကြမ်းဖက်သမားများ၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူရာပေါင်းများစွာ သေကျေ၊ ဒဏ်ရာရရှိခဲ့ကြသည်။ ထိုအကြမ်းဖက်သမားများသည် တန်ဖိုးရှိသော လူ့အသက်တစ်ချောင်းကို ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်လို သဘောထားပြီး သွေးအေးအေးဖြင့် သတ်ဖြတ်လာကြသည်။

အကြမ်းဖက်တိုက်ခိုက်မှုများသည် မကြာခဏဖြစ်ပွားလာပြီး သေကျေ၊ ထိခိုက်ဒဏ်ရာရရှိမှုလည်း မြင့်မားလာသည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် လူစည်ကားရာနေရာများတွင် အဓိကထား တိုက်ခိုက်လာသဖြင့် အပြစ်မဲ့ပြည်သူများ သေကျေထိခိုက်မှု မြင့်မားလာခြင်းဖြစ်သည်။ ယခင်က အကြမ်းဖက်တိုက်ခိုက်မှုများကို ကာလအတန်ကြာခြားပြီးမှသာ တွေ့ရှိရသော်လည်း လက်ရှိအချိန်တွင် ခပ်စိပ်စိပ်ပြုလုပ်လာကြသဖြင့် လုံခြုံရေးအထူးသတိရှိရန် လိုအပ်နေပြီဖြစ်သည်။

သူခိုးတွင် ဦးချိုမပါသလို အစွန်းရောက်အကြမ်းဖက်သမားများတွင်လည်း နဖူး၌စာကပ်ထားမည် မဟုတ်ချေ။ ထို့ကြောင့် သာမန်ပြည်သူများသည် နိစ္စဓူဝသွားလာလှုပ်ရှားလုပ်ကိုင်စားသောက်ရာတွင် လုံခြုံရေးအသိဖြင့် ပြုမူနေထိုင်တတ်ဖို့ လိုအပ်နေပြီဖြစ်သည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး ဆက်စပ်ပြောင်းလဲဖြစ်ပေါ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေးပိုမိုလွယ်ကူလျင်မြန်ချောမွေ့လာပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာကူးလူးဆက်ဆံလာနိုင်ပြီဖြစ်သည်။

ထိုသို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝင်ထွက်သွားလာရာတွင် သာမန်ပြည်သူများနှင့်အတူ အစွန်းရောက်အကြမ်းဖက်သမားများ ရောနှောစိမ့်ဝင်လာနိုင်ပေသည်။ ထို့ကြောင့် လေဆိပ်၊ ပင်လယ်ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်များတွင် လုံခြုံရေးတပ်လှန့်တိုးမြှင့်ဆောင်ရွက်သွားသင့်သည်။ သို့မှသာလျှင် မိမိနိုင်ငံအတွင်းသို့ အစွန်းရောက်အကြမ်းဖက်သမားများခိုးဝင်လာမှုကို အချိန်မီဟန့်တားနိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လာနိုင်မှုကိုလည်း ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

ထိုသို့ ကာကွယ်တားဆီးနိုင်မည်ဆိုလျှင် ပြည်သူများ၏ လူနေမှုဘဝ ပိုမိုလုံခြုံလာမည်ဖြစ်သည်။ အကြမ်းဖက်သမားများ၏ အန္တရာယ်အား ကြိုတင်တားဆီးကာကွယ်ရာတွင် အစိုးရနှင့်လုံခြုံရေးအဖွဲ့အစည်းများသာမက ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ များစွာလိုအပ်ပေသည်။ အထူးသဖြင့် သတင်း အချက်အလက်ရရှိပါက သက်ဆိုင်ရာသို့ အချိန်မီဆက်သွယ်အကြောင်းကြားသွားမည်ဆိုလျှင် ပြည်သူများ ထိခိုက်မှုလျော့နည်းအောင် စီမံလုပ်ကိုင်နိုင်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း သွားလာနေထိုင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိသင့်ပေသည်။ သာဓကအနေဖြင့် စာရေးသူ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်က ဗန်ကောက်မြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး ထိုစဉ်က မြို့နေပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ကြသည်။ အပြင်သို့ ဈေးဝယ်ထွက်ပါက တစ်နေရာတည်းတွင် ကြာကြာမနေဝံ့ဘဲ မြန်မြန်ဝယ်၊ မြန်မြန်သွားပြုလုပ်ခဲ့ရသည်။ အကယ်၍ အနီးအနားတွင် ဗုံးပေါက်ကွဲမှုဖြစ်လျှင် မည်သို့မည်ပုံပြုမူ အကာအကွယ်ရယူသွားရန် မိသားစုဝင်များကို ကြိုတင်ဇာတ်တိုက်ဆွေးနွေးခဲ့ရပါသည်။ လုံခြုံရေးအသိ၊ လုံခြုံရေးသတိသည် ပိုသည်ဟူ၍ မရှိချေ။ တတ်နိုင်ပါက လူအများအပြားဆုံစည်းရာနေရာများကို ရှောင်ရှားသင့်ပေသည်။

လူအများသွားလာနေထိုင်လျက်ရှိသည့် ကုန်တိုက်၊ ဈေး၊ ကျောင်း၊ ဆေးရုံ၊ လေဆိပ်၊ ဘူတာ၊ ရုပ်ရှင်ရုံ၊ စားသောက်ဆိုင်၊ အားကစားပွဲ၊ ဘောလုံးကွင်း စသည့်နေရာများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ထားသင့်သည်။ ထိုသို့ လုံခြုံရေးကင်မရာများ တပ်ဆင်ထားသည့်တိုင်အောင် အကြမ်းဖက်သမားများ၏အန္တရာယ်မှ အပြည့်အဝစိတ်မချရနိုင်ပေ။ အကြောင်းမူကား ၎င်းတို့သည် အသေခံဗုံးခွဲ တိုက်ခိုက်လာခဲ့လျှင် အားလုံးသေကျေ၊ ထိခိုက်ကြမည်ဖြစ်သည်။ အကောင်းဆုံးနည်းလမ်းသည် လုံခြုံရေးသတိရှိကြရန်ပင်ဖြစ်သည်။

မျက်မှောက်ကာလ၌ IS အစွန်းရောက်အဖွဲ့အပါအဝင် အကြမ်းဖက်သမားပေါင်းစုံသည် တိုက်ခိုက်မှုပုံစံအမျိုးမျိုးဖြင့် ကမ္ဘာ့နေရာပေါင်းစုံတွင် တိုက်ကွက်ဖော်လာလျက်ရှိသည်။ ထိုသူများ၏ အန္တရာယ်ကိုကာကွယ်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းသည် သတင်းလက်ဦးမှု ရယူရန်ပင်ဖြစ်သည်။ ထိုသို့ သတင်းရရှိရန်သည် နိုင်ငံအချင်းချင်းနှင့် ထောက်လှမ်းရေးအေဂျင်စီ အချင်းချင်းတို့အကြား သတင်း အချက်အလက်များ အပြန်အလှန်ဖလှယ်သွားရန် လိုအပ်ပေသည်။ ကမ္ဘာ့နိုင်ငံများအကြား တက်ညီလက်ညီပေါင်းစပ်အဖြေရှာသွားမည်ဆိုလျှင် လက်တစ်ဆုပ်စာ အစွန်းရောက်အကြမ်းဖက်သမားများအား အမြစ်ပြတ်ချေမှုန်းသွားနိုင်မည်ဖြစ်သည်။ သို့သော် အချို့သောနိုင်ငံများသည် ကိုယ်ကျိုးအတွက် အကြမ်းဖက်သမားများကို အားပေးမြှောက်စားထားသည်ကိုလည်း ဝမ်းနည်းဖွယ်ရာ ကြုံတွေ့နေရပြန်သည်။ ထိုနိုင်ငံများတွင် အပြစ်မဲ့ပြည်သူများသည် မြေစာပင်ဖြစ်နေကြရသည်။

ခြုံ၍တင်ပြရလျှင် လူသားတို့သည် ယုံကြည်ချက်ကိုယ်စီဖြင့် အသက်ရှင်နေထိုင်လျက်ရှိကြသည်။ ထိုသို့ယုံကြည်ချက်ဖြင့် အသက်ရှင်နေထိုင်ရာတွင် မိမိ၏ယုံကြည်ချက်နှင့်အပြုအမူတို့သည် လူ့အသိုက်အဝန်းကို အကျိုးမပြုနိုင်သည့်တိုင်အောင် ထိခိုက်နစ်နာမှုမဖြစ်စေရန် အထူးလိုအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အကြမ်းဖက်သမားများသည် ကမ္ဘာတစ်ဝန်းရှိ အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်များကို ပုံစံအမျိုးမျိုးဖြင့် ခြိမ်းခြောက်လျက်ရှိကြသည်။ ထိုအကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ ရာပေါင်းများစွာ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိနေကြသည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် ကမ္ဘာတစ်ဝန်း တံခါးမရှိ၊ ဓားမရှိ သွားလာလှုပ်ရှားလာပြီး အတင့်ရဲတိုက်ခိုက်လာကြသဖြင့် ပြည်သူများ၏ ဘဝလုံခြုံမှုအာမခံချက်များ မရှိရှေ့လေသလားဟု စဉ်းစားစရာဖြစ်လာပါသည်။ ထို့ကြောင့် အတင့်ရဲလာသည့် အစွန်းရောက်အကြမ်းဖက်သမားများအား ကြိုတင်ကာကွယ်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုရယူကာ ကမ္ဘာ့နိုင်ငံများအကြား ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်မှုများ ပိုမိုပြုလုပ်လာနိုင်ကြပါစေ။ ။

> **သူခိုးတွင် ဦးချိုမပါသလို အစွန်းရောက် အကြမ်းဖက်သမားများတွင်လည်း နဖူး၌ စာကပ်ထားမည် မဟုတ်ချေ။ ထို့ကြောင့် သာမန်ပြည်သူများသည် နိစ္စဓူဝ သွားလာလှုပ်ရှား လုပ်ကိုင်စားသောက်ရာတွင် လုံခြုံရေးအသိဖြင့် ပြုမူနေထိုင် တတ်ဖို့ လိုအပ်နေပြီဖြစ်သည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး ဆက်စပ် ပြောင်းလဲဖြစ်ပေါ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူလျင်မြန် ချောမွေ့လာပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာ ကူးလူးဆက်ဆံလာနိုင်ပြီဖြစ်သည်**

---

## ဇလုံတောင်တော်လမ်း ကျောက်ချော ခင်းကျင်း

**ဖန်းမောက် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် အထကလမ်းဆုံမှ လေးသီကျေးရွာအုပ်စု ခမိုးကျေးရွာအထိ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဇလုံတောင်တော်သို့ ကျောက်ချောလမ်းခင်းကျင်းနေကြောင်း သိရသည်။

အဆိုပါလမ်းသည် အကျယ် ၁၂ ပေ၊ အရှည် တစ်မိုင် ၅ ဖာလုံ၊ လမ်းထုအမြင့် ကိုးလက်မရှိပြီး တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၂၅ သန်း အကုန်ကျခံ ခင်းကျင်းခဲ့ရာ တင်ဒါအောင်မြင်ခဲ့သောGeoplane Construction ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေကြောင်း နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ကျော်စွာ(ဖန်းမောက်)**

---

## မတ္တရာမြို့နယ်၌ လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း(ဆင့်ပွား) သင်တန်းဖွင့်

**မတ္တရာ နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာနယ်မြေရဲစခန်းတွင် လူစုလူဝေးအားစနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း (ဆင့်ပွား) သင်တန်း အမှတ်စဉ်(၁/၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါစခန်းအတွင်းရှိ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ သင်တန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲစခန်းမှူးများ၊ အရာရှိ များ၊ နည်းပြများ၊ သင်တန်းသားများ၊ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၅ ရက် မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

---

## ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သည့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ဒလ နိုဝင်ဘာ ၁၆**

၂၀၁၆-၂၀၁၇ ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဒလမြို့နယ် ဆာပါချောင် ကျောင်းစုရပ်ကွက် မေတ္တာသုခ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပခဲ့သည်။

ယင်းလမ်းသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖွင့်လှစ်ပေးခဲ့သည်။ ယခု ဖွင့်လှစ်ခဲ့သည့် ကွန်ကရစ်လမ်းကို ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၄၄ သိန်းဖြင့် အလျား ပေ ၄၄၀ ၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မ ခင်းရန်ဖြစ်သော်လည်း ပြည်သူများမှ ငွေကျပ် ၃၅ သိန်း နှစ်သောင်းထည့်ဝင်၍ အရှည်ပေ ၁၀၃၀ အထိ ကွန်ကရစ်ခင်းနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# ရီးရဲမက်ဒရစ်ကို သင်ခန်းစာပေးမယ့် အက်သလက်တီကို၊ နိုင်ပွဲသေချာမယ့် ဘာစီလိုနာ




**ဒီတစ်ပတ်ရဲ့လာလီဂါပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၁၉ ရက်နဲ့ ၂၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပွဲကြီးပွဲကောင်းအဖြစ် အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့ တွေ့ဆုံမှုက ပရိသတ်ဆွဲဆောင်မှုအရှိဆုံး ပွဲတစ်ပွဲဖြစ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် နာမည်ကြီး ဘာစီလိုနာတို့လည်း မာလာဂါနဲ့ဆုံတွေ့ရမှာမို့ သာမန်အားထုတ်မှုမျိုးနဲ့တော့ မရနိုင်ပါဘူး။**

**အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်**

ဒီနှစ်သင်းရဲ့ တွေ့ဆုံခဲ့မှု အစဉ်အလာကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့က အသာစီးရခဲ့တာများပါတယ်။ ဒါပေမယ့် နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်တော့ နှစ်ပွဲသရေကျပြီး အက်သလက်တီကိုတို့က တစ်ပွဲနိုင်ထားပါတယ်။ အက်သလက်တီကိုဟာ အခုတလော နိုင်ပွဲဆက်နေပြီး အထူးသဖြင့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်ပါတယ်။ အိမ်ကွင်းမှာ ရှုံးပွဲမရှိ ပွဲ ၂၀ မှတ်တမ်းကို အက်သလက်တီကိုတို့ ဆက်လက်ထိန်းသိမ်းနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ရီးရဲမက်ဒရစ်တို့ကလည်း အကောင်းဆုံးတိုက်စစ်အတွဲနဲ့ ပွဲထွက်တာမို့ အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲပါပဲ။

**ဘာစီလိုနာနှင့် မာလာဂါ**

အိမ်ကွင်းမှာပင် ခြေစွမ်းမြင့်မားတဲ့ မာလာဂါတို့ဟာ အဝေးကွင်းမှာတော့ ရလဒ်မကောင်းတတ်ပါဘူး။ မာလာဂါတို့က ဘာစီလိုနာကို နိုင်ပွဲရအောင် ကစားနိုင်တာမို့ ဘာစီလိုနာတို့ အိမ်ကွင်းဆိုပေမယ့် အလေးထားကစားမှုရပါလိမ့်မယ်။ မာလာဂါတို့က ခြေစွမ်းအတက်အကျရှိပြီး တည်ငြိမ်မှုကင်းမဲ့နေတာကလည်း ဘာစီလိုနာတို့ အသာစီးရသွားနိုင်ပါတယ်။ အိမ်ကွင်းမှာ ကစားရမယ့် ဘာစီလိုနာတို့က ဒီပွဲကို အပြည့်အဝပျော်ရွှင်နိုင်ရေး ကြိုးစားပါလိမ့်မယ်။

**ဒီပို့တီဗိုနှင့် ဆီဗီလာ**

သရေပွဲတွေများနေတဲ့ ဆီဗီလာတို့လည်း ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အောင်ပွဲခံနိုင်ရေး ကြိုးစားတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တဲ့ ဆီဗီလာဟာ ဒီပွဲမှာ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒီပို့တီဗိုတို့ကတော့ အိမ်ကွင်းမှာ ခြေကုန်ထုတ်ရတော့မှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဆီဗီလာတို့ တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဒီပို့တီဗိုရဲ့ လက်ရှိ ကစားအားကကောင်းမွန်နေတာမို့ ဒီပွဲဟာ အိမ်ရှင်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

**ဘက်တစ်နှင့် လက်စ်ပယ်မက်ခ်**

အက်စ်ပန်ညိုနဲ့ ဗီလာရီးရဲကို ရှုံးပွဲကြုံထားတဲ့ ဘက်တစ်တို့အနေနဲ့ ဒီပွဲမှာ အိမ်ကွင်းဖြစ်တာမို့ မမျှော်လင့်တဲ့ဗျူဟာအခင်းအကျင်းနဲ့ ဆုံတွေ့ရဖို့ ရှိနေပါတယ်။ လက်စ်ပယ်မက်ခ်တို့ကလည်း ခြေစွမ်းကောင်းမွန်မှု မရှိသေးပါဘူး။ ဘတ်တစ်ရဲ့ အားထုတ်မှုက တစ်ခါတစ်ရံ ထိန်းချုပ်ရခက်ခဲတာမို့ အခုပွဲဟာ အိမ်ရှင်တို့အတွက် အမှတ်ဆုံးရှုံးမှုမရှိနိုင်ပါဘူး။

**အီဘာနှင့် ဆယ်လ်တာဗီဂို**

အစဉ်အလာအရဆိုရင်တော့ ဆယ်လ်တာဗီဂိုတို့ နိုင်ပွဲရတာနည်းပါတယ်။ ဆယ်လ်တာဗီဂိုတို့က ဗလင်စီယာနဲ့ ဘရာဂါအသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်တဲ့အတွက် အီဘာတို့ အိမ်ကွင်းဆိုပေမယ့် အလေးထားကစားမှ ရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင်တော့ အီဘာတို့ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ အခုပွဲမှာတော့ အီဘာတို့က အနိုင်ရအောင် အားထုတ်ဖို့အတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေတာမို့ အခုပွဲဟာ အိမ်ကွင်းအတွက် အောင်ပွဲဖြစ်နိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ကလပ်အသင်းအများဆုံးကစားသူအဖြစ် ဥရုဂွေးတိုက်စစ်မှူး စံချိန်တင်

ဥရုဂွေးတိုက်စစ်မှူး ဆီဘတ်စတီယင်အဘရီယူဟာ သူ့ရဲ့၂၃ ခုမြောက် ကလပ်အသင်းကို ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ကမ္ဘာ့ကလပ်အသင်း ပြောင်းရွှေ့မှုအများဆုံး ကစားသမားအဖြစ် စံချိန်တင်ခဲ့ပါတယ်။




အဘရီယူဟာ သူ့ရဲ့ကစားသမားသက်တမ်းတစ်လျှောက် ဘရာဇီးကလပ် ဘန်ဂူးသို့ ၂၃ ခုမြောက်ကလပ်အသင်းအဖြစ် ပြောင်းရွှေ့ကစားခဲ့ပါတယ်။ အသက် ၄၀ အရွယ်ရှိတဲ့ ဥရုဂွေးတိုက်စစ်မှူး အဘရီယူဟာ ကစားသမားသက်တမ်း ၂၂ နှစ်တာကာလအတွင်းမှာ နိုင်ငံပေါင်း ကိုးနိုင်ငံမှာ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ ကလပ်အသင်းအရဆိုရင် ၂၃ သင်းပြောင်းရွှေ့ခဲ့တာကတော့ ဘရာဇီးကလပ် ဘန်ဂူးဖြစ်ပါတယ်။

သူဟာ ၂၀၁၁ ခုနှစ်က ဥရုဂွေးအသင်းနဲ့အတူ ကိုပါအမေရိကဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အဘရီယူဟာ နာမည်ကြီးကလပ်တွေဖြစ်တဲ့ ဒီပို့တီဗို၊ ရစ်ဗားပလိတ်နဲ့ ရီးရဲဆိုစီဒက်အသင်းတွေမှာလည်း ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ နိုင်ငံပေါင်း ကိုးနိုင်ငံမှာ ကလပ်အသင်းပေါင်း ၂၃ ခု ပြုလုပ်ခဲ့ခြင်းဖြင့် ကမ္ဘာ့စံချိန်တင်ခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# အင်္ဂလန်ရဲ့ အမြဲတမ်းနည်းပြ ဖြစ်လာဖို့ရှိနေတဲ့ ဆောက်ဂိတ်

အင်္ဂလန်အသင်းရဲ့ ယာယီနည်းပြ ဆောက်ဂိတ်ဟာ အင်္ဂလန်အသင်းရဲ့ အမြဲတမ်းနည်းပြဖြစ်လာဖို့ သေချာနေပါတယ်။ အက်ဖ်အေတာဝန်ရှိသူတွေနဲ့ ယာယီနည်းပြ ဆောက်ဂိတ်တို့ဟာ မကြာမီမှာဘဲ ဆွေးနွေးဖွယ်ရှိပါတယ်။

ဆောက်ဂိတ်ကို အမြဲတမ်းနည်းပြအဖြစ် ကမ်းလှမ်းဖွယ်ရှိပါတယ်။ ဆောက်ဂိတ်အနေနဲ့ ယူရို ၂၀၂၀ ပြည့်နှစ်အထိ အင်္ဂလန်နည်းပြအလုပ်ကို လုပ်ရဖွယ်ရှိနေပါတယ်။ လေးနှစ်စာချုပ်နဲ့ ခေါ်ယူဖွယ်ရှိပြီး အင်္ဂလန်အသင်းရဲ့ ခေတ်သစ်ကို စတင်မယ်လို့ အက်ဖ်အေတာဝန်ရှိသူတွေက ယုံကြည်ထားပါတယ်။

ဝင်ဘလေမှာ စပိန်နဲ့ကစားတဲ့ ချစ်ကြည်ရေးပွဲအပြီး ဆောက်ဂိတ်ကို အမြဲတမ်းစာချုပ်နိုင်ရေးဆွေးနွေးမယ်လို့ သိရပါတယ်။ ဆောက်ဂိတ်ဟာ ဆမ်အလာဒိုက်စ်အလုပ်ဖြုတ်ခံရပြီးနောက် အင်္ဂလန်အသင်းရဲ့ ယာယီနည်းပြဖြစ်လာခဲ့ပါတယ်။

သူကိုင်တွယ်တဲ့ အင်္ဂလန်အသင်းဟာ နိုင်ပွဲနှစ်ပွဲနဲ့ သရေပွဲသုံးပွဲရအောင် ကိုင်တွယ်ပေးနိုင်ခဲ့ပါတယ်။ အသက် ၄၆ နှစ်အရွယ်သာရှိသေးတဲ့ ဆောက်ဂိတ်ကို တစ်နှစ်လုပ်ခလစာ ပေါင် နှစ်သန်းနဲ့ စာချုပ်ဖို့ နီးစပ်နေပြီဖြစ်ပါတယ်။



# မန်ယူမှထွက်ခွာသွားနိုင်တဲ့ ရှဝိန့်စတိန်ဂါ

အသက် ၃၂ နှစ်အရွယ်ရှိ ဂျာမန်ကွင်းလယ် ကစားသမားကြီး ရှဝိန့်စတိန်ဂါဟာ ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီမှာ မန်ယူမှ ထွက်ခွာဖွယ် ရှိနေပါတယ်။ မန်ယူတာဝန်ရှိသူတွေက ရှဝိန့်စတိန်ဂါအား ဇန်နဝါရီလအပြောင်းအရွှေ့မှာ အသင်းသစ် ရှာဖွေနိုင်တယ်လို့ ဆိုပါတယ်။

လအတန်ကြာ ထည့်သွင်းကစားခြင်းမရှိတဲ့ ကွင်းလယ်ကစားသမား ရှဝိန့်စတိန်ဂါကို နည်းပြ မော်ရင်ဟိုကလည်း အလိုမရှိသူဖြစ်နေရပါတယ်။ အသက်အရွယ်ရလာပြီဖြစ်တဲ့ ရှဝိန့်စတိန်ဂါကို မန်ယူရဲ့လာမယ့်ပွဲတွေမှာလည်း တွေ့ရဖို့ မသေချာပါဘူး။ သူ့ကို မြောက်အမေရိကရဲ့ ကလပ်အသင်းဒါဇင်ဝက်ခန့်ကတော့ ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။

ရှဝိန့်စတိန်ဂါဟာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားမှာ ဂျာမနီအသင်းနဲ့အတူ အောင်မြင်မှုရခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ လာမယ့် ဇန်နဝါရီလအပြောင်းအရွှေ့မှာတော့ မန်ယူမှ ထွက်ခွာသွားဖွယ်ရှိနေပါတယ်။



# ရွှေကူရွှေတောင်ဦးဘုရား၌ ဆီမီးသုံးထောင် ထွန်းညှိပူဇော်

**မြိုင် နိုဝင်ဘာ ၁၆**
မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၁) ရပ်ကွက်ရှိ ရွှေကူရွှေတောင်ဦးဘုရား နှစ်ဆူအား သတ္တမအကြိမ်မြောက် ဆီမီးသုံးထောင်၊ ပန်း၊ ရေချမ်းနှင့် သစ်သီး တစ်ထောင် လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ ရက်က ဘုရားရင်ပြင်ပေါ်၌ ကျင်းပခဲ့သည်။


လှူဒါန်းပွဲကို အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရွှေကူရွှေတောင်ဦး ဘုရားဂေါပကများနှင့် လူငယ်မောင်မယ်များ စုပေါင်း၍ ကျင်းပခြင်းဖြစ်သည်။ ဆီမီးပူဇော်ပွဲတွင် မြိုင်မြို့ ခရေပင် ကျောင်းဆရာတော်ထံမှ သီလခံယူ ဆောက်တည်ကြပြီး ဆရာတော်က ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးများ လှူဒါန်းမှုကြောင့် ရရှိမည့်အကျိုးများ တရားတော်ကို ဟောကြားသည်။ ထို့နောက် ဘုရားရင်ပြင်တွင် ဆီမီးသုံးထောင် ထွန်းညှိ ပူဇော်ကြပြီး ပန်း၊ ရေချမ်းနှင့် သစ်သီး တစ်ထောင်ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# ပဲခူးတန်ဆောင်တိုင်ပွဲ နှစ်သုံးဆယ်ခန့်အတွင်း အစည်ကားဆုံးဖြစ်ခဲ့

**ပဲခူး နိုဝင်ဘာ ၁၆**
ယခုနှစ် ပဲခူးမြို့၏ တန်ဆောင်တိုင်ပွဲတွင် မြို့ပေါ် ရပ်ကွက်တိုင်း၌ အလှူဒါနပြုကြသူများနှင့် တိုးမပေါက်အောင် စည်ကားခဲ့သလို ပဲခူးမြို့သည် သမိုင်းဝင်ရှေးဟောင်း စေတီပုထိုးများ တည်ရှိရာမြို့ဖြစ်သောကြောင့် အခါကြီး ရက်ကြီးအချိန် အခြားမြို့များမှ ဘုရားဖူးလာရောက်သူများဖြင့် အထူးစည်ကားခဲ့ကာ ယခင်နှစ်ပေါင်း ၃၀ ခန့်အတွင်း မကြုံတွေ့ဖူးသည့် စည်ကားမှုဖြစ်ကြောင်း ဒေသခံအချို့ကပြောသည်။



ပဲခူးမြို့သမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲများ ကျင်းပခဲ့သည့်အပြင် မြို့ခံများစုပေါင်း၍ ရပ်နီးရပ်ဝေးဘုရားဖူးများအား နံနက်ခင်းမှစ၍ စတုဒိသာ အလှူပြုလုပ်ခဲ့ကြောင်း သိရသည်။ “ဒီနှစ်လောက် ပဲခူးမြို့ရဲ့ကြီးကျယ်တဲ့ အလှူမျိုး တစ်ခါမှမတွေ့ဖူးပါဘူး။ အဘ အသက်ကြီးပါပြီ။ ကုန်ဈေးနှုန်းတက်တယ်ပြောပေမယ့် ဆန်၊ ဆီ၊ ဆေး၊ ဆား အကုန်လှူနေတာ အဘတစ်လစာ အဆင်ပြေပါပြီ။ သာဓုအကြိမ်ကြိမ်ခေါ်ပါတယ်”ဟု အသက် ၆၅ နှစ်အရွယ် အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သော ဦးနေဝင်းကပြောသည်။

ပဒေသာပင်သီးထားသော ကားများပေါ်မှ ဖွင့်ထားသည့် ယခုနှစ်တန်ဆောင်တိုင်၏ နာမည်ကျော်သီချင်းဖြစ်ခဲ့သော ဗိုလ်အောင်ဒင်သီချင်းသံများက ပဲခူးတစ်မြို့လုံးကို ဖုံးလွှမ်းနေခဲ့သည်။ ဒေသတွင်းယာဉ်လိုင်းများက ပုံမှန်ပြေးဆွဲလျက်ရှိပြီး ဘုရားဖူးယာဉ်များကလည်း တစ်မြို့လုံးလည်ပတ်သွားလာနေ၍ လမ်းများပေါ်တွင် စည်ကားလျက်ရှိသည်။ “ဒီလိုမျိုးစည်ကားတာ သင်္ကြန်နဲ့ နှင်လားငါလားပဲ။ အရင် ရွေးကောက်ပွဲကာလကို သတိရတယ်”ဟု ဒေသခံသတင်းသမား ဦးကြည်လင်းက ပြောသည်။

ယာဉ်ကြောရှုပ်ထွေးမှုများရှိသဖြင့် ဆင်ဆင်ခြင်ခြင် သွားလာပျော်ပါးကြရန်နှင့် အန္တရာယ်မဖြစ်စေရန် သတိရှိစေလိုကြောင်း၊ အလွန်အကျွံပျော်ပါးခြင်းမျိုး မဖြစ်စေချင်ကြောင်း ရွှေသစ္စာဆေးခန်းမှ ဒေါက်တာ ရန်ပိုင်ထွန်းက အကြံပြုပြောကြားသည်။

ညပိုင်းတွင်လည်း ရွှေမော်ဓောဘုရား အနောက်ဘက်မုခ်၌ မီးပုံးပျံအလှပြရုပ်များကို ကြယ်နီဆေးပေါ့လိပ်လုပ်ငန်း က လွှတ်တင်ခဲ့ပြီး ဟားငါးကောင်အငြိမ့် ဖျော်ဖြေပွဲ၊ ခေတ်ပေါ်တေးဂီတဝိုင်းများဖြင့် ဖျော်ဖြေပွဲများ ပါဝင်ခဲ့၍ ပရိသတ်များ ကြက်ပျံမကျစည်ကားခဲ့သည်ကိုတွေ့ရသည်။ (၄၂၈)

## သတင်းတိုများ

### ကိုယ့်အားကိုယ်ကိုးကျောင်းအတွက်ပရိဘောဂအသုံးစရိတ်ထောက်ပံ့ပေးအပ်

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းနောက်ပြန်ကျေးရွာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်း၌ လိုအပ်လျက်ရှိသော ပရိဘောဂများအတွက် ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းကို တနင်္သာရီမြို့မှ အလင်းဆောင်သူဖောင်ဒေးရှင်း (Lighter Foundation)မှ ဥက္ကဋ္ဌ ဦးညီညီမင်းဟန်နှင့် အသင်းဝင်များက နိုဝင်ဘာ ၁၃ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ အလင်းဆောင်သူဖောင်ဒေးရှင်းအနေဖြင့် တစ်နှစ်တာအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်/မြို့နယ်ခွဲများကို မဲစနစ်ဖြင့် ရွေးချယ်၍ ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

### မိုးစပါးအထွက်နှုန်းမှန်ကန်ရေးစံကွက်ရိတ်သိမ်းမှုပြသ

‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပန်လုံမြို့ မုန်းကွန်ကျေးရွာအုပ်စု မုန်းကွန်ကျေးရွာရှိ ဆင်းရွှေဝါအထွက်ကောင်းမျိုးစပါးစိုက်ခင်း ၁ ဒသမ ၅ ဧက၌ အထွက်နှုန်းမှန်ကန်စေရေးအတွက် စံကွက်ရိတ်သိမ်းမှုသရုပ်ပြပွဲကို နိုဝင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့ပြီး ဝ ဒသမ ၁ ဧက၌ စံကွက်ရိတ်သိမ်းခဲ့ရာ စပါးအစိုအထွက်နှုန်း တစ်ဧကလျှင် ၁၃၁ ဒသမ ၂၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။
**(မြို့နယ် ပြန်/ဆက်)**

### မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲများပြုလုပ်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဟောပြောပွဲများကို ဂန့်ဂေါမြို့နယ်အတွင်း ပြည့်ဝကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လည်းကောင်း၊ နှမ်းခါးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌လည်းကောင်း၊ မွှေ့လယ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ ၄၀၀ ကျော်ကို အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## အခြေခံ အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ကလေး နိုဝင်ဘာ ၁၆**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံး၏ ပြည်သူ့စာကြည့်တိုက်ကို လူထုအခြေပြုစာကြည့်တိုက်နှင့် Community Center အဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ရေး ပထမခြေလှမ်းအဖြစ် အခြေခံအင်္ဂလိပ်စာသင်တန်း(Basic English Communication Skills)ကို အဆိုပါရုံးရှိ ပညာ့အလင်းခေတ်မီစာကြည့်တိုက်(e-Library)ခန်းမ၌ နိုဝင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုက ယခင်ရုံးစာကြည့်တိုက်၏ အခြေအနေနှင့် ယခု လူထုအခြေပြုစာကြည့်တိုက်နှင့် Community Center များအဖြစ် တိုးမြှင့်ရာ၌ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် အခြေခံအင်္ဂလိပ်စာသင်တန်း ပြီးဆုံးပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ နိုဝင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ရက်သတ္တ လေးပတ်ကြာ အခမဲ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။
**ချင်းတွင်းသား**

# ရွှေမုဋ္ဌောမဟာစေတီ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲနှင့် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ပူဇော်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီ (၂၉)ကြိမ်မြောက် တန်ဆောင်တိုင် မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲနှင့် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ရွှေမုဋ္ဌောမဟာစေတီရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ရွှေမုဋ္ဌောမဟာစေတီဂေါပက အလှည့်ကျသဘာပတိ ဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝတိံသာ၊ မင်းရပ်တန်း၊ တောရကျောင်း၊ ကိုးသောင်း၊ ရက်ကန်းကွက်၊ ယိုးဒယားကုန်း၊ ဇေယျဝတီ၊ ပပဝတီ၊ ကျောက်စရစ် ကုန်းရပ်ကွက်များမှ မြန်မာမှုလက်ရက်ကန်းပညာရှင်တို့ ပါဝင်ယှဉ်ပြိုင်သော ရက်ကန်း ၁၀ စင်က မသိုးသင်္ကန်းရက်ခတ်ယှဉ်ပြိုင်မှုကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုကြသည်။

တန်ဆောင်မုန်းလပြည့် အရုဏ်ဦးတွင် မသိုးသင်္ကန်းများကို စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်တို့အား လှူဒါန်းကြောင်း သိရသည်။
**ပုသိမ်-လှကြည်**

# လားရှိုးမြို့၌ ပထမဆုံးအကြိမ် တန်ဆောင်တိုင်မီးပုံးပျံလွှတ်ပွဲကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၆**
ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ ချယ်ရီမြိုင်အိမ်ရာကွင်း၌ နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)ညပိုင်းက တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ကျင်းပခဲ့သည်။

Shining Myanmar ကုမ္ပဏီက မတည်၍ လားရှိုးမြို့ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းပြီး နိဗ္ဗာန်ဈေးဖွင့်လှစ်၍ လူဦးရေ ၅၀၀၀ အား ရိုးရာအစားအစာများဖြင့် ဒါနပြုကုသိုလ်ယူကြသည်။ ဆက်လက်၍ လားရှိုး မြို့၏ ပထမဦးဆုံးအကြိမ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲကို ကျင်းပရာ စိန်နားပန်မီးပုံးပျံ နှစ်လုံး၊ ညမီးကျည်မီးပုံးပျံ နှစ်လုံးတို့အပြင် အရန်မီးပုံးပျံ အလုံး ၁၀၈၀ ကို လွှတ်တင်ခဲ့ကြသည်။ ထို့အတူ တိုင်းရင်းသားရိုးရာအကများ၊ ဆင်အက များဖြင့်လည်း ကပြဖျော်ဖြေခဲ့ကြကာ နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှု အစီအစဉ်များဖြင့်လည်း ဖျော်ဖြေခဲ့ကြောင်း သိရသည်။
**ဟန်ဒွေး(လားရှိုး)**

# သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် (၁၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ

**နွားထိုးကြီး နိုဝင်ဘာ ၁၆**

နွားထိုးကြီး အမှတ်(၁)ရက်ကွက် မြဓမ္မာရုံ၏ (၁၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက မြဓမ္မာရုံ၌ ကျင်းပသည်။

မြို့ပေါ်ဘုန်းကြီးကျောင်း ၂၃ ကျောင်းမှ ပင့်သံဃာ ၃၀၀ ကျော်အား ဆန်အိတ်/ဆီပုံးအပါအဝင် အမှတ်(၁)ရပ်ကွက် အလှူရှင်များက ငွေကျပ် သိန်း ၅၀ ဖိုးခန့် ဆွမ်းဆန်စိမ်းတော်နှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။
**ခင်ဇာမွန်မြင့် (ဥပဒေ)**



# ကမ္ဘာ့စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံရေးဇာတ်ခုံပေါ်က ရေနံ (အပိုင်း-၃)

❒ သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့ရေနံထုတ်လုပ်မှုအများဆုံး နိုင်ငံအဖြစ် လက်ရှိရပ်တည်နေသော ဆော်ဒီအာရေဗျသည် တစ်ချိန်က နယ်စားများအုပ်ချုပ်သည့် နယ်မြေကလေးများ အကွဲကွဲအပြားပြား ဖြစ်နေသည့် ဒေသတစ်ခုအဖြစ်သာလျှင် ရှိခဲ့သည်။ ၁၉၃၂ ခုနှစ်သို့ရောက်မှသာ နယ်မြေကလေးများ စုစည်းပြီး နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာသည်။ နိုင်ငံတစ်နိုင်ငံအဖြစ်သို့ရောက်လာသည့်တိုင် ထိုစဉ်က ဆော်ဒီအာရေဗျတွင် ပညာတတ်လူတန်းစားလည်းမရှိ၊ နိုင်ငံတော်ဘတ်ဂျက်ဆိုသည်ကိုလည်း နားမလည်၊ ဝန်ကြီးဌာနများ ဖွဲ့စည်းရမည်ဟုလည်း မသိရှိ၊ နိုင်ငံကာကွယ်ရေးအတွက် စစ်တပ်တစ်ခုထားရှိရမည်ကိုလည်း မတွေးမိခဲ့ကြပေ။

ထိုကဲ့သို့သော မသိ၊ မရှိ အခြေအနေများကသည်ပင်လျှင် ဆော်ဒီအာရေဗျနိုင်ငံကို စိတ်ကြိုက် ဖွဲ့စည်းတည်ထောင်နိုင်စေရန်အတွက် အမေရိကန်ကို အခွင့်အရေးပေးခဲ့သလို ဖြစ်ခဲ့သည်။ အမေရိကန်က စိတ်ကြိုက်ဖွဲ့စည်းပေးခဲ့သော ဆော်ဒီအာရေဗျ၏ မြေပေါ်၌ပင် အမေရိကန် ကုမ္ပဏီကြီးများက ရေနံတူးဖော်ခွင့်ကို အများအပြား ရရှိခဲ့ကြသည်။ ဆော်ဒီကလည်း အမေရိကန်ထံမှ ရေနံတူးဖော်ခြင်းနည်းပညာများနှင့် လုပ်နည်းစနစ်များကို သင်ယူတတ်မြောက်ခဲ့ကာ ရေနံထုတ်လုပ်မှု ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ဤသို့အားဖြင့် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်တွင် အမေရိကန်သည် ဆော်ဒီရေနံမြေများကို အကြောင်းပြုလျက် မျှော်မှန်းထားသည်ထက်ပင် အဆများစွာပိုမိုသော အမြတ်အစွန်းများကို ရရှိခဲ့ကာ ၁၉၆၅ ခုနှစ် ဝန်းကျင်ခန့်တွင် အမေရိကန် ရေနံကုမ္ပဏီများသည် ကမ္ဘာ့ရေနံဈေးကွက်၏ ၆၅ ရာခိုင်နှုန်းကျော်ကို လွှမ်းမိုးချုပ်ကိုင်လာနိုင်ခဲ့ကြသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ရေနံကို အလျှံအပယ် ထုတ်ယူရရှိနိုင်ရေးအတွက် ဆော်ဒီအာရေဗျကို မိတ်ဆွေရင်းချာပြုထားသော အမေရိကန်သည် မိမိ၏အကျိုးစီးပွားအား ထိပါးစိန်ခေါ်လာမှုတို့ကို တုံ့ပြန်ရန်အတွက် အစ္စရေးကိုလည်း ဖက်လှဲတကင်း အဆက်အဆံပြုသည်။ အလားတူပင် ထိုစဉ်ကာလများက ရှားဘုရင်အုပ်စိုးသော အီရန်ကိုပါ စည်းရုံးသိမ်းသွင်းကာ ပါရှန်ပင်လယ်ကွေ့ဒေသ၌ အမေရိကန်၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်စေခဲ့သည်။ ဤသို့အားဖြင့် အရှေ့အလယ်ပိုင်းဒေသရှိ မဟာဗျူဟာ အချက်အခြာကျလှသော ထိုသုံးနိုင်ငံ၏ ပံ့ပိုးမှုတို့ကြောင့် ရေနံဈေးကွက်ကြီးကို စိတ်ကြိုက် ခြယ်လှယ်ခွင့်ရကာ အကြီးအကျယ် ကြွယ်ဝချမ်းသာလာသော အမေရိကန်သည် ၁၉၆၀ ပြည့်နှစ်တွင် ကြီးမားသောအလှည့်အပြောင်းနှင့် ကြုံတွေ့ရတော့သည်။

အီရန်၊ အီရတ်၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်နှင့် ဗင်နီဇွဲလားနိုင်ငံများက ဦးဆောင်ကာ ၁၉၆၀ ပြည့်နှစ်တွင် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ (OPEC)ကို စတင်ဖွဲ့စည်းလိုက်သည့် အချိန်မှစ၍ ကမ္ဘာ့ရေနံဈေးကွက်အပေါ် အမေရိကန်၏ စိုးမိုးနိုင်မှုမှာ သိသိသာသာကျဆင်းလာသည်။ တစ်ချိန်က ထွက်သမျှရေနံများ တင်ပို့ရောင်းချရငွေ၏ ရာခိုင်နှုန်းအနည်းစုကိုသာ ရရှိခဲ့ကြသော ရေနံထွက်နိုင်ငံများသည် ပြည်ပအခြေစိုက် ရေနံကုမ္ပဏီကြီးများ၏ လက်ဝါးကြီးအုပ်ထားမှုကို အိုပက်အဖွဲ့အစည်းကြီး၏ အင်အားဖြင့် တွန်းလှန်ခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရေနံတူးဖော်မှုနှင့်ထုတ်လုပ်မှုကို ချိန်ညှိထိန်းချုပ်ခြင်း၊ ကမ္ဘာ့ရေနံဈေးကွက်ကြီးအတွင်း ဝယ်လိုအားအပေါ်မူတည်ကာ လိုသလို ဈေးကစားခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသောကြောင့် အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ရေနံအပေါ် ဩဇာသက်ရောက်မှုမှာ တစ်စတစ်စ ကြီးမားလာခဲ့သည်။

၁၉၇၃ ခုနှစ်ဝန်းကျင် ကာလများအရောက်တွင် အိုပက်အဖွဲ့၏ ဩဇာအရှိန်အဝါက စစ်ရေးနှင့် နိုင်ငံရေးတို့အပေါ်၌ပါ လွှမ်းမိုးလာနိုင်ခဲ့သည်။ ထိုစဉ်ကာလများက အီဂျစ်နှင့် ဆီးရီးယားတို့ကို အစ္စရေးက စစ်ပွဲဆင်နွှဲသည်ကို ကန့်ကွက်ကာ ဒဏ်ပေးသည့်အနေဖြင့် အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုကို သိသိသာသာလျှော့ချခဲ့သည်။ တစ်နည်းအားဖြင့် ရေနံသပိတ်ကို ဆင်နွှဲခြင်းပင်ဖြစ်သည်။ အိုပက်အဖွဲ့၏ ရေနံသပိတ်က အစ္စရေးကို တိုက်ရိုက်ပစ်မှတ်ထားသလို အစ္စရေး၏ ကျောထောက်နောက်ခံဖြစ်သော အမေရိကန်ကိုပါ သွယ်ဝိုက်စွာ ပစ်မှတ်ထားခြင်းဖြစ်သည်။ အဆိုပါ ရေနံသပိတ်ကြောင့် ရေနံစိမ်းဈေးမှာ နှစ်ဆဖြစ်သွားခဲ့သည်။ ထိုရေနံသပိတ်ကို အကြောင်းပြုကာ အိုပက်အဖွဲ့အစည်းကြီးနှင့်



အမေရိကန်ပြည်ထောင်စုမှ ရေနံတူးဖော်ရေးလုပ်ငန်းများ

အတူ အိုပက်အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် လူရာဝင် တွင်ကျယ်လာနိုင်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၏ ရေနံသပိတ်ကြီး ပြီးဆုံးသွားသောအခါ ကမ္ဘာ့ရေနံဈေးလည်း ပြန်လည်တည်ငြိမ်သွားပြီး မြင့်တက်လာသော ဝယ်လိုအားနှင့်အညီ ထုတ်လုပ်မှုစွမ်းပကားကိုလည်း လိုက်လျောညီထွေဖြစ်စေခဲ့သည်။ သို့ရာတွင် အရှေ့အလယ်ပိုင်းဒေသ၌ နောက်ထပ်ကြီးမားသည့် အလှည့်အပြောင်းတစ်ရပ်ကို အမေရိကန်တို့ ကြုံတွေ့ကြရပြန်သည်။ ၁၉၇၉ ခုနှစ်တွင် အီရန်နိုင်ငံ၌ အမေရိကန်လိုလားသော အီရန်ဧကရာဇ် ရှားဘုရင်ကိုဖြုတ်ချကာ ဘာသာရေးကို အခြေခံသည့် အစ္စလမ္မစ်အစိုးရတစ်ရပ် တက်လာသည်။ ထိုဖြစ်ရပ်ကြီးက အမေရိကန်အတွက် အီရန်မြေပေါ်ရှိ ရေနံများကို ဆုံးရှုံးလိုက်ရခြင်းမျှသာမဟုတ်ဘဲ အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနှင့် ဆော်ဒီစသည့် အမေရိကန်၏ အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံများကို ရန်ပြုသောနိုင်ငံတစ်နိုင်ငံ တိုးလာခြင်းလည်းဖြစ်သည်။

ထို့ကြောင့်ပင် အမေရိကန်သည် ချက်ချင်းဆိုသလို အစ္စရေးနှင့် ဆော်ဒီတို့ထံ လက်နက်များနှင့် အဆင့်မြင့်နည်းပညာများကို ပံ့ပိုးပေးခဲ့သည်။ ဤသို့ဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများလည်း တိုးလာကာ၊ ယင်းကဲ့သို့သော တင်းမာမှုများကြောင့်ပင် အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ရေနံထုတ်လုပ်မှုကလည်း တစ်ရက်လျှင် စည်ပေါင်းနှစ်သန်းခန့် လျော့နည်းသွားပြီး ရေနံစိမ်းဈေးကလည်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ နီးပါးအထိ မြင့်တက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ပင်လယ်ကွေ့နိုင်ငံများဖြစ်ကြသော အီရန်နှင့်အီရတ်တို့ စစ်ဖြစ်ကြသည့်အခါ ထိုစစ်ပွဲကိုအကြောင်းပြု၍ အမေရိကန်သည် အီရန်ကိုထိန်းချုပ်ရန် အခွင့်အရေးရရှိခဲ့သည်။ ပင်လယ်ကွေ့စစ်ပွဲသည် ဒေသတွင်းရှိ အခြားနိုင်ငံများဆီသို့ ကူးစက်မလာနိုင်စေရန် ဟူသော အလွန်ကောင်းသည့် အကြောင်းပြချက်ဖြင့် အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအချို့တွင် စစ်အခြေစိုက်စခန်းများ ဖွင့်လှစ်ခဲ့သည်။ အီရန်ကို တန်ပြန်နိုင်ရန်အတွက် အမေရိကန်က အီရတ်ကို စစ်ရေးအကူအညီများစွာ ပေးခဲ့သည်။ ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးသည့် နောက်ပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ပြည်တွင်းရေး မငြိမ်မသက်မှုများ ဖြစ်ပေါ်လာပြန်သည်။ အရှေ့အလယ်ပိုင်းဒေသ၌ ရေနံရရှိရေးကိစ္စရပ်တွင်အမေရိကန်သည်ကံကြမ္မာအလှည့်အပြောင်းများစွာနှင့် ကြုံတွေ့ရသည့်အတွက် ရေနံနှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသအပေါ် မှီခိုအားပြုနေရသည့်အဖြစ်မှ ရှောင်လွှဲနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့တော့သည်။

ရေနံသိုက်အသစ်များ ရှာဖွေခြင်း၊ ရေနံသုံးစွဲမှုကို သိသိသာသာလျှော့ချခြင်း၊ အစားထိုးလောင်စာများ သုံးစွဲနိုင်ရန် သုတေသနပြုကြံဆခြင်း စသည်တို့ကို အထူးအလေးပေးလုပ်ဆောင်ခဲ့ကြသော အမေရိကန်နှင့်တကွ ဥရောပနိုင်ငံတို့ကြောင့် ကမ္ဘာ့ရေနံဈေးကွက်တွင် ဝယ်လိုအားက သိသိသာသာကျဆင်းသွားသည်။ ၁၉၈၀ ပြည့်နှစ်က တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၂၈ သန်း ထုတ်လုပ်ခဲ့သော အိုပက်အဖွဲ့သည် ၁၉၈၅ ခုနှစ် ရောက်သောအခါ တစ်ရက်လျှင် စည်ပေါင်း ၁၇ သန်းမျှသာ ထုတ်လုပ်ရတော့သည်။ ထိုကာလအတွင်း တစ်ကမ္ဘာလုံး၏ ရေနံသုံးစွဲမှုကလည်း ၁၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

၁၉၇၃ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အရှေ့အလယ်ပိုင်းဒေသ၏ ရေနံသပိတ်သည် အိုပက်အဖွဲ့ကြီး၏ ဩဇာအရှိန်အဝါကို မြင့်တက်စေခဲ့သလို ထိုသပိတ်ကြောင့်ပင် ရေနံဇစ်မြစ်ဦးတည်ရာကို ပြောင်းလဲသွားစေသည့်အတွက် အိုပက်၏ဩဇာကို ကျဆင်းစေသောဖြစ်ရပ်ဟုလည်း ဆိုရမည်ဖြစ်သည်။ အိုပက်၏ရေနံများကို အစဉ်တစိုက် ဝယ်ယူခဲ့ကြသော အမေရိကန်အပါအဝင် ရေနံဝယ်ယူတင်သွင်းနေကြရသည့် စက်မှုထိပ်သီးနိုင်ငံများသည် ရေနံကို အခြားဒေသများ၌ရရှိရေးကို ဦးတည်လာကြသည်။

သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်၌ ရေနံတူးဖော်ရရှိရေး ကြိုးပမ်းအားထုတ်ခဲ့မှုကို တွေ့မြင်နိုင်သည်။ တစ်ချိန်က ဆိုဗီယက်တို့ပိုင်ဆိုင်ခဲ့သော အလာစကာပြည်နယ်ကြီးသည် ဝန်ထမ်းများကို လစာမပေးနိုင်သော ဆိုဗီယက်အစိုးရ၏ လွှဲပြောင်းရောင်းချမှုကြောင့် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အသစ်တစ်ခု ဖြစ်လာခဲ့သည်။ မြောက်အမေရိကတိုက်၏ အနောက်မြောက်စွန်း၌ တည်ရှိကာ အမေရိကန်ပြည်ထောင်စု၏ ပြည်မကြီးနှင့် သီးခြားစီဖြစ်နေသော အလာစကာပြည်နယ်ကို ဆိုဗီယက်အစိုးရက အမေရိကန်ဒေါ်လာ ခုနစ်သိန်းမျှဖြင့်သာ ရောင်းချရန်ကမ်းလှမ်းမှုအပေါ် သဘောတူညီကာ ဝယ်ယူခဲ့သော အမေရိကန် အစိုးရသည် ထိုစဉ်က အမေရိကန်ပြည်သူများ၏ ဝေဖန်မှုကို အကြီးအကျယ်ခံခဲ့ရသည်။

မျက်မှောက်ကာလတွင်မူ ရေနံနှင့်တကွ သတ္တုသယံဇာတများ အလွန်ကြွယ်ဝလှသည့် အလာစကာပြည်နယ်ကို အမေရိကန်ပြည်ထောင်စုထဲသို့ ဝယ်ယူထည့်သွင်းခဲ့သည့် အမေရိကန်အစိုးရကို ပြည်သူအများက ကျေးဇူးတင်မဆုံးရှိနေကြသည်။ အလာစကာပြည်နယ်၏ မြောက်ဘက်အရပ် ပရပ်ဟိုးပင်လယ်ကွေ့၌ စည်ပေါင်း ၂၅ ဘီလီယံမျှ ပမာဏရှိသော ရေနံသိုက်ကြီးမှ ပြည်မကြီးဆီသို့ အေးခဲနေသောဒေသများကို ဖြတ်ကျော်ကာ မဟာဗျူဟာမြောက် ရေနံပိုက်လိုင်းကို အမေရိကန်တို့က အောင်မြင်စွာ သွယ်တန်းဖောက်လုပ်နိုင်ခဲ့သည်။ ၁၉၇၇ ခုနှစ်က ပြီးစီးသွားခဲ့သော အလာစကာ ရေနံပိုက်လိုင်းသည် အချင်း ၁ ဒသမ ၂၃ မီတာရှိပြီး ကီလိုမီတာ ၁၂၈၀ ရှည်လျားကာ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်းတစ်သန်းခွဲကို ပြည်မကြီးဆီသို့ ပို့ဆောင်ပေးလျက်ရှိသည်။

နောက်ပိုင်းတွင် အာဖရိကတိုက်အတွင်းရှိ ချဒ်၊ ဆူဒန်၊ လစ်ဗျား၊ နိုင်ဂျီးရီးယားနှင့် အင်ဂိုလာစသော နိုင်ငံများ၌လည်း ရေနံသိုက်များကို ရှာဖွေတွေ့ရှိ တူးဖော်လာနိုင်သည်။ အလားတူပင် ရုရှား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ တာမင့်နစ္စတန်စသော ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် ကမ္ဘာ့အရှေ့ခြမ်းနိုင်ငံများကလည်း ရေနံဈေးကွက်သို့ဝင်ရောက်လာကြသည်။ ကမ္ဘာ့အနောက်ခြမ်း နိုင်ငံများဖြစ်ကြသော မက္ကဆီကို၊ ကနေဒါ၊ ဘရာဇီးစသော နိုင်ငံများကလည်း ရေနံကို ထုတ်လုပ်ရောင်းချလာကြသည်။ ထိုကဲ့သို့သော ရေနံသိုက်အသစ်များ ရှာဖွေတွေ့ရှိမှုနှင့် ရေနံတူးဖော် ထုတ်လုပ်ရောင်းချလာမှုများကြောင့် ကမ္ဘာ့ရေနံဈေးကွက်တွင် အိုပက်၏ ဈေးကွက်ဝေစုကို ကျုံ့သွားစေသည်။ ၁၉၇၀ ပြည့်လွန်နှစ်များက ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ထက်ဝက်ရှိခဲ့သော အိုပက်အဖွဲ့သည် ၁၉၈၅ ခုနှစ်အရောက်တွင် ၃၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

အာရှတိုက်၏အနောက်ဘက် ကက်စပီယံပင်လယ် ဝန်းကျင်ဒေသ၌လည်း ရေနံသိုက်အများအပြားကို တွေ့ရှိထားပြီးဖြစ်သည်။ အတိအကျသိထားပြီးဖြစ်သော ရေနံစိမ်းပမာဏမှာ စည်ပေါင်း ၅၀ ဘီလီယံခန့်ဖြစ်ပြီး နောက်ထပ်တူးဖော်ရရှိနိုင်ဖွယ် အလားအလာအဖြစ် ထပ်မံစူးစမ်းရှာဖွေမှုပြုနေသော ပမာဏမှာ စည်ပေါင်း ၁၀၀ ဘီလီယံမှ ၃၀၀ ဘီလီယံအထိ ဖြစ်သောကြောင့် ထိုမျှများပြားလှသောပမာဏမှာ ကမ္ဘာတစ်ဝန်းလုံး၌ အလားအလာရှိသော ရေနံသိုက်ပမာဏ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနီးပါးမျှပင်ဖြစ်သည်။ ထိုဒေသတွင် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်ကတည်းက ရေနံများထွက်ရှိနေခဲ့သော်လည်း သုံးစွဲမှုနည်းပြီး ဝယ်ယူလိုအားမရှိခဲ့ခြင်း၊ ရေနံရှာဖွေတူးဖော်မှုနည်းပညာ မတိုးတက်မထွန်းကားသေးခြင်း စသော အကြောင်းများကြောင့် မတွင်ကျယ်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် သိပ္ပံပညာ တိုးတက်ထွန်းကားလာသည့်အလျောက် ခေတ်သစ်နည်းပညာများဖြင့် ရေနံသိုက်များကို ရှာဖွေဖော်ထုတ်လာနိုင်ခဲ့မှုကြောင့် ဆိုဗီယက်ယူနီယံပိုင်ဖြစ်သည့် အဆိုပါနယ်မြေဒေသများ၌ ရောမရေနံသိုက်ကြီးများကို တွေ့ရှိလာကြခြင်းဖြစ်သည်။ အမေရိကန်အနေဖြင့် စစ်အေးခေတ် ရန်သူတော်ကြီးဖြစ်သော ဆိုဗီယက်တို့ထံမှ ရေနံရရှိရေးမှာ နိုင်ငံရေးအတားအဆီးများရှိနေခြင်းကြောင့် အခက်အခဲများစွာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဆိုဗီယက်ယူနီယံကြီးပြိုကွဲသွားကာ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ဥဇ္ဗဘက်ကစ္စတန်စသော လွတ်လပ်သည့်နိုင်ငံများ ပေါ်ထွန်းလာမှုကြောင့် ရေနံဝယ်ယူရရှိရေးအတွက် အဆင်ပြေချောမွေ့သွားသည်။

ခေတ်သစ် ရေနံကြွယ်ဝသောနိုင်ငံများဖြစ်လာကြသည့် အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ဥဇ္ဗဘက်ကစ္စတန်၊ တာမင့်နစ္စတန်တို့သည် ပင်လယ်ထွက်ပေါက်မရှိသော ကုန်းတွင်းနိုင်ငံများဖြစ်ကြသည့်အားလျော်စွာ မိမိတို့ထွက်ကုန် ရေနံစိမ်းများကို ပင်လယ်ကမ်းစပ်ရှိသော နိုင်ငံများမှတစ်ဆင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ရေနံပိုက်လိုင်းကြီးများကို သွယ်တန်းဖောက်လုပ်ကြရသည်။ ဥရောပဈေးကွက်အပြင် တရုတ်နှင့် အိန္ဒိယနိုင်ငံများဆီသို့ပါ ရေနံတင်ပို့နိုင်ရေးအတွက် ပိုက်လိုင်းကြီးများကို တည်ဆောက်ခဲ့ကြပြီးဖြစ်သလို လက်ရှိတွင်လည်း သွယ်တန်းဖောက်လုပ်နေကြဆဲဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် ကက်စပီယံပင်လယ် ဝန်းကျင်ဒေသများမှ ရေနံများ ကမ္ဘာ့ရေနံဈေးကွက်သို့ ပိုမိုရောက်ရှိလာခြင်းကြောင့် တစ်ချိန်က ရေနံထုတ်လုပ်မှုနှင့် ရေနံဈေးကို ကိုင်လှုပ်ခဲ့သော အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ရေနံဈေးကွက်ဝေစုကို သိသာစွာ ထိခိုက်စေခဲ့သည်။ သို့ရာတွင် ကမ္ဘာ့လူဦးရေတိုးပွားလာခြင်း၊ ကမ္ဘာတစ်ဝန်း စက်မှုလုပ်ငန်းများတိုးတက်လာခြင်းနှင့် မော်တော်ကားသုံးစွဲမှု အဆမတန်မြင့်မားလာခြင်းစသော အကြောင်းများက ရေနံဈေးကွက်တွင် ဝယ်လိုအားကို တစ်နေ့တခြား မြင့်တက်လာစေခဲ့ခြင်းကြောင့် ယခင်က ရေနံထိပ်သီးနိုင်ငံဟောင်းများ၏ စီးပွားရေးအပေါ် သိသာသောထိခိုက်မှု မဖြစ်ပေါ်စေခဲ့သလို ခေတ်သစ်ရေနံထိပ်သီးနိုင်ငံများ၏ စီးပွားရေးကိုလည်း မြင့်တက်လာစေခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ရေနံကို စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်သော ရေနံမြေဒေသပေါင်း ၆၅၀၀၀ ခန့် ရှိနေပြီဖြစ်ပြီး ရေနံစည်ပေါင်း ၁၀ ဘီလီယံနှင့်အထက် ရှိနေသည့် ရေနံသိုက်ပေါင်းမှာ ၁၅၀၀ ခန့်ပင် ရှိနေသည်။ ၂၀၁၃ ခုနှစ် စာရင်းဇယားများအရ ကမ္ဘာပေါ်၌တွေ့ရှိထားပြီးဖြစ်သော ရေနံသိုက်ပမာဏ စုစုပေါင်းမှာ စည်ပေါင်း ၁၇၀၀ ဘီလီယံခန့်ဖြစ်သည်။ ထို့ပြင် ခေတ်သစ်သိပ္ပံပညာရပ်များဖြင့် ရေနံပါဝင်နေသော ယေလကျောက်များထဲမှ ရေနံထုတ်ယူခြင်းများကိုပါ ဆောင်ရွက်နိုင်နေပြီဖြစ်သောကြောင့် အနာဂတ်တွင် ရေနံထုတ်ယူရရှိရေး အလားအလာမှာ ပိုမိုကောင်းမွန်လာနိုင်ဖွယ်ရှိနေသည်။ ထို့ကြောင့်ပင် လွန်ခဲ့သော ဆယ်စုနှစ်များက ခန့်မှန်းတွက်ချက်ထားခဲ့ကြသည့် ကမ္ဘာ့ရေနံကုန်ခန်းသွားဖွယ်ရှိသော အချိန်ကာလခန့်မှန်းချက် အတိုင်းအတာကို ပိုမိုဆန့်ထုတ်လာနိုင်ပြီဖြစ်သည်။

ဤသို့အားဖြင့် ရုပ်ကြွင်းလောင်စာဖြစ်သော ရေနံသည် ကမ္ဘာ့လေထုနှင့် ရေထုတို့ကို ညစ်ညမ်းစေပြီး သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်မှုဖြစ်စေရုံသာမက ရေနံထွက်ပစ္စည်းများ လောင်ကျွမ်းမှုက လူသားများအတွက် အန္တရာယ်ကြီးမားလှသည့်အဆိပ်ခါတ်ငွေ့များကို စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးလျက်ရှိနေသည့်တိုင် ကမ္ဘာ့စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံရေးဇာတ်ခုံများပေါ်၌မူ ရေနံက ထာဝစဉ် ပန်းပန်လျက်ရှိနေဆဲပင် ဖြစ်ပေတော့သည်။ ။

**အမေရိကန်အနေဖြင့် စစ်အေးခေတ် ရန်သူတော်ကြီးဖြစ်သော ဆိုဗီယက်တို့ထံမှ ရေနံရရှိရေးမှာ နိုင်ငံရေးအတားအဆီးများရှိနေခြင်းကြောင့် အခက်အခဲများစွာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားကာ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ဥဇ္ဗဘက်ကစ္စတန်စသော လွတ်လပ်သည့်နိုင်ငံများ ပေါ်ထွန်းလာမှုကြောင့် ရေနံဝယ်ယူရရှိရေးအတွက် အဆင်ပြေချောမွေ့သွားသည်။**

# မြေပဲဆန် ဈေးနှုန်းခိုင်မာရန်နှင့် စိုက်ပျိုးနည်းပညာများတိုးတက်ရန် လိုအပ်နေ

**နွားထိုးကြီး နိုဝင်ဘာ ၁၆**

မြေပဲကို အဓိကစိုက်ပျိုးသော မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်အတွင်း မြေပဲလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် တောင်သူများမှာ အရှုံးပေါ်နေကြပြီး မြေပဲဈေးကွက်ခိုင်မာရေးနှင့် စိုက်ပျိုးနည်းပညာများတိုးတက်ရေး လိုအပ်နေပြီဖြစ်ကြောင်း မြေပဲစိုက်တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

မြေပဲအထွက်တိုးရေးအတွက် နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ထန်းဇင်ရွာမှ မြေပဲစိုက်တောင်သူ ဦးကျော်ဦးက နွားထိုးကြီး မြေပဲဆန် ဈေးကွက်ခိုင်မာရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယမန်နှစ်က မြေပဲဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ကျော်ရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၁၇၀၀ သာရှိတော့ကြောင်း၊ တစ်ပိဿာလျှင် ကျပ်တစ်ထောင်လျော့ကျ၍ မြေပဲဆန်ပိဿာ ၁၀၀၀ လျှင် ကျပ် ၁၀ သိန်းဆုံးရှုံးခဲ့သော ဈေးကွက်အခြေအနေကြောင့် မိမိကိုယ်တိုင် မြေပဲဆန်ပိဿာ ၂၀၀၀ အတွက် ကျပ်သိန်း ၂၀ ဆုံးရှုံးခဲ့ကာ တောင်သူများအတွက် မြေပဲဈေးကွက်ခိုင်မာဖို့လိုနေပြီဖြစ်ကြောင်း ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြေပဲကို နေရာအနှံ့တွင် စိုက်ပျိုးကြသည့်အနက် နွားထိုးကြီးမြေပဲဆန်မှာ ဈေးအရဆုံးနှင့် ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း၊ ပန်းသွေးရောင်ရှိပြီး အဆီပြည့်၊ အလုံးထွားခြင်းကြောင့် မကွေးမြို့မှ ပဲဆီသန့်လုပ်ငန်းများက တိုက်ရိုက်ဝယ်ယူကြိတ်ခွဲကြောင်း၊ မကွေးပဲ၊ မန္တလေးပဲများမှာ အရောင်ဖြူဖျော့ပြီး လုံးဆန်ဖွံ့ဖြိုးမှုနည်း၍ ဈေးကွက်တွင် နွားထိုးကြီးမြေပဲဆန်က ဈေးအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် နွားထိုးကြီးနယ်အတွင်း မြေပဲကို ဧက ၁၂၀၀၀ ကျော်အထိ အများအပြားစိုက်ပျိုးခဲ့ရာ ယခု မြေပဲပေါ်ချိန်တွင် တင်းထောင်ချီရနေသော ပဲစိုက်တောင်သူများရှိနေကြောင်း၊ ယခုအချိန်တွင် တရုတ်ဈေးကွက်က မဝယ်သဖြင့် မန္တလေးဈေးကွက်၌ သီးနှံမျိုးစုံဈေးကျနေရာ နွားထိုးကြီးမြေပဲလည်း ပါဝင်နေကြောင်း၊ သီးနှံဈေးကွက်မခိုင်မာခြင်းကြောင့် စိုက်ပျိုးခဲ့သော ဧက ၁၂၀၀၀ ကျော်အတွက် တောင်သူများမှာ အရှုံးပေါ်နေကြကြောင်း၊ လုပ်သားစရိတ်ကြီးသလို သီးနှံဈေးကျနေ၍ သိန်းချီဆုံးရှုံးကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်သူများ အဆင်ပြေစေရန်အတွက် မြေပဲဈေးကွက်ခိုင်မာရန် လိုအပ်လျက်ရှိသလို မြေပဲနုတ်သိမ်းချိန်တွင် အဆင်ပြေစေရေးအတွက် စက်ယန္တရားများနှင့် ရိတ်သိမ်းမှုနည်းပညာများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။



**ငွေးမြင့်မောင်**

## အဓမ္မခိုင်းစေမှုဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေး

**ကလေး နိုဝင်ဘာ ၁၆**

တီးတိန်လူငယ်များမိတ်သဟာရအဖွဲ့(TYF)နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ အဖွဲ့(ILO)တို့ ပူးပေါင်း၍ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ နည်းပညာအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ကလေးမြို့ ZCLS ခန်းမ၌ နိုဝင်ဘာ ၁၄ ရက်က ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ILO မှ တာဝန်ရှိသူ ဆရာမိုးကျော်က ILO အကြောင်းနှင့် အဓမ္မ အလုပ်ခိုင်းစေမှုနှင့်ပတ်သက်၍ တိုင်တန်းမှုများကိုလည်းကောင်း၊ TYF အဖွဲ့ဝင် ဆရာပေါင်လင်းခိုင်က အဓမ္မအလုပ်ခိုင်းစေခြင်းနှင့်ပတ်သည်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပုံစံများနှင့် ချို့ယွင်းချက်များကိုလည်းကောင်း၊ TYF အဖွဲ့ဝင် နည်းပြဆရာထန်ဒါးလ်က အဓမ္မအလုပ်ခိုင်းစေခြင်းကို တားမြစ်သောဥပဒေများ၊ အကာအကွယ်များ၊ လုပ်ပိုင်ခွင့်ဆိုင်ရာ အခြေခံမူသဘောတရားများနှင့် အခွင့်အရေးများကိုလည်းကောင်း၊ TYF အဖွဲ့ဝင် ဆရာထန်ရှန်းဟောက်က အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အမှုများလျော့လာခြင်းဆိုင်ရာ အကြောင်းများကိုလည်းကောင်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်သူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ နည်းပညာအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ယခု ၂၀၁၆ ခုနှစ်အတွင်း ချင်းပြည်နယ်ရှိ မြို့အသီးသီးမှ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ ရှစ်နေရာတွင် ပြုလုပ်ခဲ့ပြီး အဆိုပါရှစ်ကြိမ်တွင် ကျေးရွာပေါင်း ၄၀ ကျော်မှ ပြည်သူများအား အဓမ္မအလုပ်ခိုင်းစေမှုနှင့်ပတ်သက်၍ ပညာပေးဟောပြောနိုင်ခဲ့ကာ အကျိုးသက်ရောက်မှုများလည်းရှိကြောင်း၊ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တမူးမြို့၊ ချင်းပြည်နယ် တွန်းဇံမြို့နှင့် ကျီခါးမြို့များတွင်လည်း အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# အညာကျေးလက်များတွင် ပျောက်ကွယ်နေပြီဖြစ်သော မောင်းထောင်းလုပ်ငန်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း အညာကျေးလက်တောရွာများတွင် ယခင်က မြန်မာ့ရိုးရာမုန့်အမျိုးမျိုးပြုလုပ်ရာ၌ လိုအပ်သော ကောက်ညှင်းမှုန့်၊ ဆန်မှုန့်များကို မောင်းထောင်း၍ ကြိတ်ခဲ့ကြသည်။ ကောက်ညှင်းဆန်ကိုလည်းကောင်း၊ ဆန်ကိုလည်းကောင်း၊ ကုလားပဲကိုလည်းကောင်း မောင်းထောင်း၍ အမှုန့်ကြိတ်ပြီး ရရှိလာသောအမှုန့်များဖြင့် မုန့်အမျိုးမျိုး ပြုလုပ်ခဲ့ကြသည်။ ယခင်က ကျေးလက်နေ အမျိုးသမီးများက လူအင်အားသုံးပြီး မောင်းထောင်းခဲ့ရာမှ ယခုအခါ စက်များကိုအသုံးပြု၍ အမှုန့်ကြိတ်သူ များပြားလာ



သည့်အတွက် ရှေးက အမှုန့်ကြိတ်ရာတွင်သုံးသော မောင်းတုန်းများပင် ပျောက်ကွယ်စပြုနေပြီဖြစ်သည်။ ထို့အတူ အမျိုးသမီးများ မောင်းထောင်းရင်းသီဆိုကြသည့် မောင်းထောင်းသီချင်းများလည်း ပျောက်ကွယ်ခဲ့ကြပြီဖြစ်သည်။

မုန့်မှုန့်ရရှိရန်အတွက် မောင်းထောင်းခဲ့ရသည့်ခေတ်ကို ကောင်းကောင်းမီလိုက်သော အသက် ၆၀ ကျော်အဘွားတစ်ဦးက “ကျွန်မတို့ငယ်ငယ်က မုန့်မှုန့်ထောင်းရတာ။ နောက်က သန်သန်မြန်မြန် အမျိုးသမီးသုံးယောက်လောက်က ခြေထောက်နဲ့ ခုန်ပေါက်ခုန်ပေါက်နဲ့ မောင်းထောင်းရတယ်။ အတော် ပင်ပန်းဆင်းရဲတဲ့ အလုပ်ပါ။ မောင်းတုန်းရှေ့က ကျောက်ခွက်နဲ့ မောင်းကျောက်နေရာမှာတော့ ဆန်ကောဆန်ခါ အပြာအခတ်ကျွမ်းကျင်တဲ့ အမျိုးသမီးတစ်ဦးနေရတယ်။ ဒါမှ မုန့်မှုန့်ကောင်းကောင်းရတယ်။ အခုခေတ်တော့လွယ်လာပါပြီ။ စက်တွေနဲ့ အမှုန့်ကြိတ်လို့ ရလာပါတော့ စက်နဲ့အမှုန့်ကြိတ်သူ များလာခဲ့တာပေါ့”ဟု ပြောပြသည်။

ကြိတ်စက်များမပေါ်မီ ယခင်ကာလကဆိုလျှင် အမှုန့်ကြိတ်ရန်အတွက် ပင်ပန်းစွာ မောင်းထောင်း၍ကြိတ်ရသော်လည်း အဆိုပါမောင်းစင်ကိုပင် အလှည့်ကျစောင့်ဆိုင်း၍ ကြိတ်ခဲ့ရသည်ဟု ဆိုသည်။ ကျွန်မတို့ ငယ်ငယ်တုန်းကလည်း မောင်းထောင်းခဲ့ကြရတယ်။ အရင်တုန်းက မောင်းထောင်းမယ်ဆိုရင် မောင်းစင်ကို အချိန်ဦးပြီးထောင်းရတယ်။ အခုခေတ်လိုပြောရရင်တော့ မောင်းစင်ကို အလှည့်ကျ တိုကင်ယူရတဲ့သဘောပဲ။ မောင်းစင်ကလည်း ရှားတယ်လေ။ သူဦးငါရ ထောင်းရတာပေါ့။ မောင်းစင်က အိမ်တိုင်းမှာမရှိဘူး။ အိမ်ခြေအစိတ်သုံးဆယ်မှ မောင်းစင်တစ်ခုလောက်ပဲရှိတယ်။ တစ်ရွာလုံးမှ မောင်းစင်လေးငါးမောင်းလောက်ပဲရှိတယ်။ အခုခေတ်ကတော့ တော်တော်အဆင်ပြေပါတယ်။ အမှုန့်ကြိတ်စက်သွားအပ်ရင် ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ဆို မုန့်မှုန့်ရတာပါပဲ။ ဆန်တစ်ပြည် အမှုန့်ကြိတ်ခကလည်း လေးရာကျပ်ပဲ ပေးရတယ်။ အခုမုန့်လုပ်ချင်မှ အခုကြိတ်လို့ရတယ်”ဟု အမျိုးသမီးတစ်ဦးက ပြောသည်။

အမှုန့်ကြိတ်စက်နှင့် နဝလီအငှားကြိတ်သူတစ်ဦးက “ကျွန်တော်တို့ စက်တွေမှာ နေ့စဉ်လည်း ကြိတ်ရပါတယ်။ အခါကြီးရက်ကြီးတွေဖြစ်တဲ့ သကြံန်ရက်တွေ၊ ဝါဝင်ဝါကျွတ်၊ တပေါင်းလ အခါရက်တွေနဲ့၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ သာရေးနာရေးပွဲတွေနဲ့ မနားမနေ ကြိတ်ရပါတယ်။ အမှုန့်ကြိတ်လုပ်ငန်းကို တစ်နှစ်လုံးတွက်လိုက်ရင် ငါးသိန်း၊ ခြောက်သိန်းဖိုးလောက် ကြိတ်ရပါတယ်။ ဆန်တစ်ပြည်ကြိတ်ရင် ငါးမိနစ်ကြာတယ်။ ဆန်တစ်တောင်းဆိုရင် မိနစ်ရှစ်ဆယ်လောက်ဆို ကြိတ်ပြီးပါတယ်။ အခုမုန့်လုပ်ချင်မှ အခုအပ် အခုကြိတ်ဆိုတော့ လွယ်တာပေါ့။ ဒါ့ကြောင့် ရှေးက မောင်းထောင်းစနစ်ပျောက်ပြီး စက်နဲ့ကြိတ်သူတွေ များလာတာပါ”ဟု ပြောသည်။

ယခုအခါ အညာဒေသ ကျေးရွာအများစုတွင် အခကြေးငွေယူ၍ အမှုန့်ကြိတ်ပေးသောစက်များ ရှိနေပြီဖြစ်ကာ အမှုန့်ကြိတ်စက်များမှာလည်း ကြိတ်သူများ ပြားသောကြောင့် နှစ်ဦးနှစ်ဖက် အဆင်ပြေလျက်ရှိသလို အချို့ဒေသတွင် မောင်းတုန်း၊ အချို့ဒေသတွင် မောင်းစင်ဟုခေါ်သော မောင်းထောင်းလုပ်ငန်းများမှာမူ တဖြည်းဖြည်းနှင့် ပျောက်ကွယ်နေပြီဖြစ်ပေသည်။

**ကျော်ငွေး(ညောင်ဦး)**

## မှုခင်းသတင်းတိုများ

### ခြံဝင်းအတွင်းတရားမဝင်သစ်များလက်ဝယ်ထားသူအားအရေးယူ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဟဲနူကျေးရွာနေ ဦးညွန့်ဝင်း၏ ဈေးဆိုင်ခြံဝင်းအတွင်း တရားမဝင်သစ်များ လက်ဝယ်ထားရှိကြောင်း သတင်းအရ မော်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ နိုဝင်ဘာ ၁၃ ရက်က သွားရောက်စစ်ဆေးခဲ့ရာ တရားမဝင် ကျွန်းတံခါး ဆိုက်စုံ အချပ် ၂၀၀ (အလေးချိန် ၂ ဒသမ ၄၇၁၆ တန်)ကို သိမ်းဆည်းရမိခဲ့သဖြင့် ဦးညွန့်ဝင်းအား မော်လူးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦးသေဆုံး

စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာအနီး စစ်ကိုင်း-မုံရွာကားလမ်းပေါ်၌ နိုဝင်ဘာ ၁၃ ရက်က ဆိုင်ကယ်နှင့် ကား မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ရွာသစ်ကြီးရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များ၏ စစ်ဆေးချက်အရ စစ်ကိုင်းဘက်မှ မုံရွာဘက်သို့ ပန်းရုံကျေးရွာနေ လွှမ်းမိုး(ခ)ငနီ(၂၉ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မုံရွာဘက်မှ စစ်ကိုင်းဘက်သို့ ဦးညီ(၅၉ နှစ်) မောင်းနှင်လာသည့် အေဒီဗင်ကားတို့ မျက်နှာချင်းတိုက်မိခဲ့ခြင်းဖြစ်ပြီး ဆိုင်ကယ်စီးသူ လွှမ်းမိုး(ခ)ငနီမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် စစ်ကိုင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

### ခိုးမှုမသင်္ကာသူအားစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ထပ်မံပေါ်ပေါက်

ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့မရဲစခန်းမှ ခိုးမှုမသင်္ကာ၍ နိုဝင်ဘာ ၁၃ ရက်က ဖမ်းဆီးခဲ့သူတစ်ဦးအား စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ကညွတ်ကွင်းမြို့မရဲစခန်းတွင် အမှုဖွင့်ထားသော ခိုးမှုတစ်ခုမှ မသင်္ကာသူ ငှက်ပျောတောကျေးရွာနေ အောင်မျိုးသူ(၂၃ နှစ်)အား ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာမှ လွန်ခဲ့သော တစ်လကျော်ခန့်က ကျောက်တံခါးမြို့ တရားရုံးရှေ့မှ ဆိုင်ကယ်တစ်စီး၊ လွန်ခဲ့သော ရှစ်လကျော်ခန့်က ကျောက်တံခါးမြို့ ဈေးအတွင်းမှ ဆိုင်ကယ်တစ်စီး ခိုးယူမှုများ ထပ်မံပေါ်ပေါက်ခဲ့ခြင်းဖြစ်၍ သက်သေခံဆိုင်ကယ်များကို သိမ်းဆည်းပြီး အောင်မျိုးသူအား ကညွတ်ကွင်းနယ်မြေရဲစခန်း၌ ထပ်မံအမှုဖွင့်ထားကြောင်း သိရသည်။

**ကိုရဲ**

### ကလေးတစ်ဦးပါသော လောင်းကစားဝိုင်းဖမ်းမိ

ချောက်မြို့နယ် ဆူးပုတ်ကျေးရွာ၌ အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် လောင်းကစားပြုလုပ်နေသူများအား စလေနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ လောင်းကစားသတင်းအရ စလေနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ အဆိုပါကျေးရွာနေ မြင့်ရှိန်(၄၅ နှစ်)၊ ယဉ်မျိုးထက်(၁၈ နှစ်)၊ မင်းထိုက်ဇော်(၁၃ နှစ်)နှင့် မင်းကန်ကျေးရွာနေ ဝါဝင်း(၄၅ နှစ်)တို့အား ဆင်၊ ကျား၊ လိပ်၊ ပုဇွန်၊ ငါးနှင့် ကြက်ပုံများပါဝင်သော ခြောက်ကောင်လောင်းကစားပြုလုပ်သည့် ပစ္စည်းများနှင့် လောင်းကြေးငွေ ကျပ်တစ်သိန်းခွဲခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မြင့်ရှိန်ပါ လေးဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု ဆားကျင်းကျေးရွာအနီးတွင် နိုဝင်ဘာ ၁၄ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။ ကျွန်းလှ-သဖန်းဆိပ်ကားလမ်းပေါ် ဆားကျင်းကျေးရွာအနီးတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ပြီး ကျွန်းလှမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးရာ ဦးမောင်အောင် မောင်းနှင်လာသည့် KENBO 125 အနက်ရောင်ဆိုင်ကယ်နှင့် ဦးနိုင်ဝင်းမောင်းလာသော SHAYAN 125 အနက်ရောင်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ ဦးမောင်အောင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### တာမွေမြို့နယ်၌ဓားထိုးမှုဖြစ်

တာမွေမြို့နယ် တာမွေကြီး( က+ဂ) ရပ်ကွက်(၁၅၉)လမ်းထိပ်၌ နိုဝင်ဘာ ၁၄ ရက် ည ၁၁ နာရီခွဲခန့်က ဓားထိုးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ (၁၅၉)လမ်းထိပ်ရှိ အောင်အောင်ကားဝပ်ရှော့မှ အောင်ဝင်းထွေး(ခ) ညီပုနှင့် သူငယ်ချင်းများ အတူထိုင်နေစဉ် တစ်ရပ်ကွက်တည်းနေ ဒိုးဆက်ဆိုသူက ကားဝပ်ရှော့အနီး မူးယစ်ရမ်းကားနေသဖြင့် အောင်ဝင်းထွေးက ဒိုးဆက်အား အရက်မူးနေ၍ အိမ်ပြန်ရန်ပြောဆိုစဉ် ဒိုးဆက်က အသင့်ယူလာသောဓားဖြင့် ထိုးခဲ့ခြင်းဖြစ်၍ အောင်ဝင်းထွေး၏ ယာပုခုံးတွင် ဒဏ်ရာရရှိခဲ့ကာ ဓားဖြင့်ထိုးသူ ဒိုးဆက် အသက်(၂၅)နှစ်အား အရေးယူပေးရန် မိသားစုဝင်တစ်ဦးက အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**လှလှ**

**ကားနှင့်ကားပေါ်ပါလူများ**

**မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်**

**“ကား” တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ**

**မီးသတ်ဦးစီးဌာန**



ဒါးကချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်

# ကျေးရွာ ၁၅ ရွာအတွက် အကျိုးပြုမည့် ဒါးကချောင်းကူးတံတား တည်ဆောက်

**ကျုံပျော် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ကညင်ဆိုင်ကျေးရွာရှိ ဒါးကချောင်းကူးတံတား တံတားပြီးစီးပါက ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေပြီး ကျေးရွာ ၁၅ ရွာမှ လူဦးရေ ၂၀၀၀၀ ကျော်တို့အတွက် အကျိုးရှိမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။

လက်ရှိတွင် အဆိုပါကျေးရွာရှိ ကျောင်းသို့ လာရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားများမှာ ချောင်းကိုလှေဖြင့်ကူး၍ လာရောက်ကျောင်းတက်ကြသူ အများအပြားရှိပြီး တစ်လလျှင် လှေကူးခ ငွေကျပ် ၄၀၀၀ ခန့် ကုန်ကျကြောင်း၊ ရေလမ်းခရီးကို နေ့စဉ်ဖြတ်သန်းနေကြရသောကြောင့် အန္တရာယ်များကြောင်း၊ ယခု တံတား ပြီးစီးပါက ငွေကြေးကုန်ကျမှုသက်သာပြီး ပညာကိုကောင်းစွာသင်ယူနိုင်မည် ဖြစ်ကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာ အရှည်ပေ ၃၀၀၊ အကျယ် ၁၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေဖြင့် အုတ်သံပေါင် ကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သန်း၄၈၀ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ဘိုးပိုင်တူးခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကာ ၂၀၁၇ ခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ပြည်နယ်အစိုးရအဖွဲ့မှ ပုလဲဓာတ်မြေသြဇာများထောက်ပံ့

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာများရှိ တောင်သူများ အဆင်ပြေချောမွေ့စွာ စပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ပုလဲဓာတ်မြေသြဇာပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က ပုလဲဓာတ်မြေသြဇာပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်က ပက်ဖျန်းပုံနည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားကာ ကျေးရွာ ၁၆ ရွာအတွက် ဓာတ်မြေသြဇာ ၁၈၅ အိတ်ကို တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# သားဆက်ခြားပစ္စည်းဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၁၅ ရက် နံနက်၁၀ နာရီက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် NGO အဖွဲ့အစည်းများဖြစ်သည့် PSI၊ 3MDG ၊ UNFPA တို့ ပူးပေါင်း၍ လက်မောင်းအရေပြားအောက်တွင် ထည့်သွင်းရသည့် သားဆက်ခြားပစ္စည်း၏ (Contraceptive Implants)ဆိုင်ရာ ဆရာဖြစ် သင်တန်းဖွင့်လှစ်ရာ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်နှင့် တံတားဦးမြို့နယ်များမှ ဆေးရုံဆရာဝန်များနှင့် တိုက်နယ်ဆေးရုံများမှ ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတိုးတိုးက သင်တန်းဖွင့်လှစ်ပို့ချရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လက်ထောက်ဆေးရုံအုပ်ကြီး(သားဖွားမီးယပ်ဆရာဝန်) ဒေါက်တာတင်ထူးလှိုင်က မြန်မာနိုင်ငံ၌ အသုံးပြုလျက်ရှိသော သားဆက်ခြားနည်းများနှင့် ဆေးဝါးများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် လက်မောင်းအရေပြားအောက်ထည့်သည့် သားဆက်ခြားနည်းများကို မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ဦးစီးအရာရှိ ဒေါက်တာ ဉာဏ်ဟိန်း၊ လက်ထောက်ဆေးရုံအုပ် (သားဖွားမီးယပ်ဆရာဝန်) ဒေါက်တာ တင်ထူးလှိုင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာ ခိုင်မွန်မွန်လှိုင်တို့က လေးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်

**ကန့်ဘလူ နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးနှင့်လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းများကို တင်ဒါစနစ်ဖြင့် ဖောက်လုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်က မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဆွေအောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ချပ်သင်း-ဇင်း လမ်းအရှည် သုံးမိုင် မြေသားလမ်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အလားတူ ကန့်ဘလူမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် လမ်းများဖြစ်သည့် ချပ်သင်း-ဇင်း မြေသားလမ်းအရှည်သုံးမိုင် ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၆၅ သန်း၊ အင်ငုတ္တို-တမာကုန်း-ချပ်သင်း မြေသားလမ်းအရှည် တစ်မိုင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇၅ သန်း၊ ယောကုန်းကျေးရွာမှ ကျွန်းလု-ကောလင်း လမ်းနှင့်ဆက်သွယ်သော မြေသားလမ်းအရှည် တစ်မိုင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇၅ သန်း၊ သင်ပန်းတောကျေးရွာမှ ကန့်ဘလူ-ကျွန်းလုလမ်းနှင့်ဆက်သွယ်သော မြေသားလမ်းအရှည် တစ်မိုင် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄ ဒသမ ၇၅ သန်း၊ ကျောက်လုံးကြီးကျေးရွာမှ အမှတ်(၃) ခရိုင်ချင်းဆက်သွယ်သော မြေသားလမ်း အရှည်တစ်မိုင်လေးဖာလုံ ခွင့်ပြုရန်ပုံငွေကျပ် ၂၂ သန်း၊ ကန့်ဘလူ-ဆည်ကြီး-ဂါထာ ကျောက်ချောလမ်းအရှည် တစ်မိုင်လေးဖာလုံ ခွင့်ပြုရန်ပုံငွေကျပ် ၈၉ သန်းတို့ဖြင့် ကျေးရွာကုန်ထုတ်လမ်း ခြောက်လမ်းစုစုပေါင်း လမ်းအရှည် ကိုးမိုင်ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၉ သန်းဖြင့် AFC ဆောက်လုပ်ရေးကုမ္ပဏီကတင်ဒါအောင်မြင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ပုလဲ- ဂန့်ဂေါ- ဟားခါးကားလမ်း မြေပြိုကျသဖြင့် ယာဉ်သွားလာမှု ခက်ခဲ

**ဂန့်ဂေါ နိုဝင်ဘာ ၁၆**

ပုလဲ- ဂန့်ဂေါ - ဟားခါးကားလမ်း ဂန့်ဂေါမြို့နယ် ပုံညာတောင် ရထားလမ်းဥမင်အနောက်ဘက်အနီးနေရာ၌ နိုဝင်ဘာ ၁၅ ရက်နံနက် ၇ နာရီခန့်က ကားလမ်းပေါ် မြေပြိုကျသဖြင့် ယာဉ်သွားလမ်းပိတ်ဆို့ခဲ့သော်လည်း စက်ကြီးတစ်စီးက ကူညီရှင်းလင်းပေးသဖြင့် နံနက် ၁၀ နာရီခန့်တွင် ကားများ ပုံမှန်မောင်းနှင်နိုင်ကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က အဆိုပါဒေသ၌ မိုးများအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် မြေပြိုခြင်းဖြစ်သည်ဟု ဒေသခံတစ်ဦးကပြောသည်။

**(၁၀၁)**



ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းပိုင်းတစ်နေရာ

# ကျောင်းကုန်း အထက(ခွဲ) တိုးချဲ့ကျောင်းဆောင်သစ် လွှဲပြောင်း

**ကျောင်းကုန်း နိုဝင်ဘာ ၁၆**

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲနှင့် တိုးချဲ့ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးပြာအရှေ့ကျေးရွာရှိ အဆိုပါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယနေ့ ကျင်းပသည်။

ပထမဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) မန်းသိန်းကျော်နှင့် အလှူရှင် ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ တိုးချဲ့ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းရာ ကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အလှူရှင်ဦးကြည်ဝင်းက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြီး အလျား ပေ ၉၀ × အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ တစ်ထပ်သွပ်မိုးအုတ်ညှပ်ပတ်ကား ကွန်ကရစ်ခင်း ကာလတန်ဖိုး ငွေကျပ် ၂၆၅ သိန်းနှင့် ငွေကျပ် ၃၅ သိန်းရှိ ကျောင်းမြေတို့ကို အလှူရှင်တို့က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး တိုင်းပညာရေးမှူး ရုံးလက်ထောက်ညွှန်ကြားရေးမှူး(စီမံ)က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရင်းဇယားများကို လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(ဝ၉၁)**

# မြန်မာ့ပြေးခုန်ပစ်အားကစားအကြောင်း တစေ့တစောင်း

**မင်းမင်း(ထားဝယ်)**

အားကစားကဏ္ဍတစ်ခုလုံး၏မဏ္ဍိုင်ဖြစ်ပြီး နိုင်ငံတကာအားကစားပွဲများတွင် မပါမဖြစ် ပါဝင်သော အားကစားနည်းတစ်မျိုးကို ဖော်ညွှန်းရလျှင် "မြန်မြန်ပြေး ဝေးဝေးပစ် မြင့်မြင့်ခုန်" ဆောင်ပုဒ်နှင့် အကျုံးဝင်သည့် ပြေးခုန်ပစ်အားကစားနည်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ကြံ့ခိုင်မှု၊ သက်လုံ ကောင်းမှု၊ ဇွဲလုံ့လ၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ အထူးလိုအပ်သော အားကစားနည်းတစ်မျိုးပင် ဖြစ်သည်။ အရှေ့တောင်အာရှ၊ အာရှပြိုင်ပွဲများတွင် ပြေးခုန်ပစ်အားကစားနည်းသည် မြန်မာအားကစားလောကအပေါ် အချိန်အတော်ကြာ လွှမ်းမိုးနိုင်ခဲ့သည်။ သာဓကအနေဖြင့် ၁၉၅၉ မှ ၁၉၇၅ ခုနှစ်အထိ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ရွှေတံဆိပ်များအနက် ပြေးခုန်ပစ်အားကစားမှ အများဆုံး ဆောင်ယူပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ် ကျင်းပသည့် ငါးကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရရှိခဲ့သည့် ရွှေတံဆိပ် ၅၇ ခုအနက် ရွှေတံဆိပ် ၂၀ မှာ ပြေးခုန်ပစ်အားကစားမှ ရရှိခဲ့သည်မှာ အတိတ်မှ ပြေးခုန်ပစ်လောက၏ အောင်မြင်မှုသမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်မှစ၍ မြန်မာ့ပြေးခုန်ပစ်အားကစားသည် တဖြည်းဖြည်းနှင့် ကျဆင်းလာခဲ့ပါသည်။ ဒေသတွင်းနိုင်ငံများ၌ စံချိန်တစ်ခုပြီးတစ်ခု ချိုးနေချိန်တွင် မြန်မာအားကစားသမားများ အနေဖြင့် ယခင်စံချိန်များကိုမီရန် မလွယ်ကူ ဖြစ်ခဲ့ရပါသည်။ ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ် ပြေးခုန်ပစ်မောင်မယ်တို့သည် ပြေးခုန်ပစ်လောကတွင် ယနေ့ကမ္ဘာနှင့် ရင်ပေါင်တန်းလာနိုင်ပြီဖြစ်သည်။ ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ထိုင်းနိုင်ငံမှ အားကစားမောင်မယ်များသည် ကြံ့ခိုင်မှုအားကောင်းစွာဖြင့် ယှဉ်ပြိုင်သွားပြီး ရွှေ ၄၆ ဆု ချီးမြှင့်သည့် ပြေးခုန်ပစ်အားကစားနည်းတွင် ရွှေ ၁၇ဆု သိမ်းကျုံး ရယူသွားခဲ့သည်မှာ မြန်မာ့အားကစားသမားအတွက် စံနမူနာယူစရာတစ်ရပ်ပင် ဖြစ်သည်။

## မြန်မာ့ပြေးခုန်ပစ် သမိုင်းမှတ်တိုင် အချို့ကို တင်ပြရလျှင်

၁၉၄၈ခုနှစ် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပွဲတွင် ပထမဆုံး စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာ့အားကစားသမားများအနက် မီတာ ၁၀၀ အပြေးပြိုင်ပွဲမှ စိန်ဖေ(ပြေးခုန်ပစ်)သည် တစ်ဦးအပါအဝင် ဖြစ်သည်။

၁၉၅၈ ခုနှစ် ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အာရှအားကစားပြိုင်ပွဲ၏ ပထမဦးဆုံး ဆုတံဆိပ်အဖြစ် တာဝေးအပြေးသမားမီတုန်းနော်က မာရသွန်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ကို ရရှိခဲ့သည်။

၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ကာဖူး(ကျား-မီတာ ၁၅၀၀)၊ နော်ဖား(ကျား-သံပြားဝိုင်းပစ်)၊ ဂရေစီကား(မ-မီတာ ၈၀ တန်းကျော်)၊ မေမေရီ(မ-အမြင့်ခုန်)နှင့် မခင်ထွေး(မ-လှံတံပစ်)တို့သည် မြန်မာ့ပြေးခုန်ပစ်လောကအတွက် နိုင်ငံတကာပွဲများ၏ ပထမဦးဆုံး ရွှေတံဆိပ်ပိုင်ရှင်များ ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အာရှအားကစားပြိုင်ပွဲတွင် တန်းမြင့်ခုန်ပြိုင်ပွဲ၌ တန်းမြင့်ခုန် အားကစားမယ် မြင့်မြင့်အေးက ငွေတံဆိပ်ဆွတ်ခူးခဲ့ပြီး မြန်မာနိုင်ငံအတွက် အမျိုးသမီးပြိုင်ပွဲတွင် အာရှအဆင့် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားမယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မြန်မာ့ပြေးခုန်ပစ်မယ် ဂျနီဖာတင်လေးသည် ၁၉၆၉ ခုနှစ် မှ ၁၉၈၃ ခုနှစ်အတွင်း ပြေးခုန်ပစ်မှ ရွှေတံဆိပ် ၁၄ ခု ရရှိခဲ့ပြီး စံချိန်သစ်များ အလီလီတင်နိုင်ခဲ့ကာ ၎င်း၏ သံလုံးပစ်စံချိန် ၁၄ ဒသမ ၃၈ မီတာကို နိုင်ငံတွင်း မည်သူမျှ ချိုးယူနိုင်ခဲ့ခြင်း မရှိသေးကြောင်း တွေ့ရသည်။

မြန်မာ့ပြေးခုန်ပစ်မယ်များဖြစ်သည့် ခင်ခင်ထွေးနှင့် မာမာမင်းတို့သည် ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲတွင် ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများ ဖြစ်သည်။ ခင်ခင်ထွေးအနေဖြင့် ၁၉၉၂ ခုနှစ် စပိန်နိုင်ငံ ဘာစီလိုနာအိုလံပစ်၊ ၁၉၉၆ ခုနှစ် အမေရိကန်နိုင်ငံ အတ္တလန္တာအိုလံပစ်နှင့် ၁၉၉၈ ခုနှစ်တွင် ကျင်းပခဲ့သည့် ဆိုးလ်အိုလံပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့အိုလံပစ် သုံးကြိမ်ဆက်တိုက်ယှဉ်ပြိုင်ခဲ့သည့် ပထမဦးဆုံး ပြေးခုန်ပစ်မယ်တစ်ဦးဖြစ်ပြီး နိုင်ငံတကာပွဲများတွင် ရွှေတံဆိပ် ၁၂ ခုအထိ ရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။

မြန်မာ့ပြေးခုန်ပစ်အားကစားသည် ၁၉၉၇ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းမှစ၍ ရွှေတံဆိပ်နှင့်ဝေးကွာခဲ့ပြီး ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းတွင် ရွှေတံဆိပ်လေးခုကို ပြန်လည်အသက်သွင်းနိုင်ခဲ့သည်။ ရွှေတံဆိပ်လေးခုကို အောင်သီဟ (မီတာ ၁၅၀၀)၊ ကေခိုင်လွင် (မီတာ ၂၀၀)၊ ယဉ်ယဉ်ခိုင်(မီတာ ၄၀၀) နှင့် (ယဉ်ယဉ်ခိုင်၊ ကေခိုင်လွင်၊ မြင့်မြင့်အေး၊ လဲ့လဲ့ဝင်း) မီတာ(၄၀၀× ၄) လက်ဆင့်ကမ်းတို့မှ ရရှိခဲ့ပါသည်။ ၂၀၀၇ ခုနှစ် ဆီးဂိမ်းမှစ၍ မြန်မာ့ပြေးခုန်ပစ် အားကစားမောင်မယ်များ ရွှေတံဆိပ်နှင့် ပြန်လည်ဝေးကွာခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေနှစ်ခု ပြန်လည် ရရှိခဲ့သော်လည်း ကီလိုမီတာ ၂၀ လမ်းလျှောက်မှ စောမာလာနွယ်၏ ရွှေတံဆိပ်ကို တားမြစ်ဆေးကိစ္စနှင့် ပတ်သက်၍ ပြန်လည်သိမ်းယူခြင်းခံခဲ့ရပါသည်။ (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းတွင်လည်း မြန်မာ့ပြေးခုန်ပစ်အဖွဲ့မှ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်း မရှိပါ။

**ပြေးခုန်ပစ်အားကစားနည်းအတွက် မျိုးဆက်သစ်များ မွေးထုတ်ပေးရန် လိုအပ်သည်။ တစ်ခေတ်တစ်ခါကလို ရပ်ကွက်/ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ မသန်စွမ်း အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးရန် လိုအပ်**

ကျွန်းဆွယ်၊ ဆီးဂိမ်းနှင့် အာရှအားကစားပြိုင်ပွဲများ၏ အမျိုးသားပြေးခုန်ပစ်မောင်မယ်များအပေါ် လေ့လာရလျှင် တာဝေးအပြေးဖြစ်သည့် မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀၊ မာရသွန် ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ပိုင်ဆိုင်မှု အားကောင်းခဲ့ပြီး တာတိုအပြေးဖြစ်သည့် မီတာ ၁၀၀၊ မီတာ ၂၀၀၊ တန်းကျော် ပြေး၊ လက်ဆင့်ကမ်း၊ အပစ်နှင့် အခုန်ပြိုင်ပွဲများတွင် အားနည်းမှုများရှိခဲ့သည်။

အမျိုးသမီးပြိုင်ပွဲများတွင် သံလုံးပစ်၊ သံပြားပစ်၊ တာလတ်အပြေးဖြစ်သည့် မီတာ ၈၀၀၊ မီတာ ၁၅၀၀၊ မာရသွန်၊ လမ်းလျှောက်ပြိုင်ပွဲများမှ ပြေးခုန်ပစ်လောကအပေါ် လွှမ်းမိုးနိုင်ခဲ့သည်။ မြန်မာ့ပြေးခုန်ပစ်လောကတွင် အမျိုးသားအားကစားမောင်များထက် အမျိုးသမီးအားကစားမယ်များက ပိုမို၍ စွမ်းဆောင်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

## မြန်မာ့ပြေးခုန်ပစ် လောက ပြန်လည်ဦးမော့လာစေဖို့

ယနေ့ခေတ် ကျောင်းသား လူငယ်များအကြား တိမ်မြုပ်နေသည့် လူထုအားကစားလှုပ်ရှားမှုများကို အခြေခံပညာကျောင်းများမှတစ်ဆင့် မွေးဖွားပေးရန် လိုအပ်သည်။ ထို့အပြင် အားကစားနည်းစနစ်များအပေါ် ကျွမ်းကျင်သည့် အားကစားကာယဆရာများ အမြောက်အမြား လိုအပ်သည်။

ပြေးခုန်ပစ်အားကစားနည်းအတွက် မျိုးဆက်သစ်များ မွေးထုတ်ပေးရန် လိုအပ်သည်။ တစ်ခေတ်တစ်ခါကလို ရပ်ကွက်/ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ မသန်စွမ်းအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးရန် လိုအပ်ပါသည်။

ပြေးခုန်ပစ်အားကစားသမားများ၊ နည်းပြများ၏ ဘဝနောင်ရေးစိတ်အေးရအောင် မိသားစုစားဝတ်နေထိုင်ရေးအတွက် ဘဝအာမခံချက်ရှိဖို့ အထူးလိုအပ်ပါသည်။ ထို့အပြင်အားကစားလောကတွင် တားမြစ်ဆေးသုံးစွဲခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက တရားမျှတစွာ ယှဉ်ပြိုင်ရေးဟူသည့်အနှစ်သာရကို ဆန့်ကျင်ရာရောက်ခြင်း၊ မိမိ၏ ဂုဏ်သိက္ခာနှင့် အောင်မြင်မှုများဆုံးရှုံးခြင်းနှင့်အတူ နိုင်ငံ့ဂုဏ်ကို ကျဆင်းစေခဲ့သည့်အတွက် တားမြစ်ဆေးသုံးစွဲခြင်းကို လုံးဝရှောင်ရှားရန် လိုအပ်ပါသည်။

ယခင်အားကစားနှင့်ကာယပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်တစ်ဦးဖြစ်သူ ဆရာ ဦးထွန်းငြိမ်း၏ ၁၉၅၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ပြေးခုန်ပစ်နည်းများစာအုပ်သည် မြန်မာ့ပြေးခုန်ပစ်လောကအတွက် ခွန်အားတစ်ရပ်ဖြစ်သဖြင့် မျိုးဆက်သစ်များ အတုယူလေ့လာဆည်းပူးသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ပြေးခုန်ပစ်အားကစား ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပရန်လိုအပ်ခြင်း၊ နိုင်ငံတကာအဆင့်မီ နည်းပြများငှားရမ်း၍ လေ့ကျင့်စေခြင်းတို့ဖြင့် ပြေးခုန်ပစ်အားကစားသည် လူအများစိတ်ဝင်စားသော နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်အားကစား (သို့မဟုတ်) ပရိသတ်ရင်ထဲ ရောက်လာစေမည့် အားကစားတစ်ခု ဖြစ်လာပါလိမ့်မည်။

သို့ပါ၍ မြန်မာ့ပြေးခုန်ပစ်လောက ပြန်လည်ဦးမော့လာစေရေးအတွက် တစ်ခေတ်တစ်ခါကလို ပြေးခုန်ပစ်အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန် သမိုင်းအစဉ်အလာကောင်းခဲ့သည့် ပြေးခုန်ပစ် အားကစားနည်းအပေါ် အဘက်ဘက်မှ ဝိုင်းဝန်း စဉ်းစားပေးကာ ဆောင်ရွက်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော နိုဝင်ဘာလ(၈)ရက်နေ့မှ(၁၄)ရက်နေ့အထိထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၄၆ | ငွေဒွေး(ဟသ်ာတ) | ဓမ္မဖြင့်ရဲရင့်ခြင်း | ၈၀၀ိ/- သုဒ္ဓစာပေ |
| ၄၇ | ဉာဏ်ကြွယ် | MIဖုန်းအသုံးပြုနည်းမျိုးစုံ | ၃၀၀၀ိ/-မနောဖြူစာပေ |
| ၄၈ | မြသစ္စာ | သစ်သစ်မြင့်ဆိုင်ရဲ့နှလုံးသားသွေးစက်များ | ၂၀၀၀ိ/-မျိုးမြန်မာစာပေ |
| ၄၉ | မြင့်ထွန်း B.A(geog) | တရုတ်ဝေါဟာရ ၃၀၀ ဖြင့် အလွယ်ကူဆုံးတရုတ်စကားပြော | ၂၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၀ | ဆူးသစ်နီ | ဒီမိုကရက်တစ်နိုင်ငံတော်သစ်အတွက် (ကျင့်ဝတ်-၇၀) | ၂၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၁ | ဆူးသစ်နီ | ခရီးသွားလုပ်ငန်း(TOURISM) | ၂၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၂ | ဆူးသစ်နီ | ဘာလီကျွန်းတစ်ခေါက်နှင့်မလေးရှားသို့ အလည်အပတ်ခရီး | ၂၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၅၃ | ဆလိုင်းဟန်လင်း | ကမ္ဘာတလွှားချင်းအမျိုးများ | ၇၀၀ိ/- သုဒ္ဓစာပေ |
| ၅၄ | စလင်း-ဦးအောင်သိန်း | အဆိပ်ရှိသောငွေနှင့်ဥပဒေရေးရာဆောင်းပါးများ | ၁၅၀၀ိ/-ဖြိုးစာပေ |
| ၅၅ | ဦးမြတ်သူ | နေ့စဉ်နေ့ခိုက်ပွားများလက်တွေ့ဝိပဿနာ | ၂၅၀၀ိ/-မြင့်မြတ်စာပေ |
| ၅၆ | မောင်ဝင်းနိုင်(ငါ့သရောက်) | ဟိုးရှေးရှေးတုန်းကပုံပြင်များ အမှတ် (၂) | ၅၀၀ိ/-ရင်ငြိမ်းစာပေ |
| ၅၇ | နန်းမိုးခမ်း | တွေးမြင်ခံစားဒဿနများ | ၁၂၀၀ိ/-ရန်အောင်စာပေ |
| ၅၈ | အရှင်ကေလာသ | အာနာပါနအဖွင့် | ၈၀၀ိ/-ရွှက်စိမ်းစာပေ |
| ၅၉ | Saya Harry Khoo | အင်္ဂလိပ်လိုဖတ်မယ်ပြောမယ်(၂) | ၂၀၀၀ိ/-လဝန်းစာပေ |
| ၆၀ | သန်းဝင်းလှိုင် | ရာဇဝင်ထဲကလရာသီ | ၃၅၀၀ိ/-လဝန်းရိပ်စာပေ |
| ၆၁ | သန်းဝင်းလှိုင် | သမိုင်းတစ်ကွေ့မှ မြန်မာ့သမိုင်းဝင်စာချုပ်များ | ၃၅၀၀ိ/-လဝန်းရိပ်စာပေ |
| ၆၂ | ဦးအောင်ခိုင်မြင့် | ကြွယ်ဝချမ်းသာလာအောင်ဘယ်လိုပြုမူဆောင်ရွက်ကြမလဲ | ၃၀၀၀ိ/-မဇ္ဈိမ |
| ၆၃ | နေဦးဝေ | သန်းခေါင်ယံတံခါးခေါက်သူ | ၅၀၀၀ိ/-သင်းစာပေ |
| ၆၄ | မြတ်ငြိမ်း | ထူးချွန်ခြင်းဆိုသည်မှာမတော်တဆဖြစ်လာခြင်း အလျဉ်းမဟုတ် | ၂၀၀၀ိ/-သဟဇာတစာပေ |
| ၆၅ | ဆရာဦးဝင်းနိုင်ဦး | အင်္ဂလိပ်စကားအသုံးအနှုန်းများ | ၂၅၀၀ိ/-အရုဏ်သစ်စာပေ |
| ၆၆ | တက္ကသိုလ်စိန်တင် | မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် ရခိုင်အမျိုးသားခေါင်းဆောင်ဦးညိုထွန်း | ၃၅၀၀ိ/-အားမာန်သစ်စာပေ |
| ၆၇ | သန်းဝင်းလှိုင် | လူထုချစ်သောထိုင်းဘုရင်မင်းမြတ် | ၂၀၀၀ိ/-အိမ်မက်သစ်စာပေ |
| ၆၈ | ကိုကိုလင်း(အမေ့အိမ်) | သစ်ပင်တွေရဲ့နှလုံးသားနှင့်အခြားကဗျာများ | ၁၅၀၀ိ/-ကောင်းထွဋ်စာပေ |
| ၆၉ | အောင်မြတ်ကျော် | ကမ္ဘာကြီးရဲ့ဂန္ထဝင်ခရီးရှည် | ၁၅၀၀ိ/-ကျော်မွေးစာပေ |
| ၇၀ | ဦးတင်ထွန်း | စံပြအင်္ဂလိပ်စာ စာစီစာကုံးနှင့်ပေးစာများ | ၂၀၀၀ိ/-ဇေယျာမိုးစာအုပ်တိုက် |
| ၇၁ | ရွှေရည်ဦးစာပေ | သဘာဝနည်းဖြင့် သည်းခြေကျောက်ဖယ်ရှားနည်း (သို့မဟုတ်)ပန်းသီးစားပြီးသည်းခြေကျောက်ဖယ်ရှားနည်း (ကိုယ်တွေ့နည်း) | ၅၀၀၀ိ/-ရွှေရည်ဦးစာပေ |
| ၇၂ | ဆရာဦးသန်းလွင် | အင်္ဂလိပ်စာသင်ယူလေ့လာနည်း | ၂၅၀၀ိ/-ရွှေဟသ်ာစာပေ |
| ၇၃ | ဥယျ | ဓမ္မဒဿနရသဖတ်စာကဗျာများ | ၁၅၀၀ိ/-အေဇက်စာပေ |
| ၇၄ | ကလောင်စုံ | ပြည်ပရောက်မြန်မာလူငယ်တို့၏ ကဗျာများ(+95) | ၁၅၀၀ိ/-နှင်းဆီဖြူစာပေ |
| ၇၅ | ဒီနိုဗိုပြန်ဆိုသည် | ဩဇာကြီးမားစာရေးဆရာများနှင့်စကားပြောခြင်း | ၂၅၀၀ိ/-နှင်းဆီဖြူစာပေ |
| ၇၆ | မြသန်းတင့် | မြန်မာပြန်ရသစာတမ်းများ | ၄၀၀၀ိ/-နှစ်ကာလများစာပေ |
| ၇၇ | မဟာဆွေ | ဘိုးဝဇီရ | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၇၈ | သုခမိန်လှိုင် | ဆာရှီမီး | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၇၉ | | မြန်မာ့အသံတေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ(၁၁) | ၂၀၀၀ိ/-နိုင်ငံ့ဂုဏ်ရည် |
| ၈၀ | လှသမိန် | ဟောနည်းပြောနည်း | ၁၅၀၀ိ/-စိတ်ကူးချိုချို |
| ၈၁ | သုမောင် | မစိုးအိမ်သူသို့အိတ်ဖွင့်ပေးစာ | ၂၀၀၀ိ/-စိတ်ကူးချိုချို |
| ၈၂ | စာစဉ်(၄၆) | ဝုဖ်ဂန်းဂ်အာမဒ်ဒဲလ်စ်မိုးဇာထ် | ၁၅၀၀ိ/-The Key Collection |
| ၈၃ | ဇွဲသစ်(ရမ္မာမြေ) | ကမ္ဘာစာပေစင်မြင့်ထက်မှရမ်းဖြဲကျွန်း | ၂၀၀၀ိ/- |
| ၈၄ | အရှင်ဇောတိက(ညောင်တုန်း) | ပဋ္ဌိစ္စသမုပ္ပာဒ်ဒေသနာတော်ဟောကြားပို့ချချက်များ | ၅၀၀၀ိ/-ပညာဇောတိ |
| ၈၅ | လင်းယုန်သစ်လွင် | ဓမ္မရက္ခိတ(သို့)လောက၏ အမှန်တရားကိုရှာဖွေသူ | ၃၀၀၀ိ/-စိတ်ကူးချိုချို |
| ၈၆ | ဗန်းမော်တင်အောင် | ဒေါက်တာလွမ်းဝေ | ၃၀၀၀ိ/-နေရီရီ |
| ၈၇ | မောင်ရဲခိုင် | ဆိုနီ(သို့)ဂျပန်ပြည်မှာလုပ်သည် | ၂၀၀၀ိ/-ပဋ္ဌဂံစာပေ |

# Thanlwin Education Services Co., Ltd.

## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာ အမှတ် ၁/၂၀၁၆

၁။ နိုင်ငံတိုင်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းစဉ်များထဲတွင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းစဉ်များထဲတွင် ပါဝင်သည်ဟု ကျွန်ုပ်တို့ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း (**Thanlwin Education Services Co., Ltd.**) မှခံယူပါသည်။

၂။ ကျွန်ုပ်တို့၏ ပထမဦးဆုံးခြေလှမ်းအနေဖြင့် သံလွင်ကိုယ်ပိုင် အထက်တန်းကျောင်း (**Thanlwin Private School**) ကို မကြာမီ အမှတ်(၂၀၃)၊ **R6**၊ မင်္ဂလာဥယျာဉ်မြို့တော်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စတင်တည်ထောင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။ မြေဧရိယာ ၁၂ ဧကပေါ်တွင် ကျောင်းသား ၄၅၀၀ ဆံ့ ကျောင်းဆောင်များ၊ ဘောလုံးကွင်း၊ အားကစားခန်းမ၊ ပြေးခုန်ပစ်ကွင်း၊ အနုပညာနှင့် သဘင်ဂီတဆောင်၊ သုတေသန၊ ဒီဇိုင်းနှင့် တီထွင်ကြံဆရေးဆိုင်ရာ အလုပ်ရုံများ ပါဝင်ပါမည်။ **Thanlawin Private School** သည် နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော သင်ခန်းစာများကို နိုင်ငံတကာ အဆင့်မီ အနုပညာ၊ ဂီတ၊ အားကစားနှင့် အခြားသော ဘာသာရပ်များ ထပ်မံဖြည့်စွက်၍ မူလတန်းအဆင့်မှ စတင်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့်အဆိုပါ **Thanlwin Private School** တွင် လိုအပ်လျက်ရှိသော ပူးတွဲပါအရည်အချင်းနှင့် ပြည့်စုံသည့် အောက်ပါဝန်ထမ်းများအား မြန်မာကျပ်ငွေဖြင့် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖိတ်ခေါ်ပါသည် -

| စဉ် | ရာထူး | ဦးရေ |
|---|---|---|
| ၁။ | ကျောင်းအုပ်ကြီး အခြေခံလစာ(၁၅) သိန်း<br>- အရည်အချင်းသတ်မှတ်ချက်<br>(က) အသက် (၄၅)နှစ် နှင့်အထက် ရှိရမည်။<br>(ခ) မဟာဘွဲ့နှင့် အထက်ရှိရမည်။<br>(ဂ) သင်ကြားရေးအတွေ့အကြုံရှိသူ ဖြစ်ရမည်။<br>(ဃ) English 4 skills in Advanced ဖြစ်ရမည်။<br>(င) လူမှုရေးကိစ္စ အရှုပ်အရှင်းကင်းရမည်။ | ကျား/မ (၁)ဦး |
| ၂။ | ဘာသာရပ်ပြ ဆရာ/ ဆရာမ အခြေခံလစာ (၄.၅) သိန်း<br>- မြန်မာ ဘာသာ (၁၄) ဦး<br>- အင်္ဂလိပ် ဘာသာ (၁၆) ဦး<br>- သင်္ချာ ဘာသာ (၁၈) ဦး<br>- အထွေထွေ ဘာသာ (၆) ဦး<br>- လူမှုရေး ဘာသာ (၂) ဦး<br>- အခြေခံသိပ္ပံ ဘာသာ (၂) ဦး<br>- ပထဝီဝင် ဘာသာ (၄) ဦး<br>- သမိုင်း ဘာသာ (၄) ဦး<br>- အထွေထွေသိပ္ပံဘာသာရပ် (၄) ဦး<br>(က) ဘာသာရပ်ဆိုင်ရာဘွဲ့ / မဟာဘွဲ့ရရှိသူ ဖြစ်ရမည်။<br>(ခ) အသက် (၂၅) နှစ်မှ (၄၅) နှစ်ကြားရှိပြီး သင်ကြားမှု အတွေ့အကြုံ အနည်းဆုံး (၂) နှစ် ရှိရမည်။<br>(ဂ) English 4 skills in Intermediate ဖြစ်ရမည်။<br>(ဃ) ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကိုယ်ပိုင်ကျောင်းဆရာ လျှောက်ခွင့်ရသူဖြစ် ရမည်။<br>(င) ပညာရေးဝန်ကြီးဌာနမှ ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။ | ကျား/မ(၇၀)ဦး |
| ၃။ | **Prekindergarten** ဆရာ/ဆရာမ အခြေခံလစာ (၄.၅)သိန်း<br>(က) တက္ကသိုလ်တစ်ခုခုမှ အသိအမှတ်ပြု ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။<br>(ခ) အသက် (၂၅) နှစ် (၄၅) နှစ်ကြား ရှိရမည်။<br>(ဂ) English 4 skills ကျွမ်းကျင်မှု အသင့်အတင့် ရှိရမည်။<br>(ဃ) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးအပ်သော ECCD သင်တန်းဆင်းလက်မှတ်ရှိသူ ဖြစ်ရမည်။ | ကျား/မ(၈)ဦး |
| ၄။ | **Extra Curriculum** ဘာသာရပ်များ အခြေခံလစာ (၆) သိန်း<br>သင်ကြားနိုင်ရန်အတွက် လိုအပ်သည့် ဆရာ/ ဆရာမများ<br>- အသက် (၂၅) နှစ်မှ (၇၀) နှစ်အတွင်း ရှိသူများ။<br>(က) အသက်မွေးကြောင်းဆိုင်ရာ ဘွဲ့/မဟာသိပ္ပံဘွဲ့/မဟာဝိဇ္ဇာဘွဲ့ရရှိထားကြသူများ။<br>(ခ) English 4 skills in Advance ဖြစ်သူများ။<br>(ဂ) မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုကို ကျွမ်းကျင်နားလည်ကြသူများ။<br>(ဃ) လက်မှုပညာ လုပ်ငန်းကျွမ်းကျင်ကြသူများ။<br>(င) ပန်းချီရေးဆွဲခြင်း၊ ဘာသာရပ်ကို ကျွမ်းကျင်ကြသူများ။ | ကျား/မ(၁၂)ဦး |
| ၅။ | ဒါရိုက်တာ (စီမံ) အခြေခံလစာ (၁၅) သိန်း<br>(က) အသက် (၃၅) နှစ်နှင့်အထက် ဖြစ်ရမည်။<br>(ခ) MBA သို့မဟုတ် မဟာဘွဲ့နှင့်အထက် ရှိသူဖြစ်ရမည်။<br>(ဂ) ဝန်ဆောင်မှုလုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။ | ကျား/မ(၁)ဦး |
| ၆။ | ဌာနမှူး (အားကစား) အခြေခံလစာ (၆) သိန်း<br>အားကစားနှင့် ပတ်သက်သော ဘွဲ့ရရှိထားသူ(သို့မဟုတ်) အားကစားဆိုင်ရာ ကိစ္စရပ်များကို (၁၀)နှစ်အထက်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီးအားကစားဌာနကို ဦးဆောင်နိုင်သူဖြစ်ရမည်။ | ကျား/မ(၁)ဦး |
| ၇။ | ဓာတ်ခွဲခန်းမှူး အခြေခံလစာ (၆) သိန်း<br>ပညာသင်ကြားရေးအတွက် သင်ထောက်ကူ ဓာတ်ခွဲခန်းများ၊ဆိုင်ရာ ကျွမ်းကျင်သူဖြစ်ပြီးဓာတ်ခွဲခန်းဆိုင်ရာလုပ်ငန်းစဉ်များကို ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ရမည်။ | ကျား/မ(၁)ဦး |
| ၈။ | ကျောင်းကျန်းမာရေးအရာရှိ အခြေခံလစာ (၇) သိန်း<br>(က) ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် စီမံခန့်ခွဲနိုင်ရမည်။<br>(ခ) ကျောင်းကျန်းမာရေးဆိုင်ရာနှင့်ပတ်သက်၍ သိကျွမ်းနားလည်သူ ဖြစ်ရမည်။ | ကျား/မ(၁)ဦး |
| ၉။ | ဒီဇိုင်းနှင့် နည်းပညာအရာရှိ အခြေခံလစာ (၇) သိန်း<br>(က) တီထွင်ကြံဆမှုများနှင့် သိပ္ပံသုတေသနဆိုင်ရာ အတွေ့အကြုံရှိသူ ဖြစ်ရမည်။ | ကျား/မ(၁)ဦး |
| ၁၀။ | ဘာသာပြန်အဖွဲ့ (အင်္ဂလိပ်စာ) အခြေခံလစာ (၆) သိန်း<br>(က) IELTS 6.5 နှင့်အထက် ရှိရမည်။<br>(ခ) မြန်မာ-အင်္ဂလိပ်၊အင်္ဂလိပ်-မြန်မာဘာသာပြန်မှုကျွမ်းကျင်မှုရှိရမည်။<br>(ဂ) ဘာသာစကားဝေါဟာရနှင့် စကားလုံးအသုံးအနှုန်း ကျွမ်းကျင်မှုရှိရမည်။ | ကျား/မ(၄)ဦး |
| ၁၁။ | ဌာနမှူး (အနုပညာ) အခြေခံလစာ (၇) သိန်း<br>(က) စာပေ၊သဘင်၊ဂီတ၊ ပန်းချီဆိုင်ရာ ပညာရပ်များနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာများကို ချိတ်ဆက်ပြီး ပြဋ္ဌာန်းချက်များ ရေးဆွဲနိုင်သည့် အရည်အချင်းရှိရမည်။ | ကျား/မ(၁)ဦး |
| ၁၂။ | စာကြည့်တိုက်မှူး အခြေခံလစာ (၆) သိန်း<br>(က) စာကြည့်တိုက်ဆိုင်ရာ ဒီပလိုမာဘွဲ့ရရှိထားသူ ဖြစ်ရမည်။<br>(ခ) ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကိစ္စများကို ကျွမ်းကျင်သူဖြစ်ရမည်။ | ကျား/မ (၁)ဦး |
| ၁၃။ | သတင်းအချက်အလက် နည်းပညာတာဝန်ခံ အခြေခံလစာ(၆) သိန်း<br>(က) ကွန်ပျူတာပညာရပ်ဆိုင်ရာ သင်ကြားရေးလုပ်ငန်းများကို တာဝန်ခံနိုင်သူဖြစ်ရမည်။ | ကျား/မ(၁) ဦး |
| ၁၄။ | **Marketing /Customer Relationship** မန်နေဂျာအခြေခံလစာ(၁၀)သိန်း<br>(က) အသက် (၃၅) နှစ်နှင့်အထက် ရှိရမည်။<br>(ခ) English 4 skills in Advance ဖြစ်ရမည်။ | ကျား/မ(၁) ဦး |
| ၁၅။ | လုံခြုံရေး လက်ထောက်မန်နေဂျာ အခြေခံလစာ (၆) သိန်း | ကျား (၁) ဦး |
| ၁၆။ | မော်တော်ယာဉ်မှူး (လက်ထောက်မန်နေဂျာ) အခြေခံလစာ (၅) သိန်း | ကျား (၁) ဦး |
| ၁၇။ | စားသောက်ဆိုင်လက်ထောက်မန်နေဂျာ အခြေခံလစာ (၅) သိန်း | မ (၁) ဦး |
| ၁၈။ | စတိုတာဝန်ခံ အခြေခံလစာ (၄) သိန်း<br>(က) အသက် (၃၅) နှစ်နှင့်အထက် ရှိရမည်။<br>(ခ) သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၅) နှစ်နှင့်အထက် ရှိရမည်။<br>(ဂ) လုပ်ငန်းတွင်အသုံးပြုသည့် ကွန်ပျူတာစနစ်များကို နားလည်တတ်ကျွမ်းကျင်သူဖြစ်ရမည်။ | ကျား (၁) ဦး |

၄။ လုပ်ခလစာနှင့် ခံစားခွင့်ဆိုင်ရာများ။ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း (**Thanlwin Education Services Co., Ltd.**) တွင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခန့်အပ်ခြင်းခံရမည့် ဝန်ထမ်းများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ခံစားခွင့်ရှိပါသည်။

၅။ အလုပ်တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခန့်အပ်ခြင်းခံထားရသူများနှင့် လုပ်ငန်း၏ ကိုယ်စားလှယ်တို့သည် အလုပ်သမားဥပဒေပါအတိုင်း (**Employment Contract**) စာချုပ်များချုပ်ဆိုရပါမည်။

၆။ ရာထူးလျှောက်ထားရာတွင် လျှောက်ထားသူ ဆရာ/ဆရာမများအားလုံးနှင့် လက်ထောက်သင်ကြားရေး ဆရာ/ဆရာမများသည် -

(က) စိတ်ရှည်သည်းခံ၍ ဝါသနာကို အရင်းခံသူဖြစ်ရမည်။
(ခ) မိမိတို့ကိုယ်တိုင် အစဉ်သင်ယူလေ့လာ၍ ဆန်းသစ်တီထွင်ကြံဆနိုင်စွမ်းရှိရမည်။
(ဂ) **Student Centered Learning** စနစ်ကို ကိုယ်တိုင်ပါဝင် အကောင်အထည်ဖော်နိုင်စွမ်းရှိရမည်။
(ဃ) **Thanlwin Education Services Co., Ltd.** မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာနိုင်သူဖြစ်ရမည်။

၇။ ရာထူးအားလုံးအတွက် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြ၍ လျှောက်ထားရမည် -

(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးအချက်အလက်(CV) အပြည့်အစုံ (ဓာတ်ပုံကပ်ပြီး)။
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ။
(ဂ) ပညာအရည်အချင်းဆိုင်ရာ ထောက်ခံချက် မိတ္တူ။
(ဃ) အိမ်ထောင်စုစာရင်း မိတ္တူ။
(င) အလုပ်သမားမှတ်ပုံတင်(လေဘာ) မိတ္တူ။
(စ) လွန်ခဲ့သော(၃)လအတွင်းက ပြုလုပ်ထားသည့် ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာမူရင်း။

မှတ်ချက် ။ ။ လူတွေ့စစ်ဆေးရာတွင် အမှတ်စဉ်(ခ) နှင့် (ဂ)တို့အား မူရင်းတင်ပြနိုင်ရမည်။

၈။ လျှောက်လွှာများကို (၂၅-၁၁-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ ပေးပို့လျှောက်ထားနိုင်ရမည် -

(က) **Program Management Office**
အမှတ်(၆/၀-၂) မြေညီထပ်၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ခ) **Tanlwin Education Services** စာတိုက်သေတ္တာအမှတ် ၁၀၂၈ သို့လည်းကောင်း။
(ဂ) **thanlwin.hrd@gmail.com** သို့ စာရွက်စာတမ်းများအား JPG File/ PDF File ဖြင့် ပေးပို့လျှောက်ထားရမည်။
(ဃ) လျှောက်ထားသူအား -
(၁) ပထမအကြိမ်အဖြစ် (သင်္ချာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ) ရေးဖြေစစ်ဆေးခြင်း။
(၂) ဒုတိယအကြိမ် -
(ကက) လက်တွေ့သင်ကြားပြသမှု အရည်အချင်းကို စစ်ဆေးခြင်း။
(ခခ) စိတ်ပညာအဖွဲ့မှ ပြုစုထားသော ကလေးသူငယ်များအား သင်ကြားပြသခြင်းနှင့် ပတ်သက်သော အမူအကျင့်နှင့် စိတ်ပိုင်းဆိုင်ရာ မေးခွန်းများကို လူတွေ့ဖြေဆိုရပါမည်။

မှတ်ချက် ။ ။ ရေးဖြေစစ်ဆေးခြင်း၊ လက်တွေ့သင်ကြားပြသမှုကို စစ်ဆေးခြင်းနှင့် စိတ်ပညာ လူတွေ့ ဖြေဆိုခြင်းများသည် စာပေသင်ကြားခြင်းနှင့် သက်ဆိုင်သောရာထူးများအတွက်သာဖြစ်ပါသည်။

(င) ဆန်ခါတင်ရွေးချယ်ပြီးပါက ရွေးချယ်ခံရသည့်ရာထူးအားလုံးအတွက် (**Personal Grooming Training, Marketing Principle for Non - Marketers, HR and General Management**) စသော သင်တန်းများအဖြစ် စာပေသင်ကြားခြင်းနှင့် သက်ဆိုင်သောရာထူးများအားလုံးအတွက် (**Teaching Methodologies, Education Psychology, Cognitive Psychology, Education Theory, School Management and Classroom Management**) အစရှိသည့် သင်ကြားရေးနှင့်ပတ်သက်သော သင်တန်းများနှင့် အခြားသင်တန်းများဖြင့် ဝါရင့်ပညာရှင်ကြီးများနှင့် စိတ်ပညာရှင်ကြီးများမှ သင်ကြားပို့ချပြီး တစ်ဦးချင်းစီ၏ အရည်အသွေးကိုမြှင့်တင်ပေးမည်ဖြစ်ပါသည်။

ပြည်သူ့ဘဏ္ဍာငွေများ အကျိုးရှိစွာ ခွဲဝေသုံးစွဲရေးတို့တွင် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်လိုအပ်သည့်အပြင် ဥပဒေနှင့်အညီ စီမံခန့်ခွဲ

ပြည်ထောင်စုလွှတ်တော် စာ-၄

ပြည်သူကိုအကာအကွယ်ပေးသည့် ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမည်ဖြစ်

ပြည်သူ့လွှတ်တော် စာ-၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတင်ကျင်းပ

အမျိုးသားလွှတ်တော် စာ-၄


# မြေပြင်သတင်းရရှိမှုအား ဖြစ်ဖြစ်ချင်း အမြန်ဆုံးထုတ်ပြန်ပေးရန် ကြိုးစားသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

မောင်တောနယ်မြေအတွင်း လူနေအဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရသည့် Human Rights Watch (HRW) ၏ အစီရင်ခံစာပါအချက်များအပေါ် ပြန်လည်ရှင်းလင်းခြင်း အထူးသတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ အတွင်းရေးမှူး နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ နိုင်ငံတော်သမ္မတရုံးမှ ရခိုင်ပြည်နယ်နှင့်ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီကိုဖွဲ့စည်းလိုက်ပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားသည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ရေး ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❐



သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီအတွင်းရေးမှူး နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ရှင်းလင်းစဉ် (သတင်းစဉ်)

## နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီဖွဲ့စည်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်နိုင်ရန်အတွက် "နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီ" ကို ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

**ဖွဲ့စည်းထား**

အဆိုပါသတင်းထုတ်ပြန်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦး၊ အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး မျိုးသူစိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်နှင့် အတွင်းရေးမှူးအဖြစ် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ဖြင့် ဖွဲ့စည်းထားရှိသည်။

(သတင်းစဉ်)

# စက်သုံးဆီတင်သွင်းရောင်းချမှု ထိုင်းနိုင်ငံဘက်က ပိတ်ပင်ထားရာမှ နိုဝင်ဘာ ၁၆ ရက်မှစ၍ ပြန်လည်တင်ပို့ရန် သဘောတူ

**မြဝတီ နိုဝင်ဘာ ၁၆**

မြန်မာ-ထိုင်းနယ်စပ် မြဝတီဈေးကွက်သို့ သောင်ရင်းမြစ်ဖြတ်ကျော်ပြီး စက်သုံးဆီတင်သွင်းရောင်းချမှုကို ထိုင်းနိုင်ငံဘက်မှ ပိတ်ပင်ထားသည်မှာ သုံးပတ်ကျော်ကြာလာပြီးနောက် ထိုင်းနိုင်ငံဘက်မှ နိုဝင်ဘာ ၁၆ ရက်က ပြန်လည်တင်ပို့သွားမည်ဖြစ်ကြောင်း တာ့ခ်ခရိုင် အထူးစီးပွားဖွံ့ဖြိုးရေးဇုန်ရုံး၌ ထိုင်းအစိုးရဌာနဆိုင်ရာများနှင့် ထိုင်းလုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေးပွဲမှ သိရသည်။

တာ့ခ်ခရိုင် အထူးစီးပွားဖွံ့ဖြိုးရေးဇုန်ရုံး၌ ထိုင်းအစိုးရဌာနဆိုင်ရာများနှင့် ထိုင်းလုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေးတွင် နိုဝင်ဘာ ၁၆ ရက်က မြဝတီမြို့သို့ စက်သုံးဆီများ ပြန်လည်တင်သွင်းရန် သဘောတူဆုံးဖြတ်ခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲသို့ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံမှ ဥပဒေအရာရှိများ၊ ရဲ၊ လဝက၊ အခွန်ဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာ ၂၆ ရက်မှစတင်၍ ထိုင်းနိုင်ငံ အမှတ်(၁၄) ဒေသစစ်ကွပ်ကဲရေးတပ်ဖွဲ့ဗျူဟာမှူးက အထက်ညွှန်ကြားချက်အရဟုဆိုကာ မြန်မာနိုင်ငံဘက်သို့ စက်သုံးဆီတင်သွင်းမှုကို ပိတ်လိုက်ခြင်းကြောင့် ဒေသတွင်းစက်သုံးဆီဈေးများ မြင့်တက်ခဲ့ကြောင်း နယ်စပ်စက်သုံးဆီလုပ်ငန်းရှင်များအတွင်းရေးမှူး ကိုမျိုးက ပြောသည်။

ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန၏ လောင်စာဆီတင်သွင်းမှု မူဝါဒသစ်အရ ဘေးဂိတ်များမှ ကောင်းကင်ပိုက်လိုင်းဖြင့် တရားမဝင်တင်ပို့မှုကို တားမြစ်ကာ နှစ်နိုင်ငံချစ်ကြည်ရေးတံတားပေါ်မှတင်သွင်းရန် ညွှန်ကြားထားခဲ့သော်လည်း ထိုင်းနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် တံတားပေါ်မှ တင်သွင်းခွင့် ဥပဒေလည်းမရှိကြောင်း၊ သို့ဖြစ်၍ ဆီသိုလှောင်ကန်များဖြင့် တင်ပို့ရန်ဆုံးဖြတ်ခဲ့ပြီး ထိုင်းနိုင်ငံ၏ လောင်စာဆီတင်ပို့ရောင်းချမှုဥပဒေအရ နယ်စပ်၌ သိုလှောင်ကန်စနစ်ဖြင့် တင်ပို့လျှင် မည်သည့်နိုင်ငံသို့မဆို ရောင်းချပိုင်ခွင့်ရှိသည့်အတွက် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့သို့ နိုဝင်ဘာ ၁၆ ရက်မှစတင်၍ ထိုင်းစက်သုံးဆီ ဓာတ်ဆီ၊ ဒီဇယ်များအား ယခင်အတိုင်း တင်ပို့ရောင်းချတော့မည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၂* ●